# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် ‘ဒေါသ’ ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက် ...



၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ | ၂၀၂၆ ခုနှစ်၊ မတ် ၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၅၃)


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြသည့် တောင်သူလယ်သမားဦးကြီးများ၏ လိုအပ်ချက်များနှင့် သိပ္ပံနည်းကျစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)

ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများ ခင်ဗျာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ဖြစ်သော ၂၀၂၆ ခုနှစ်၊ မတ်လ (၂)ရက်နေ့ နေ့ထူးနေ့မြတ်အခါသမယတွင် နိုင်ငံတော်အတွင်းရှိ တောင်သူလယ်သမားကြီးများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ချစ်ခင်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့” ဟူသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် တောင်သူဦးကြီးများက အားစိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသလို အထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် “မျိုး၊ မြေ၊ ရေ၊ နည်း” ဆိုသော အဓိကလိုအပ်ချက်(၄)ချက်တို့ကို ပြည့်စုံကောင်းမွန်ရေး နိုင်ငံတော်ကလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

# စစ်ကိုင်းမြို့ ရှေးဟောင်းသမိုင်းဝင် ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ တည်ထားပူဇော်သော ရှေးဟောင်းသမိုင်းဝင် ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်အထွတ်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

### တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ *စာမျက်နှာ ၄ ကော်လံ ၁* ❏



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးတို့ သီတဂူဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။


**ယနေ့ ဖတ်စရာ**

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း — ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ — စာ ၅

လူသားဗဟိုပြုသော AI အနာဂတ်ကို ပုံဖော်ခြင်း- ၂၀၂၆ ခုနှစ် AI သက်ရောက်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေး — ဆောင်းပါး — စာ ၁၀


**၂၀၂၆ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။**

# တောင်သူလယ်သမားတို့လုပ်အားဖြင့် မြေကြီးမှ ရွှေသီးအောင် စွမ်းဆောင်

၅၁ သန်းကျော်ရှိသော နိုင်ငံသူ နိုင်ငံသားတို့ နေ့စဉ်စားသုံးနေကြရသည့် အဓိကအစားအစာဖြစ်သော ဆန်ကို စိုက်ပျိုးရေးကဏ္ဍမှ ထုတ်လုပ်ပေးနေခြင်းဖြစ်သည်။ မိမိတို့နိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) တွင်လည်း စိုက်ပျိုးရေးကဏ္ဍက ၂၃ ဒသမ ၇ ရာခိုင်နှုန်းအထိ ပါဝင်လျက်ရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြသူများမှာ နိုင်ငံ့လူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်ရှိသော ကျေးလက်နေ တောင်သူလယ်သမားများဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတွင် စားရေရိက္ခာဖူလုံရေးနှင့် နိုင်ငံ့စီးပွားတိုးတက်မြင့်မားရေးအတွက် တောင်သူလယ်သမားများ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးသည်။

နိုင်ငံကိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကဏ္ဍကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေပြီး ယင်းမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro– based Industries) ကို ဖွံ့ဖြိုးတိုးတက်စေကာ ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်သွားရန် နိုင်ငံတော်က ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် တောင်သူလယ်သမားများအပါအဝင် ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားရေးနှင့် တစ်ဆက်တစ်စပ်တည်းပင်ဖြစ်ပြီး အဓိကလိုအပ်ချက်မှာ သီးနှံများ အထွက်တိုးရန်ပင်ဖြစ်သည်။ သီးနှံများအထွက်တိုးရန်မှာ မျိုး၊ မြေ၊ ရေ၊ နည်းဟူသော နည်းလမ်း (၄) သွယ်တို့ ကောင်းမွန်ပြည့်စုံရမည်ဖြစ်ရာ ယင်းသို့ ပြည့်စုံနိုင်ရန်အတွက် လက်တွေ့ စိုက်ပျိုးထုတ်လုပ်သူကာယကံရှင် တောင်သူလယ်သမားများသာမက တာဝန်ရှိသည့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်။

သီးနှံအထွက်တိုးစေရန်မှာ မျိုးကောင်းမျိုးသန့်ကို မဖြစ်မနေ ရှာဖွေရွေးချယ် စိုက်ပျိုးကြရန်လိုသည်။ သီးနှံတစ်ခု၏ မျိုးကောင်းဆိုသည်မှာ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း၊ ပိုးမွှားနှင့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ကောင်းစသည့် အရည်အသွေးများနှင့် ပြည့်စုံသည့် မျိုးဖြစ်ပြီး မျိုးသန့်ဆိုသည်မှာ မျိုးတစ်မျိုးတွင် အခြားမျိုးကွဲများ၊ ပေါင်းမြက်စေ့များ၊ အဖျင်းအမှော်များ ရောနှောပါဝင်မှုကင်းသည့် မျိုးဖြစ်သည်။ ထို့အပြင် သီးနှံများ အထွက်တိုး၍ အောင်မြင်ရန်မှာ မြေဆီလွှာအရည်အသွေး ကောင်းမွန်ရန်လိုသည်။ သီးနှံစိုက်ရန် မြေပြုပြင်ရာတွင် မြေဆီလွှာ အခြေအနေကို စစ်ဆေးခြင်း၊ ယခင်သီးနှံ အကြွင်းအကျန်များနှင့် ပေါင်းမြက်များကိုရှင်း၍ မြေကြီးနက်နက်ထွန်ယက်ခြင်း၊ နွားချေး သို့မဟုတ် သဘာဝမြေသြဇာများ ထည့်ပေးခြင်း၊ မြေချဉ်ငံဓာတ်ညှိခြင်း၊ မြေကိုညက်အောင် ထွန်ယက်ခြင်း စသည်တို့ ဆောင်ရွက်ကြရမည်ဖြစ်သည်။

သီးနှံအထွက်တိုးတက်ရေးတွင် မဖြစ်မနေလိုအပ်သော စိုက်ပျိုးရေရရှိရေးအတွက် နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတစ်ဝန်းတွင် ရေလှောင်တမံ ၂၄၆ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ကန် ၇၂ ကန်၊ ရေတံခါး ၁၉၉ ခု၊ ရေတင်လုပ်ငန်း ၂၁၉ ခု စုစုပေါင်း ၈၈၀ ရှိနေပြီး စိုက်ပျိုးသီးနှံဧက ၃၁ သိန်းကျော်ကို အကျိုးပြုလျက်ရှိသည်။ ထို့အပြင် စိုက်ပျိုးရေခက်ခဲသည့်ဒေသများတွင် မြေအောက်ရေရရှိရေးအတွက် စက်ရေတွင်း ၂၅၇၆၉ တွင်းနှင့် မြေအောက်ရေလှောင်တမံများ တည်ဆောက်ပေးလျက်ရှိသည်။ အထွက်နှုန်း တိုးတက်ရေးအတွက် အရေးပါသည့် နောက်ဆုံးအချက်မှာ ခေတ်မီနည်းပညာဖြစ်သည်။ မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို အသုံးပြုစိုက်ပျိုးလျက်ရှိရာ သီးနှံထွက်နှုန်းအားဖြင့်လည်း မိမိတို့ထက် များစွာပိုမိုမြင့်မားသည်။ သို့ဖြစ်ရာ နည်းလမ်းမျိုးစုံဖြင့် အသိပညာပေးလျက်ရှိသည့် ခေတ်မီ စိုက်ပျိုးနည်းပညာများ၊ သုတေသနတွေ့ရှိချက်များ၊ သတင်းအချက်အလက်များ စသည်တို့ကို စနစ်တကျရယူလေ့လာအသုံးချကြရမည်ဖြစ်သည်။ လက်ကိုင်ဖုန်း အင်တာနက်မှတစ်ဆင့် နည်းပညာများကို လွယ်လင့်တကူ ရရှိနိုင်ကြသည့်ခေတ်တွင် အကျိုးရှိရှိ ဆောင်ရွက်နိုင်ကြရန်လိုသည်။

တောင်သူလယ်သမားတို့၏ဘဝ မြင့်မားတိုးတက်ရေးနှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့သည် စိုက်ပျိုးထုတ်ကုန်သီးနှံများ ပိုမိုထုတ်လုပ်နိုင်မှုအပေါ်တွင် မူတည်လျက်ရှိသည်။ လက်ရှိစိုက်ပျိုးနေသည့် သီးနှံများအလိုက် ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအား နှစ်ဆမှ သုံးဆအထိရရှိအောင် သီးနှံပုံစံချ၍ စိုက်ပျိုးခြင်း စသည်တို့ကို အားထုတ်ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် တောင်သူလယ်သမားတို့အကျိုးစီးပွား မြင့်မားသည့်ထပ်တူ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ မြေကြီးမှ ရွှေသီးစေရေး တောင်သူလယ်သမားတို့စွမ်းပကားကို ပြသကြရပါမည့်အကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ☆ တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြှင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

**၁ - ၃ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၉၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂ - ၃ - ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၁၅ | ၂၅၃၀ | ၂၄၉၅ | ၂၄၃၀ | ၂၅၃၅ | ၂၅၅၀ | ၂၅၇၀ | ၂၄၉၀ | ၄၅၀၅ | ၂၇၈၀ | ၂၅၀၅ | ၂၆၆၀ | ၂၅၇၅ | ၂၅၄၀ | ၂၅၆၅ | ၂၈၂၀ |
| 95 Ron | ၂၄၈၀ | ၂၅၉၀ | ၂၅၆၀ | ၂၄၉၅ | ၂၆၀၀ | ၂၆၁၅ | ၂၆၃၀ | ၂၅၅၀ | ၄၅၆၀ | ၂၈၄၅ | ၂၅၆၅ | ၂၇၃၀ | ၂၆၄၀ | ၂၆၀၅ | ၂၆၂၅ | ၂၈၈၀ |
| HSD (500 ppm) | ၂၅၆၅ | ၂၆၀၀ | ၂၆၄၅ | ၂၅၀၀ | ၂၆၈၅ | ၂၇၀၀ | ၂၇၂၀ | ၂၆၃၅ | - | ၂၉၃၀ | ၂၆၅၅ | ၃၀၃၅ | ၂၇၂၅ | ၂၆၉၀ | ၂၇၃၀ | ၂၉၇၀ |
| HSD (50 ppm) | ၂၈၄၅ | ၂၉၆၀ | ၂၉၂၅ | ၂၈၆၀ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၀ | ၂၉၁၅ | ၄၈၃၀ | ၃၂၁၀ | ၂၉၃၅ | ၃၀၇၅ | ၃၀၀၅ | ၂၉၇၀ | ၂၉၉၅ | ၃၂၅၀ |
| HSD (10 ppm) | ၂၈၄၅ | ၂၉၆၀ | ၂၉၂၅ | ၂၈၆၀ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၀ | ၂၉၁၅ | - | ၃၂၁၀ | ၂၉၃၅ | ၃၀၇၅ | ၃၀၀၅ | ၂၉၇၀ | ၂၉၉၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၆၃ | ၂၃၄၂ |
| 95 Ron | ၂၃၂၃ | ၂၄၀၃ |
| HSD (500 ppm) | ၂၄၀၈ | ၂၄၈၆ |
| HSD (50 ppm) | ၂၆၇၉ | ၂၇၆၂ |
| HSD (10 ppm) | ၂၆၇၉ | ၂၇၆၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇– ၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
ဒုတိယစာတည်းမှူးချုပ် - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

**“မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ယခင်က ရိုးရာနည်းစနစ်များအပေါ်တွင်သာ အဓိကအခြေခံခဲ့သော်လည်း ယခုအခါ Artificial Intelligence (AI) နှင့် Digital Technology များကြောင့် အနာဂတ်တွင် ခေတ်မီစိုက်ပျိုးရေးစနစ် (Smart Farming) သို့ အသွင်ကူးပြောင်းဆောင်ရွက်ရမည်ဖြစ်၊ တောင်သူဦးကြီးများအနေဖြင့် မျိုးစေ့ချချိန်မှ ရိတ်သိမ်းချိန်အထိ လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် AI အခြေပြု Application များကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာနိုင်ပါက စမတ်ဖုန်းဖြင့် သီးနှံအရွက်ကို ဓာတ်ပုံရိုက်ရုံမျှဖြင့် ကျရောက်နေသော ပိုးမွှားရောဂါများကို စက္ကန့်ပိုင်းအတွင်း တိကျစွာဖော်ထုတ်၍ ထိန်းချုပ်နိုင်ခြင်း၊ ဒေသအလိုက် မိုးလေဝသခန့်မှန်းချက်များအပေါ်အခြေခံ၍ ရေသွင်းခြင်းနှင့် ဆေးဖျန်းခြင်းလုပ်ငန်းများကို စနစ်တကျစီမံနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်”**

❖ *ရှေ့ဖုံးမှ*

တောင်သူလယ်သမားကြီးများသည် စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကိုပါ ပူးတွဲလုပ်ဆောင်ကြပြီး နိုင်ငံအတွက် စားရေရိက္ခာ ထုတ်လုပ်ပေးနေသူများဖြစ်ကြပါသည်။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့ကို ဦးဆောင်ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိပါသည်။ ထို့ပြင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်တွင်လည်း **“နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး”** ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းချမှတ်၍ အောင်မြင်အောင် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**တောင်သူလယ်သမားကြီးများ ခင်ဗျာ**

တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေး၊ ပြည်တွင်း၌ စားရေရိက္ခာဖူလုံပိုလျှံရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားစေရေးတို့အတွက် သီးထပ်စွမ်းအား မြှင့်တင်နိုင်ရေးကိုလည်း နိုင်ငံတော်က အလေးထားကြိုးပမ်းလျက်ရှိပါသည်။ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများအတွက် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ အလွယ်တကူ လက်လှမ်းမီ စိုက်ပျိုးနိုင်စေရေး၊ မျိုးစေ့ထုတ်တောင်သူအစုအဖွဲ့များ၊ မျိုးစေ့ထုတ် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ဒေသအသီးသီးရှိ သီးနှံမျိုးများအလိုက် လိုအပ်သောမျိုးစေ့များကို ရရှိနိုင်စေရန် ဌာနဆိုင်ရာမျိုးစေ့ထုတ်ခြံများမှ မျိုးစေ့ထုတ်လုပ်ငန်းနှင့် မျိုးသန့်မျိုးစေ့ပွားများလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ မျိုးစေ့ထုတ်အထူးဇုန်များ ဖော်ထုတ်ဆောင်ရွက်ပေးခြင်းတို့အပြင် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များနှင့် အထွက်တိုးရေးဆိုင်ရာ သုတေသနများ လေ့လာနိုင်ရန် မျိုးစေ့ပြပွဲများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓာတ်မြေသြဇာနှင့်သဘာဝမြေသြဇာများကိုတွဲဖက်၍ အချိန်ကိုက်အချိုးကျသုံးစွဲစေခြင်း၊ သစ်စိမ်းမြေသြဇာအတွက် ပိုက်ဆံလျှော်နှင့် ပဲမျိုးရင်းဝင်အပင်များကို စိုက်ပျိုး၍ ထယ်ထိုးမြေမြှုပ်ခြင်း၊ မြေဆွေးပုံပြုလုပ်သုံးစွဲခြင်းများကို ပညာပေးဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အနေဖြင့် ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဓာတ်မြေသြဇာများ စိုက်ပျိုးရာသီအမီ ရရှိရေး၊ ဈေးနှုန်းသက်သာစေရေး၊ အရည်အသွေးမှန်ကန်စေရေး တို့ကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

အလားတူ တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် သီးထပ်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သီးနှံများ ရေကြီးနစ်မြှုပ်မှုကြောင့် ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများအပြင် သောက်သုံးရေရရှိရေးလုပ်ငန်းများကိုပါ နည်းလမ်းမျိုးစုံဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ အနာဂတ်ရေရှားပါးလာနိုင်မှု အခက်အခဲအားဖြေရှင်းနိုင်ရန် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ကန်၊ ရေတံခါးများနှင့် ရေသောက်စနစ်များကို တည်ဆောက်ပေးလျက်ရှိပါသည်။ ရာဂီမုန်တိုင်းတိုက်ခတ်ခြင်းနှင့် မန္တလေးငလျင်ကြီး စသည့် သဘာဝဘေးဒဏ်များကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆည်၊ တမံ၊ ရေသောက်စနစ်များ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို တောင်သူဦးကြီးများ၏ လိုအပ်ချက်နှင့်အညီ ဦးစားပေးပြုပြင်မှုများ လုပ်ဆောင်ပေးခဲ့ပါသည်။

ဆည်ရေသောက်ဧရိယာပြင်ပရှိ စိုက်ပျိုးရေခက်ခဲသည့် ဒေသများတွင် မြေအောက်ရေကို စက်ရေတွင်းများတူးဖော်ခြင်း၊ ချောင်းပိတ်မြောင်းပိတ်စနစ်ဖြင့် ရေပေးဝေခြင်း စသည့် ရေရရှိရေးနည်းလမ်းမျိုးစုံဖြင့် ရေသွင်းစိုက်ဧရိယာစိုက်ပျိုးဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ယခင်တူးဖော်ပြီး စက်ရေတွင်းများတွင် ဆိုလာစနစ် ပြောင်းလဲတပ်ဆင်ခြင်း၊ မြစ်၊ ချောင်း၊ ကန်၊ မြောင်းများမှ ဆိုလာစနစ်ဖြင့် ရေတင်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသများတွင် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နည်းပညာပေးဆောင်ရွက်မှုအနေဖြင့် မျိုးကောင်းမျိုးသန့်များ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာများ၊ ရေလိုအပ်ချက်နည်းသော သီးနှံများ ရွေးချယ်စိုက်ပျိုးခြင်းဆိုင်ရာ နည်းပညာများ၊ ရေငတ်ဒဏ်၊ မိုးခေါင်ဒဏ်၊ ဆားငန်ဒဏ်ခံနိုင်ရည်ရှိသော မျိုးများ ရွေးချယ်စိုက်ပျိုးခြင်းဆိုင်ရာ နည်းပညာများ၊ ရေအလေအလွင့် နည်းပါးစေသည့် စနစ်တကျ ရေသွင်းနည်းစနစ်ဆိုင်ရာ နည်းပညာများ၊ မြေဆီလွှာ၊ မျိုးစေ့၊ ပိုးမွှားရောဂါ (မြေ၊ မျိုး၊ ပိုး) ဆိုင်ရာ နည်းပညာတို့ကို ပညာပေးခြင်းအား ဆောင်ရွက်ပေးလျက်ရှိပါသည်။

သီးနှံစိုက်ပျိုးနည်းစနစ်များနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းရရှိစေရန် မြေပြုပြင်ချိန်မှသည် ရိတ်သိမ်းချိန်အထိ လိုက်နာရမည့် လုပ်ငန်းစဉ်များ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများနှင့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများအား ပညာပေးခြင်း၊ နည်းပညာပေး ဆွေးနွေးပွဲများ၊ စံပြကွက်များ၊ ကွင်းသရုပ်ပြပွဲများ ပြုလုပ်နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးမှ တာဝန်ရှိသူများအနေဖြင့် တောင်သူများနှင့်တွေ့ဆုံ၍ နည်းပညာပေးလုပ်ငန်းများ ဆွေးနွေးခြင်း၊ ကြုံတွေ့ရသည့် အခက်အခဲများအား ကူညီဖြေရှင်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**တောင်သူလယ်သမားကြီးများ ခင်ဗျာ**

မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ယခင်က ရိုးရာနည်းစနစ်များအပေါ်တွင်သာ အဓိကအခြေခံခဲ့သော်လည်း ယခုအခါ Artificial Intelligence (AI)နှင့် Digital Technology များကြောင့် အနာဂတ်တွင် ခေတ်မီစိုက်ပျိုးရေးစနစ် (Smart Farming)သို့ အသွင်ကူးပြောင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ တောင်သူဦးကြီးများအနေဖြင့် မျိုးစေ့ချချိန်မှ ရိတ်သိမ်းချိန်အထိ လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် AI အခြေပြု Application များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်ပါက စမတ်ဖုန်းဖြင့် သီးနှံအရွက်ကို ဓာတ်ပုံရိုက်ရုံမျှဖြင့် ကျရောက်နေသော ပိုးမွှားရောဂါများကို စက္ကန့်ပိုင်းအတွင်း တိကျစွာဖော်ထုတ်၍ ထိန်းချုပ်နိုင်ခြင်း၊ ဒေသအလိုက် မိုးလေဝသခန့်မှန်းချက်များအပေါ်အခြေခံ၍ ရေသွင်းခြင်းနှင့် ဆေးဖျန်းခြင်းလုပ်ငန်းများကို စနစ်တကျစီမံနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် တောင်သူများအကြား ဒစ်ဂျစ်တယ်အသိပညာ (Digital Literacy) မြင့်မားလာခြင်းနှင့်အတူ ပညာရှင်များနှင့် တိုက်ရိုက်ထိတွေ့ဆွေးနွေးနိုင်ခြင်း၊ ရေဒီယိုနှင့် တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်းတို့မှတစ်ဆင့် ဝန်ဆောင်မှုများပေးနိုင်ခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များရှိ QR Code များမှတစ်ဆင့် အလွယ်တကူ ကြည့်ရှုနိုင်ခြင်းတို့ကြောင့် အသိပညာပြန့်ပွားမှု ထိရောက်မြန်ဆန်လာမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ AI နည်းပညာနှင့် ဒစ်ဂျစ်တယ်အသိပညာများ တိုးတက်မြင့်မားသုံးစွဲနိုင်ရန် နိုင်ငံတော်မှလည်း ကြိုးပမ်းအားထုတ်ပေးနေပါသည်။

ပြည်ပမှ စားအုန်းဆီတင်သွင်းမှု လျှော့ချရေးနှင့် ပြည်သူများအတွက် ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီများ ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေး ရည်မှန်းချက်ဖြင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများကို လက်ရှိစိုက်ပျိုးထုတ်လုပ်မှုထက် အရည်အသွေးနှင့် အထွက်နှုန်းပါ ပိုမိုကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်ပေးကြပါရန် အလေးထားတိုက်တွန်းမှာကြားလိုပါသည်။

လူတစ်ဦး တစ်နှစ်လိုအပ်သည့် ဝတ်ရေးဖူလုံစေရန်၊ ပိုလျှံသည်များ ပြည်ပသို့တင်ပို့ရောင်းချရန်နှင့် သွင်းကုန်အစားထိုးရန် ရည်မှန်း၍ အရည်အသွေးအဆင့်အတန်းမီ ချည်မျှင်ရှည်ဝါများ စိုက်ပျိုးထုတ်လုပ်ကြရန်လိုအပ်ပါသည်။ ၂၀၂၄-၂၀၂၅ ခုနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်ထိ ၄ နှစ်တာကာလအတွင်း စိုက်ဧရိယာဧက ၆ သိန်းထိ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်ဧကပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ရရှိရေးနှင့် အရည်အသွေးကောင်း ဝါနှင့်ဝါဂွမ်းများ ထုတ်လုပ်နိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ ဝါစိုက်တောင်သူဦးကြီးများအနေဖြင့်လည်း တက်ကြွစွာပါဝင်ကြိုးစားကြရန် တိုက်တွန်းလိုပါသည်။ နိုင်ငံတော်မှလည်း အရည်အသွေးမြင့် ဝါမျိုးကောင်းမျိုးသစ်များ ထုတ်လုပ်နိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထွက်ရှိလာသော ဝါနှင့် ဝါဂွမ်းများကို စက်မှုဝန်ကြီးဌာနလက်အောက်ရှိ ဝါကြိတ်စက်များ၊ ချည်မျှင်စက်ရုံများ၏ ပြည်တွင်းကုန်ကြမ်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဟန်ချက်ညီ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး စီမံပေးထားပြီးဖြစ်ပါသည်။

ဟင်းသီးဟင်းရွက်သီးနှံများတွင် အရည်အသွေးထိန်းသိမ်းခြင်း၊ ရိတ်သိမ်းချိန်လွန် ခေတ်မီနည်းပညာများအား စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပုဂ္ဂလိကလုပ်ငန်းရှင်များထံသို့ Virtual နည်းဖြင့်လည်းကောင်း၊ In person နည်းဖြင့်လည်းကောင်း နည်းပညာဖြန့်ဝေပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ အလားတူ နှစ်ရှည်သီးနှံများဖြစ်သည့် ကော်ဖီ၊ ရော်ဘာ၊ ကြံ၊ ဝါး စသည့် သီးနှံများဖြင့် Agro-based Industry တည်ထောင်နိုင်ရေးအတွက် စက်မှုကုန်ကြမ်းထုတ်လုပ်မှုတိုးတက်ရေးကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**တောင်သူလယ်သမားကြီးများ ခင်ဗျာ**

နိုင်ငံတော်၏ လယ်ယာ၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းပေးရန် အလယ်အလတ်အဆင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ ၁၅ ကျောင်းနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်း ၈၉ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

နိုင်ငံတော်သည် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများ သင့်တင့်မျှတသော ဈေးကွက်နှင့် ဈေးနှုန်းရရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် မိုးစပါးနှင့် ၂၀၂၆ ခုနှစ် နွေစပါးတို့တွင် အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း (၄၆)ပေါင်ကိုက် စပါးတင်း (၁၀၀) ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို (၁,၁၅၀,၀၀၀)ကျပ် သတ်မှတ်ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ပါသည်။

**“နိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည် ”** ဆိုသည့် မူဝါဒနှင့်အညီ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်စေရန် ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထူထောင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေ ရရှိရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုလယ်ယာကဏ္ဍတို့ ဖွံ့ဖြိုးရေးအတွက်လည်း ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် အရည်အသွေးကောင်းမွန်သော ဆန်များ ပြည်ပသို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးမြှင့်ရရှိစေရန်နှင့် စပါးစိုက်တောင်သူဦးကြီးများအတွက်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

အခွင့်အလမ်းကောင်းများရရှိစေရန်ရည်ရွယ်၍ Rice Export Zone (REZ) များ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

**တောင်သူလယ်သမားကြီးများ ခင်ဗျာ**

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် လုပ်သားရှားပါးမှုကြောင့် မြေပြုပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ အပင်ပြုစုပျိုးထောင်ခြင်း၊ ရိတ်သိမ်း ခြွေလှေ့ခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်း စသည့် အဆင့်တိုင်းတွင် စက်မှုလယ်ယာစနစ်ကို ကျင့်သုံးနိုင်ရေးနှင့် မိရိုးဖလာလက်မှုလယ်ယာစနစ်မှ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး စိုက်ပျိုးထုတ်လုပ်နိုင်ရေး စက်မှုလယ်ယာ စနစ်ကျလယ်မြေကေကွက်များ ဖော်ထုတ်ပေးခြင်းကိုလည်း အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ တစ်ဖက်မှလည်း လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုလာစေရန်နှင့် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်မောင်းနှင် ထိန်းသိမ်းနိုင်ရန်အတွက် လယ်ယာသုံးစက်ကိရိယာမောင်းနှင်၊ ပြင်ဆင်ထိန်းသိမ်းမှုသင်တန်းများကို စက်မှုလယ်ယာ သင်တန်းကျောင်းများ၊ စက်ပြင်အလုပ်ရုံများနှင့် စက်မှုလယ်ယာစခန်းများတွင် စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိပါသည်။

မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်ဖြန့်ဖြူးခြင်း၊ သဘာဝဘေးဒဏ်သင့်ဒေသများသို့ တိရစ္ဆာန်အစာနှင့် ဆေးဝါးများထောက်ပံ့ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ မျိုးမြှင့်၊ မျိုးပွား၊ မျိုးထိန်းသိမ်းပေးခြင်းအနေဖြင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိ၍ ထုတ်လုပ်မှုနှုန်းထားကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြန့်ပွားစေခြင်း၊ မွေးမြူရေး တောင်သူများအနေဖြင့် ဈေးကွက်နှင့် ကိုက်ညီသောမျိုးများ မွေးမြူထုတ်လုပ်နိုင်ရေး မေထုန်မဲ့သားစပ်လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ မျိုးထိန်း၊ မျိုးပွား၊ သုတေသနခြံများတည်ထောင်ပြီး တောင်သူများအား မျိုးဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မွေးမြူရေးနှင့်ပတ်သက်၍ ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practices–GAHP) နှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရေး ပညာပေးခြင်း၊ တိရစ္ဆာန်အမျိုးအစားအလိုက် မွေးမြူထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ သင်တန်းများ၊ ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာသင်တန်းများ၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးရေးသင်တန်းများပို့ချပေးခြင်း၊ တောင်သူများနှင့် မွေးမြူရေးလုပ်ငန်းရှင်များအား အသိပညာပေးဟောပြောခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် တိရစ္ဆာန်အစာထုတ်လုပ်ရန်အတွက် ပြည်တွင်း၌ အလွယ်တကူရနိုင်သည့်ကုန်ကြမ်းများအား ပြည်တွင်းရှိ အစာစပ်စက်ရုံများမှ သိပ္ပံနည်းကျ ခေတ်မီစက်ကိရိယာများဖြင့် တိရစ္ဆာန်အစာနှ၊ အစာတောင့်များထုတ်လုပ်ပြီး ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးရောင်းချနိုင်ရေး အလေးထား ဆောင်ရွက်ပေးလျက်ရှိပါသည်။

**တောင်သူလယ်သမားဦးကြီးများ ခင်ဗျာ**

ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖမ်းဆီး၊ မွေးမြူ၊ ပြုပြင်ထုတ်လုပ်သူများနှင့် ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးစေရန် နည်းပညာများ ပံ့ပိုးပေးခြင်း၊ အလုပ်အကိုင်၊ အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအတွက် ကျေးလက်ဒေသ ငါးကဏ္ဍဖွံ့ဖြိုးရေးကို မြစိမ်းရောင်ကျေးရွာ(ငါးကဏ္ဍ) စီမံကိန်းအစီအစဉ်ဖြင့် အရင်းမပျောက် မတည်ရင်းနှီးငွေ ထောက်ပံ့ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် ဒေသ၊ ရာသီဥတု၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီဖြစ်ထွန်းသည့် ငါးမျိုးများဖြန့်ဖြူးခြင်း၊ သဘာဝမြစ်ချောင်းများ၊ ဆည်တမံများတွင် ငါးမျိုး မသုန်းစေရန်နှင့် ငါးထွက်နှုန်း တိုးတက်စေရန်အတွက် မျိုးကောင်းမျိုးသန့် ငါးမျိုးများ ငါးသားပေါက်များကို စဉ်ဆက်မပြတ်ထုတ်လုပ်၍ မျိုးစိုက်ထည့်ခြင်းနှင့် ဖြန့်ဖြူးပေးခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ငါးမွေးမြူနည်းပညာများအား ငါးမွေးတောင်သူများကို လက်တွေ့သင်ကြားပြန့်ပွားပေးခြင်း စသည်တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် အခြေခံကျကျအကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြသည့် တောင်သူလယ်သမားဦးကြီးများ၏ လိုအပ်ချက်များနှင့် သိပ္ပံနည်းကျ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အနေဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုး ကူညီသွားမည်ဖြစ်ပါသည်။ တောင်သူလယ်သမားဦးကြီးများကလည်း စိုက်ပျိုးမွေးမြူထုတ်လုပ်သည့်လုပ်ငန်းများကို စိုက်ပျိုးမွေးမြူရေး အခြေခံစက်မှုလုပ်ငန်းများ ပိုမိုအောင်မြင်တိုးတက်ရေး အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း တိုက်တွန်းမှာကြားလျက် သဝဏ်လွှာ ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**ယာယီသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်**

❑ *ရွှေဖုံးမှ*

စေတနာရှင်အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်က အောင်မြေဗောဓိမဏ္ဍာရုံတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး သစ်သီးပန်းမန်၊ ဆီမီးနှင့် သောက်တော်ရေချမ်းတို့ကို ကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက သီတဂူဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ယင်းနောက် သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွား ချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကိုယူဆောင်၍ စေတီတော်ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့်ချည်နှောင်တားဆီးကာရံကြသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာစိန်ဖူးတော်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူတော်ငွေများကို သီတဂူဆရာတော်ဘုရားကြီးထံ သာဟတ္ထိကဒါနမြောက် ဆက်ကပ်လှူဒါန်းပူဇော်သည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူးနှင့် ဇနီးတို့က ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို သီတဂူဆရာတော်ဘုရားကြီးနှင့် သံဃာတော်များထံ သာဟတ္ထိကဒါနမြောက် ဆက်ကပ်လှူဒါန်းပူဇော်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တက်ရောက်လာကြသည့် အကြီးအကဲများနှင့် ဧည့်ပရိသတ်များက ရတနာငှက်မြတ်နားတော်ရှိ ရတနာရွှေကြုတ်တော်အတွင်းသို့ ရတနာရွှေငွေ ကျောက်သံပတ္တမြားများကို ကြည်ညိုသဒ္ဓါပွားများစွာ ထည့်သွင်း လှူဒါန်းပူဇော်ကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် ဧည့်ပရိသတ်များသည် သီတဂူဆရာတော်ဘုရားကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်အား မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြစဉ်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူးနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ မဟာမင်္ဂလာမဏ္ဍာပ်တော်ရှေ့ရှိ ခေတ္တအပူဇော်ခံနေရာသို့ ပို့ဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူးနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ငှက်မြတ်နားတော်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာဆင်ယင်ကြသည်။

ယင်းနောက် သီတဂူဥပါသကာများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်သို့ ပင့်ဆောင်ကြပြီး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်၊ ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။

ဆက်လက်၍ ရှေးဟောင်းသမိုင်းဝင် ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ အခမ်းအနားအား ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့ပြီး အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

အခမ်းအနား အပြီးတွင် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ကြွရောက်ချီးမြှင့်တော်မူကြသည့် သီတဂူဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မတ် ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၄၃ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ယာယီသမ္မတက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စွမ်းစွမ်းတမံဆောင်ရွက်ကြသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

## ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ

### သရေစည်သူဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်လင်းဒွေး | အမှုဆောင်ချုပ် | အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး |
| ၂။ | ဗိုလ်ချုပ်ကြီး ရဲဝင်းဦး | တွဲဖက်အမှုဆောင်ချုပ် | အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး |
| ၃။ | ဦးတင်အောင်စန်း | ပြည်ထောင်စုဝန်ကြီး | နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) |
| ၄။ | ဦးမြထွန်းဦး | ပြည်ထောင်စုဝန်ကြီး | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၅။ | ဗိုလ်ချုပ်ကြီးမောင်မောင်အေး | ပြည်ထောင်စုဝန်ကြီး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် | ပြည်ထောင်စုဝန်ကြီး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၇။ | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် | ပြည်ထောင်စုဝန်ကြီး | နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန |
| ၈။ | ဦးမောင်မောင်အုန်း | ပြည်ထောင်စုဝန်ကြီး | ပြန်ကြားရေးဝန်ကြီးဌာန |
| ၉။ | ဦးမင်းနောင် | ပြည်ထောင်စုဝန်ကြီး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၁၀။ | Jeng Phang နော်တောင် | ပြည်ထောင်စုဝန်ကြီး | အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန |
| ၁၁။ | ဦးမျိုးသန့် | ပြည်ထောင်စုဝန်ကြီး | ဆောက်လုပ်ရေးဝန်ကြီးဌာန |

### စည်သူဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးသန်းစိုး | ဥက္ကဋ္ဌ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၂။ | ဦးကိုကိုလှိုင် | ပြည်ထောင်စုဝန်ကြီး | နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) |
| ၃။ | ဒေါက်တာသီတာဦး | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် | ဥပဒေရေးရာဝန်ကြီးဌာန |
| ၄။ | ဦးတင်ဦးလွင် | ပြည်ထောင်စုဝန်ကြီး | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၅။ | ဦးလှမိုး | ပြည်ထောင်စုဝန်ကြီး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| ၆။ | ဦးခင်မောင်ရီ | ပြည်ထောင်စုဝန်ကြီး | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ၇။ | ဒေါက်တာချာလီသန်း | ပြည်ထောင်စုဝန်ကြီး | စက်မှုဝန်ကြီးဌာန |
| ၈။ | ဦးမြင့်ကြိုင် | ပြည်ထောင်စုဝန်ကြီး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၉။ | ဒေါက်တာမျိုးသိန်းကျော် | ပြည်ထောင်စုဝန်ကြီး | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| ၁၀။ | ဒေါက်တာသက်ခိုင်ဝင်း | ပြည်ထောင်စုဝန်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |

## စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ

### သီရိပျံချီဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်ကျော်ဟိုး | ပြည်ထောင်စုဝန်ကြီး | အလုပ်သမားဝန်ကြီးဌာန |
| ၂။ | ဦးချစ်ဆွေ | ပြည်ထောင်စုဝန်ကြီး | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| ၃။ | ဦးအောင်မိုးမြင့် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၄။ | ဦးအောင်လွင်ဦး | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅။ | ဦးအောင်စောဝင်း | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၆။ | ဦးမြင့်ဦး | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇။ | ဦးခင်မောင်ဦး | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈။ | ဦးမြင့်သိန်း | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉။ | ဦးကိုကိုလွင် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀။ | ဦးသန်းအောင်ကျော် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁။ | ဦးခင်ဇော် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၂။ | ဦးမျိုးလှိုင် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၃။ | ဦးသန်းထွတ်သိန်း | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၄။ | ဦးတင်ဆွေဝင်း | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၅။ | ဦးအောင်မြင့်လွင် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၆။ | ဦးခင်မောင်ကြီး | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၇။ | ဦးမျိုးမောင် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၈။ | ဦးကြည်သိန်း | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၉။ | ဒေါ်ခင်သင်းဝေ | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၂၀။ | ဦးခင်မောင်ကျော် | အဖွဲ့ဝင် | မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ |

### ဇေယျကျော်ထင်ဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်ချုပ်ကြီး | ကျော်ကိုထိုက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်ချုပ် | ကြည်သိုက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်ချုပ် | ကျော်လင်းမောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်ချုပ် | ကျော်စွာဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်ချုပ် | ကျော်ကျော်ထူး | ကာကွယ်ရေးဝန်ကြီးဌာန |

### ဝဏ္ဏကျော်ထင်ဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဒေါ်ပြုံးပြုံးအေး | တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၂။ | ဒေါက်တာကိုကိုနိုင် | တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၃။ | ဒေါ်စိုးခက်ခက် | တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၄။ | ဒေါ်သင်းသင်းချို | တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၅။ | ဦးကျော်ထင် | ဒုတိယဝန်ကြီး | နိုင်ငံတော်ဝန်ကြီးချုပ်ရုံးနှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန |
| ၆။ | ဒေါက်တာတင်ထွဋ် | ဒုတိယဝန်ကြီး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၇။ | ဦးဗိုလ်ဗိုလ်ကျော် | ဒုတိယဝန်ကြီး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၈။ | ဦးမင်းမင်း | ဒုတိယဝန်ကြီး | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| ၉။ | ဦးမျိုးမြင့် | ဒုတိယဝန်ကြီး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဦးမြင့်စိုး | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၁၁။ | ဦးမြင့်ဦး | အမြဲတမ်းအတွင်းဝန် | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၁၂။ | ဦးအောင်ကျော်ဇံ | သံအမတ်ကြီး | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါ်မွေးမွေးခိုင် | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၄။ | ဦးညွှန့်ဟန် | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၁၅။ | ဒေါ်နုနုခင် | ပါမောက္ခ/ ဌာနမှူး (သဘင်)(ငြိမ်း) | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၁၆။ | ကောလိပ်မြိုင် | | အငြိမ့်မင်းသမီးကြီး |

### အလင်္ကာကျော်စွာဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးသန်းမြတ်စိုး | | အဆိုပညာရှင် |
| ၂။ | ဦးကေတုဝင်းထွဋ် | | အဆိုပညာရှင် |
| ၃။ | ခန့်စည်သူ | | သရုပ်ဆောင် |

### သိပ္ပကျော်စွာဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာကေသီလွင် | ပါမောက္ခချုပ် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၂။ | ဦးကျော်ကောင်းချို | ညွှန်ကြားရေးမှူးချုပ် | ဆောက်လုပ်ရေးဝန်ကြီးဌာန |

## တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်

### သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီး အေးမျိုးထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူး အံ့ကျော် | | ကာကွယ်ရေးဝန်ကြီးဌာန |

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်များ

### ရဲဗလတံဆိပ်

| | | | |
|---|---|---|---|
| ၁။ | ဦးနေထွန်းသန်း | လက်ထောက် ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂။ | ဦးဇော်မင်းနိုင် | လက်ထောက် ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၃။ | ဦးကျော်မြတ်သူ | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၄။ | ဦးဝင်းမြတ်ထူး | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅။ | ဦးသန့်ဇင်အောင် | ယာဉ်မောင်း-၅ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆။ | ဦးမောင်စန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၇။ | ဦးဝင်းကို(ခ)ညီညီ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၈။ | ဦးသန်းလွင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉။ | ဦးဝင်းဗိုလ် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀။ | ဦးကျော်စွာဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၁။ | ဦးသိန်းလင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၂။ | ဦးငြိမ်းချမ်းအောင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၃။ | ဦးအောင်မင်းခိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၄။ | ဦးအေးကိုကိုဟန် | | စစ်ကိုင်းတိုင်းဒေသကြီး |

စာမျက်နှာ ၆ သို့

*စာမျက်နှာ ၅ မှ*

| | | |
|---|---|---|
| ၁၅။ | ဦးဖိုးချို | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၆။ | ဦးစိန်ယွန်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၇။ | ဦးဝင်းငြိမ်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၈။ | ဦးအောင်စိုး | တနင်္သာရီတိုင်းဒေသကြီး |
| ၁၉။ | ဦးနိုင်ဇော်မြင့်ဦး | ပဲခူးတိုင်းဒေသကြီး |
| ၂၀။ | ဦးစိန်ဝင်းမြင့် | ပဲခူးတိုင်းဒေသကြီး |
| ၂၁။ | ဦးစိုးလေး | ပဲခူးတိုင်းဒေသကြီး |
| ၂၂။ | ဦးသိန်းနိုင် | ပဲခူးတိုင်းဒေသကြီး |
| ၂၃။ | ဦးဇာနည်ဝင်း | ပဲခူးတိုင်းဒေသကြီး |
| ၂၄။ | ဦးခင်မော် | မကွေးတိုင်းဒေသကြီး |
| ၂၅။ | ဦးဟန်ဇော်ထွန်း | မကွေးတိုင်းဒေသကြီး |
| ၂၆။ | ဦးလင်းထင် | မကွေးတိုင်းဒေသကြီး |
| ၂၇။ | ဦးသီဟဇော် | မကွေးတိုင်းဒေသကြီး |

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်များ

### ရဲသူရိန်တံဆိပ်

| | | |
|---|---|---|
| ၁။ | ဒုတိယရဲမှူးကြီး ဝင်းနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ဒုတိယရဲမှူးကြီး ရဲဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

### ရဲကျော်စွာတံဆိပ်

| | | |
|---|---|---|
| ၁။ | ရဲမှူး ခင်ဇော်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ရဲမှူး ဇော်ဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ | ရဲမှူး စိုးလွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

### ရဲကျော်သူတံဆိပ်

| | | |
|---|---|---|
| ၁။ | ဒုတိယရဲမှူး လှမြင့်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

## စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ

### စီမံထူးချွန်တံဆိပ် (ပထမဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်သွင်ဦး | အမြဲတမ်းအတွင်းဝန် | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| ၂။ | ဦးဝဏ္ဏဇော် | အမြဲတမ်းအတွင်းဝန် | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၃။ | ဦးအောင်သူရ | ညွှန်ကြားရေးမှူးချုပ် | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၄။ | ဒေါက်တာ တင်တင်လေး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ | ပါမောက္ခဒေါက်တာ တင့်ဆွေလတ် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ | ဒေါက်တာအောင်မွန် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၇။ | ပါမောက္ခဒေါက်တာ သိန်းဆွေ | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၈။ | ဦးဝင်းမြင့် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၉။ | ပါမောက္ခဒေါက်တာ စန်းစန်းမြင့်အောင် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း |

### စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်ကျော်မိုး | ညွှန်ကြားရေးမှူးချုပ် | နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄) |
| ၂။ | ဦးဇော်ဖြိုးဝင်း | ညွှန်ကြားရေးမှူးချုပ် | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၃။ | ဦးသိန်းတိုး | ညွှန်ကြားရေးမှူးချုပ် | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၄။ | ဦးစိုးထွန်းနိုင် | ညွှန်ကြားရေးမှူးချုပ် | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၅။ | ဒေါ်ခိုင်ရွှေဝါ | ညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၆။ | ပါမောက္ခ ဒေါက်တာ မျိုးသွယ် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၇။ | ပါမောက္ခ ဒေါက်တာ ဘမြင့် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၈။ | ပါမောက္ခ ဒေါက်တာ ခင်မောင်မြင့် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၉။ | ပါမောက္ခ ဒေါက်တာ ရဲလှိုင် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀။ | ပါမောက္ခ ဒေါက်တာ ထင်ဇော်စိုး | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁။ | ဦးတင့်လွင် | အထွေထွေမန်နေဂျာ(ငြိမ်း) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဦးကျော်သီဟ | အင်ဂျင်နီယာချုပ်(ငြိမ်း) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဦးတင်မောင်ထွေး | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) | ဆောက်လုပ်ရေးဝန်ကြီးဌာန |

### စီမံထူးချွန်တံဆိပ် (တတိယဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဒေါ်နွယ်နီထွန်း | ညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၂။ | ပါမောက္ခဒေါက်တာ သန်းချို | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၃။ | ပါမောက္ခ ဒေါက်တာ သန်းနုရွှေ | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၄။ | ပါမောက္ခ ဒေါက်တာ ငွေးဆောင် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ | ပါမောက္ခ ဒေါက်တာ ခင်မေအုန်း | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ | ပါမောက္ခ ဒေါက်တာ စိုးနေဝင် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၇။ | ပါမောက္ခ ဒေါက်တာ မြင့်နိုင် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၈။ | ပါမောက္ခ ဒေါက်တာ မြမြသန်း | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၉။ | ဦးသက်ခိုင်ဦး | လေယာဉ်မှူး | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဦးခင်ရွှေ | ဒုတိယညွှန်ကြားရေးမှူးချုပ် | စက်မှုဝန်ကြီးဌာန |
| ၁၁။ | ဒေါ်လှလှသီ | အထွေထွေမန်နေဂျာ | စက်မှုဝန်ကြီးဌာန |
| ၁၂။ | ဦးမိုးဆွေ | အထွေထွေမန်နေဂျာ | စက်မှုဝန်ကြီးဌာန |
| ၁၃။ | ဦးဝင်းရွှေ | ဒုတိယညွှန်ကြားရေးမှူးချုပ် | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၁၄။ | ဦးညီညီနိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၁၅။ | ဒေါ်နန်းလောဝ်ဟွမ် | ဒုတိယညွှန်ကြားရေးမှူးချုပ် | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| ၁၆။ | ဒေါ်သန္တာဖြူအေး | ဒုတိယအမြဲတမ်းအတွင်းဝန် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၁၇။ | ဒေါ်မြတ်ဖြူပြာကြည် | ဒုတိယညွှန်ကြားရေးမှူးချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၁၈။ | ဒေါ်ခင်စန္ဒာ | ဒုတိယညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၁၉။ | ဒေါ်ကြည်မိုးမိုးအေး | ဒုတိယညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၂၀။ | ဒေါ်ငြိမ်းငြိမ်းမြင့် | ဒုတိယညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၂၁။ | ဒေါ်ကလျာနေထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၂၂။ | ဒေါ်ခင်နွဲ့အောင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၂၃။ | ဦးမျိုးဇော်တူး | ဒုတိယအထွေထွေမန်နေဂျာ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ဦးဇော်မင်းဦး | ဒုတိယအထွေထွေမန်နေဂျာ (ငြိမ်း) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | ဦးလွှမ်းမိုးဟန် | ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၆။ | ဦးဇင်မင်းကို | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၇။ | ဦးစောနိုင် | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၈။ | ဦးစိုးမောင် | ညွှန်ကြားရေးမှူး | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၂၉။ | ဦးဦးသွင် | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၃၀။ | ဦးအောင်ဝင်းသိန်း | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၃၁။ | ဦးညီညီဇော် | ညွှန်ကြားရေးမှူး(ငြိမ်း) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၃၂။ | ဒေါ်ခိုင်ခိုင်စိုး | ညွှန်ကြားရေးမှူး(ငြိမ်း) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၃၃။ | ဒေါ်နီလာထွန်း | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၄။ | ဒေါ်လေးရွှေဇင်ဦး | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၅။ | ဒေါ်ဖြူဖြူဝင်း | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၆။ | ဒေါ်ဝင်းစန္ဒာကြည် | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၇။ | ဒေါ်ဝင်းဝင်းနွယ် | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၈။ | ဦးသူရိန်ထွန်း | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၉။ | ဒေါက်တာသီရိမောင် | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၄၀။ | ဒေါ်စုစုထွန်း | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၄၁။ | ဦးသန်းနိုင် | ညွှန်ကြားရေးမှူး | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| ၄၂။ | ဒေါ်သဉ္ဇာနိုင် | ညွှန်ကြားရေးမှူး | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| ၄၃။ | ဒေါ်မြဇင် | ညွှန်ကြားရေးမှူး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၄၄။ | ဒေါ်မြသက်မွန် | ညွှန်ကြားရေးမှူး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၄၅။ | ဦးသစ်ထူးမြင့် | အမှုဆောင်အရာရှိ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၄၆။ | ဒုတိယဗိုလ်မှူးကြီး ကောင်းပြည့်သျှန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၇။ | ဦးကိုကိုဦး | ဒုတိယညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၄၈။ | ဦးကျော်စိုးနိုင် | ဒုတိယညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၄၉။ | ဦးမင်းခိုင်ဝင်း | ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅၀။ | ဦးသိန်းစိုး | ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

| | | |
|---|---|---|
| ၅၀။ ဒေါ်ယဉ်ယဉ်ချို | ဒုတိယညွှန်ကြားရေးမှူး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၅၁။ ဗိုလ်မှူး ဇော်သက်လင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၂။ ဦးအောင်မင်းဦး | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၃။ ဦးမျိုးမင်းစိုး | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၄။ ဒေါ်စုစုလွင် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၅။ ဒေါ်ကျော့ကျော့ခိုင် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၆။ ဦးအောင်ငွေစိုး | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၇။ ဦးသန်းအေး | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၈။ ဦးရဲမင်းသော် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၉။ ဦးစိုးမင်း | ဒုတိယလေယာဉ်မှူးကြီး | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၆၀။ ဦးမောင်ချို | အင်ဂျင်နီယာမှူး (တံတားဘောင်) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၆၁။ ဦးအောင်မြင့်သိန်း | အင်ဂျင်နီယာမှူး(မြို့ပြ) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၆၂။ ဦးအောင်ထွန်းတိုး | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၃။ ဦးဇော်မျိုးအောင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၄။ ဦးသန်းထိုက်အောင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၅။ ဦးနိုင်ဝင်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၆။ ဦးဇော်လင်းကျော် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၇။ ဒေါ်ယုယု | လက်ထောက်ညွှန်ကြားရေးမှူး | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၆၈။ ဦးဇော်မင်းထွန်း | လက်ထောက်ညွှန်ကြားရေးမှူး | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၆၉။ ဒေါ်တင်မိုးခိုင် | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၇၀။ ဦးဝင်းကို | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၇၁။ ဒေါ်ဆွေဇင်န | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၇၂။ ဗိုလ်ကြီး ပြည့်ဖြိုးအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၃။ ဦးကျော်သက်ပိုင် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇၄။ ဒေါ်ဆွေဆွေသန်း | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇၅။ ဒေါ်မြတ်ရွှေစင် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇၆။ ဦးနန်ဇေ့ဖုန်ရမ် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇၇။ ဦးကျော်စွာထွန်း | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇၈။ ဦးမြင့်မင်းထိုက် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇၉။ ဒေါ်ကြည်ကြည်ထွေး | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၀။ ဦးစိုင်းညီညီ | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၁။ ဦးအောင်ကျော်သူ | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၂။ ဒေါ်တင်နီလာမြင့် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၃။ ဒေါ်မေသက်မှူးကျော် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၄။ ဒေါ်ခင်စန္ဒာစိုး | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၅။ ဒေါ်ခင်မျိုးဦး | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၆။ ဒေါ်ခင်မာမြင့် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၇။ ဒေါ်ခင်သက်စုဇော် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၈။ ဒေါ်နိုင်သဇ္ဇာဖြိုး | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၉။ ဒေါ်ကျော့ယမင်းကိုကို | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉၀။ ဦးရန်လင်းအောင် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉၁။ ဒေါ်ညောင်လေ့နွမ်း | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉၂။ ဦးမင်းမင်းနိုင် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉၃။ ဦးထူးအာကာကျော် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉၄။ ဦးအောင်ကိုကိုလင်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၅။ ဦးဇော်မျိုးဝင်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၆။ ဦးချမ်းပြည့်အောင် | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၇။ ဦးတင်လှမောင် | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၈။ ဦးကျော်ထင်ကိုကို | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၉။ ဦးသန့်နိုင်ဝင်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၀။ ဦးဟုန်းနိန် | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၁။ ဦးထက်မြတ်အောင် | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၂။ ဒေါ်ခင်စန္ဒာစိုး | ဦးစီးအရာရှိ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၃။ ဒေါ်ဇင်ဝေကြူ | ဒုတိယဦးစီးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀၄။ ဦးနေဖြိုးရှိန် | ဒုတိယဦးစီးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀၅။ ဒေါ်ဝင်းဝါချို | ဒုတိယဦးစီးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀၆။ ဒေါ်သန်းသန်းစိုး | ဒုတိယဦးစီးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀၇။ ဒေါ်ခင်သူဇာကျော် | ဒုတိယဦးစီးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀၈။ ဦးအဝိဇ် ကျော်မိုးအောင် | ဒုတိယဦးစီးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀၉။ ဦးကျော်လင်းထိုက် | အငယ်တန်းစာရေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁၀။ ဒေါ်ထက်ထက်စိုး | အငယ်တန်းစာရေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁၁။ ဒေါ်တင်ဇာဝင်း | အငယ်တန်းစာရေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁၂။ ဒေါ်ဆုရည်နှင်း | အငယ်တန်းစာရေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁၃။ ဒေါ်ယဉ်ဖြူဖြူစိုး | အငယ်တန်းစာရေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁၄။ ဒေါ်မေရိုက်နိုင် | အငယ်တန်းစာရေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |

### လူမှုထူးချွန်တံဆိပ် (ပထမဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဦးလှမြင့် | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၂။ | နေဝင်း | | အနုပညာရှင် |
| ၃။ | အေးချမ်းမောင် | | အနုပညာရှင် |
| ၄။ | မေမြင့်မိုရ်(ခ) မေမြင့်မိုရ်အောင် | | အနုပညာရှင် |
| ၅။ | ခြူးလေး(ခ) စန်းသော်တာ | | အနုပညာရှင် |
| ၆။ | လက်ဘ်ညို (ခ) တေဇာကျော် | | ဇာတ်ညွှန်းရေးဆရာ |
| ၇။ | တင်အောင်စိုး(ပန်းမြို့တော်) | | ဒါရိုက်တာ |
| ၈။ | ဦးမိုးဟိန်း | | သူရိယနေဝန်း မီဒီယာနှင့် ဂျာနယ် |

### လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)

| | | |
|---|---|---|
| ၁။ | ဌက်ပျောကြော်(ခ) မောင်မောင်အေး | လူရွှင်တော်/ သရုပ်ဆောင် |
| ၂။ | သွက်လက်(ခ) သိန်းဝင်းအောင် | လူရွှင်တော် |
| ၃။ | စုပါလင်း(ခ) သက်အောင် | လူရွှင်တော် |
| ၄။ | ဦးဝဏ္ဏ(ခ) အွန့်လိုင်ဝဏ္ဏ | Trend Journal |
| ၅။ | ဦးနိုင်ဝင်းထွန်း(ခ) နောင်တော်လေး | Myanmar National Post |
| ၆။ | ဦးကျော်စိုးဦး | People Media |
| ၇။ | ဦးအောင်မိုးကျော် | မြန်မာ့ဂုဏ်သတင်းဌာန |
| ၈။ | ဦးထူးမောင်မောင် | UNION Politics News |
| ၉။ | ဒေါ်ခက်နှင်းဆု | Sniper Su |
| ၁၀။ | ဒေါ်သဇင်ဦး | Thazin Oo/ Truth Zone Online |
| ၁၁။ | ဦးအောင်မင်း | Myanmar Hard Talk |

### လူမှုထူးချွန်တံဆိပ် (တတိယဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဦးသိန်းဝင်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး |
| ၂။ | ဦးသက်ဇင် | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃။ | ဦးညွန့်သောင်း | ဦးစီးမှူး(ကွန်ပျူတာ) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄။ | ဦးအောင်ဇင်မျိုး | ကျန်းမာရေးမှူး (၂) | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ | မ-၂၀၂၄၈ | မီးသတ်တပ်ကြပ်ကြီး သန်းလှိုင် | မီးသတ်ဦးစီးဌာန |
| ၆။ | ဦးကျော်စွာလင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၇။ | မနော | | အဆိုပညာရှင် |
| ၈။ | J Fire | | အဆိုပညာရှင် |
| ၉။ | မေသက်ထားဆွေ | | အဆိုပညာရှင် |
| ၁၀။ | ဗိဇာဟိန်း | | အဆိုပညာရှင် |
| ၁၁။ | စိုးသီဟ | | အဆိုပညာရှင် |
| ၁၂။ | နက္ခတ် | | သရုပ်ဆောင် |
| ၁၃။ | နေထူးနိုင် | | သရုပ်ဆောင် |
| ၁၄။ | ဗညားရဲရင့် | | တေးရေး/ ဇာတ်ညွှန်းရေးဆရာ |
| ၁၅။ | ဇော်ဝင်းနိုင်(မန်း) | | သရုပ်ဆောင် |
| ၁၆။ | ဆင်မ | | သရုပ်ဆောင် |
| ၁၇။ | ခင်လှိုင် | | သရုပ်ဆောင် |
| ၁၈။ | ဝိုင်းလမင်းအောင် | | အဆိုပညာရှင် |
| ၁၉။ | မေ့ချစ်သက် | | အဆိုပညာရှင် |

### စီးပွားထူးချွန်တံဆိပ်များ

### လယ်ယာစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)

| | | |
|---|---|---|
| ၁။ | ဦးထင်ကျော် | ပဲခူးတိုင်းဒေသကြီး |
| ၂။ | ဦးတင်မောင်စန်း | ပဲခူးတိုင်းဒေသကြီး |
| ၃။ | ဦးတင်မောင်ထွန်း | ပဲခူးတိုင်းဒေသကြီး |
| ၄။ | ဦးကျော်ဝင်းတင့် | မွန်ပြည်နယ် |
| ၅။ | ဒေါ်လှတင် | မွန်ပြည်နယ် |
| ၆။ | ဦးညဏ်ဦး | မွန်ပြည်နယ် |
| ၇။ | ဦးသိန်းဟံ | မွန်ပြည်နယ် |
| ၈။ | ဦးအောင်ကြည် | မွန်ပြည်နယ် |
| ၉။ | ဦးတင်အောင်သန်း | ဧရာဝတီတိုင်းဒေသကြီး |
| ၁၀။ | ဦးကျော်သူရ | ဧရာဝတီတိုင်းဒေသကြီး |
| ၁၁။ | ဦးကြည်ခိုင်စိုး | ဧရာဝတီတိုင်းဒေသကြီး |
| ၁၂။ | ဦးဇော်မင်းဦး | ဧရာဝတီတိုင်းဒေသကြီး |

### စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)

| | | |
|---|---|---|
| ၁။ | ဦးဟန်သိန်း(ခ) ဦးချစ်ဖွယ် | ဧရာဝတီတိုင်းဒေသကြီး |

### ဝန်ဆောင်စီးပွားထူးချွန်တံဆိပ်(ပထမဆင့်)

| | | | |
|---|---|---|---|
| ၁။ | သူရဦးအောင်မျိုးမြင့် | ဦးဆောင်ညွှန်ကြားရေးမှူး | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |

*စာမျက်နှာ ၈ သို့*

စာမျက်နှာ ၇ မှ

**ဝန်ဆောင်စီးပွားထူးချွန်တံဆိပ်(တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဒေါ်သဲရီနှင်း | အကြီးတန်းလေယာဉ်မယ် | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဒေါ်စုသဉ္ဇာကို | လေယာဉ်မယ် | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဦးကျော်မောင်မောင် | ဖိုက်ဘာဂလပ်(စ်)လုပ်ငန်း | ဧရာဝတီတိုင်းဒေသကြီး |

**ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ**

**ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဦးပေါက်ပေါက် | ညွှန်ကြားရေးမှူး(ငြိမ်း) | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |

**နည်းပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီး သိန်းသန်းဌွေး | | ကာကွယ်ရေးဝန်ကြီးဌာန |

**နည်းပညာထူးချွန်တံဆိပ်(တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဦးဇော်မင်းလတ် | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၂။ | ဦးဝင်းလှိုင်ဦး | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |

**အနုပညာထူးချွန်တံဆိပ်(ပထမဆင့်)**

| | | |
|---|---|---|
| ၁။ | ရဲအောင် | သရုပ်ဆောင် |
| ၂။ | မြင့်မြတ်(ခ)မျိုးမင်းဟိန်း | အနုပညာရှင် |
| ၃။ | အောင်ခိုင် | သရုပ်ဆောင် |
| ၄။ | မင်းဇော် | တေးရေးပညာရှင် |
| ၅။ | ဇော်ဦး | သရုပ်ဆောင် |

**အနုပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)**

| | | |
|---|---|---|
| ၁။ | L ဆိုင်းဇီ | အဆိုပညာရှင် |
| ၂။ | နီနီခင်ဇော် | အဆိုပညာရှင် |
| ၃။ | စိုးစန္ဒာထွန်း | အဆိုပညာရှင် |
| ၄။ | ထူးအယ်လင်း | အဆိုပညာရှင် |

**စာပေပညာထူးချွန်တံဆိပ်(တတိယဆင့်)**

| | | |
|---|---|---|
| ၁။ | ဦးမျိုးဌေး(ဝင်းနွယ်-သစ်တော) | စာပေပညာရှင် |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**




# မျိုးစေ့ပြပွဲ ၂၀၂၆ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁**

Seed Fair 2026 (မျိုးစေ့ပြပွဲ-၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ကျင်းပရာ ရင်နီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မျိုးစေ့ကုမ္ပဏီများနှင့် မျိုးစေ့ထုတ် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံ (ပျဉ်းမနား)မှ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့က Seed Fair 2026 (မျိုးစေ့ပြပွဲ-၂၀၂၆) ကို ဖဲကြိုးဖြတ်ပြီး မျိုးစေ့အမျိုးပေါင်း ၂၀၊ မျိုးစေ့ပေါင်း ၅၀၀၀၀ ပူးတွဲချည်နှောင်ထားသည့် မိုးပျံပူပေါင်းများကို လွှတ်တင်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ၁၈၆၅၁ သင်းကိုဖွဲ့စည်းထားရှိပြီး ၉၃၂၇၉၈ ဦးအတွက် နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုငွေ အပါအဝင် သမဝါယမအသင်းပိုင်ငွေများဖြင့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ဝါနှင့် ဟင်းသီးဟင်းရွက်စိုက်ဧကပေါင်း ၁၆၀၅၈၀၂ ဧကကို စိုက်ပျိုးထုတ်လုပ်နိုင်အောင် ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ နေပြည်တော်၊ ကချင်၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပြည်နယ် ၁၁ ခုမှ မြို့နယ် ၂၁ မြို့နယ်တွင် မျိုးစေ့ထုတ် သမဝါယမအသင်း ၃၁ သင်းကို ဖွဲ့စည်းထားပြီး မျိုးစေ့ထုတ်စိုက်ဧရိယာ ၁၈၃၅ ဧကတွင် သီးနှံမျိုးစေ့များ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးစေ့ထုတ်သမဝါယမအသင်းများမှ အသင်းသား တောင်သူ ၁၅၄၉ ဦးကို မျိုးကောင်းမျိုးသန့်များနှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ (ပုလဲ၊ ကွန်ပေါင်း)၊ ပိုးသတ်ဆေးစသည့် စိုက်ပျိုးရေးသွင်းအားစုနှင့်ညီမျှသော ငွေများကို နိုင်ငံတော်က သီးနှံပေါ်ပေးစနစ်ဖြင့် ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် တောင်သူများ အရင်းအနှီးပိုမိုတောင့်တင်းလာစေရေးနှင့် ဈေးကွက်ခိုင်မာရေးအတွက် မျိုးစေ့ထုတ်သမဝါယမအသင်းများက ထွက်ရှိသော မျိုးစေ့များကို စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများအား ရောင်းချပေးခြင်း၊ ထွက်ရှိလာသည့် သီးနှံများကို သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်ဖြန့်ဖြူးရောင်းချပေးနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း၊ တောင်သူဦးကြီးများအနေဖြင့်လည်း မျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲကြရန် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ယခုကျင်းပသည့် မျိုးစေ့ပြပွဲ ၂၀၂၆ သည် မျိုးစေ့ထုတ်လုပ်သူများ၊ သုတေသနပညာရှင်များနှင့် လယ်သမားများအကြား ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်အလမ်းကောင်းများကို အသုံးချပြီး စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားလာစေရန် စိုက်ပျိုးတောင်သူများအပြင် ပါဝင်ပတ်သက်သူအားလုံး အချင်းချင်းအတွေ့အကြုံဖလှယ်ခြင်းနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ကွဲပြားခြားနားသော ရာသီဥတုရေမြေ အခြေအနေစုံလင်သည့် မိမိတို့မြန်မာနိုင်ငံတွင် ဒေသအလိုက် ကောင်းစွာဖြစ်ထွန်းပြီး အရည်အသွေးစံချိန်စံညွှန်းနှင့်ကိုက်ညီသော မျိုးစေ့များထုတ်လုပ်နိုင်ရေးသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြသော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မိမိတို့၏ မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ဒေသအလိုက် အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားကြရန် ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက Seed Fair 2026 ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် Seed Fair 2026 (မျိုးစေ့ပြပွဲ ၂၀၂၆)တွင် ခင်းကျင်းပြသထားသော ပြခန်းများနှင့် စိုက်ပျိုးပြသထားသော သီးနှံစိုက်ခင်းများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

တောင်သူလယ်သမားအခွင့်အရေး အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ "တောင်သူလယ်သမားများသွင်းအားစု(မျိုးစေ့)များကို လွယ်ကူအဆင်ပြေစွာ ရရှိသုံးစွဲနိုင်ရေးအတွက် ပံ့ပိုးကူညီစီမံဆောင်ရွက်ရန်" ပြဋ္ဌာန်းချက်နှင့်အညီ မျိုးစေ့ပြပွဲများကို ၂၀၁၈ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ယနေ့ကျင်းပသည့် "မျိုးစေ့ပြပွဲ ၂၀၂၆"ကို အဌမအကြိမ်ကျင်းပခြင်းဖြစ်ကြောင်း၊ "မျိုးစေ့ပြပွဲ ၂၀၂၆" ကို အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များ သုံးစွဲမှုမြင့်မားလာစေရေး၊ မျိုးစေ့သုံးစွဲသူများနှင့် မျိုးစေ့ထုတ်လုပ်သူများအကြား ဆက်နွှယ်မှုကွန်ရက်ပိုမိုကောင်းမွန်စေရေးနှင့် မျိုးစေ့ကဏ္ဍတွင် Public-Private Partnership (PPP) ပိုမိုကောင်းမွန်လာစေရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပလျက်ရှိကြောင်း၊ မြေဧရိယာ ၂၈ ဧကပေါ်၌ လယ်ယာသီးနှံ ၁၀ မျိုး၏ မျိုးပြား ၉၁ မျိုး၊ ဟင်းသီးဟင်းရွက်သီးနှံ ၂၄ မျိုး၏ မျိုးပြား ၅၃ မျိုးတို့အပြင် ပြခန်းများအနေဖြင့် ဌာနနှစ်ခုနှင့် ကုမ္ပဏီ ၃၄ ခုတို့ ခင်းကျင်းပြသမည်ဖြစ်၍ တောင်သူများနှင့် စိုက်ပျိုးထုတ်လုပ်သူများအားလုံး အားပါးတရလေ့လာနိုင်မည်ဖြစ်ပြီး သိရှိလိုသည်များကို စိုက်ကွင်းအလိုက် ပညာရှင်ဝန်ထမ်းများက ဖြေကြားပေးမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုပိုင် ဘက်စုံသုံးခြံအတွင်း အသင်းစုပိုင်မြေပေါ်တွင် ရုရှားနေကြာမျိုးများဖြစ်သည့် MAKHAON KLP (မက်ဟွန်)မျိုး၊ VULKAN( ဗော့ကန်)မျိုး၊ IPPOLIT (အိုင်ပေါ်လစ်)မျိုး သုံးမျိုးကို တစ်မျိုးလျှင် ငါးကေနှုန်းဖြင့် စုစုပေါင်း ၁၅ ဧက စိုက်ပျိုးထားရှိမှု၊ အသားတိုးကြက်အကောင်ရေ ၄၀၀၀ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ရွှေပြည်သာမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ဈေးများ၊ စက်မှုဇုန်(၁)ရှိ Ve Ve အချိုရည်စက်ရုံ၊ GlanMaster အရက်ချက်စက်ရုံ၊ ဂေါ်ဇီလာခြင်ဆေးခွေစက်ရုံ၊ ရွှေအိုးအရက်ချက်စက်ရုံ၊ Toyo Battery စက်ရုံများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်း၊ စက်ရုံဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသွင်ယုနိုင်ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုဖြစ်ပွားပါက မြန်မြန်သိ၍ မြန်မြန်ငြိမ်းသတ်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ထိရောက်လျင်မြန်စွာ မီးငြိမ်းသတ်ရေးစနစ်များ ထပ်မံဖြည့်တင်းတပ်ဆင်နိုင်ရေး၊ ဝင်လမ်းထွက်လမ်းများ ကောင်းမွန်စေရေး၊ မီးငြိမ်းသတ်ရေးပစ္စည်းများ၊ ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်ရေးနည်းစနစ်များနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခဲ့ကြကြောင်း သိရသည်။

**နေမျိုးထွန်း(ရွှေပြည်သာ)**



## ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများမှ လေ့လာရေး ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ



**နေပြည်တော် မတ် ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မကွေး၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်) မှ လေ့လာရေးခရီးလာရောက်ကြသည့် ပထမနှစ်နှင့် ဒုတိယနှစ်ကျောင်းသား ကျောင်းသူများအား တွေ့ဆုံပွဲကို ယမန်နေ့ညပိုင်းက နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် သပြေအေးကျောင်းတိုက်ဩကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကြီးကြပ်သူဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယခုကဲ့သို့ လေ့လာရေးခရီးစဉ်ကို စီစဉ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေး ပညာသင်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများအား နေပြည်တော်သို့ ဖိတ်ခေါ်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်ပြီး လေ့လာရေးခရီးစဉ်မှ ရရှိသော အတွေ့အကြုံကောင်းများကို မိမိတို့ဒေသတွင် လူမှုစီးပွားဘဝမြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိရောက်စွာ ပြန်လည်အသုံးချနိုင်စေရန်၊ တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုမောင်ရင်းနှမများပမာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ ရင်းနှီးချစ်ခင်မှု၊ ယုံကြည်မှုတို့ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ပွားများခိုင်မာလာစေရန်နှင့် သမဝါယမကောလိပ်များ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ သင်တန်းတွင် သတ်မှတ်အရည်အချင်းပြည့်မီသူများသည် ပေါင်းကူးတက်ရောက်ခွင့်ရရှိနိုင်မည်ဖြစ်သည့်အတွက် ကြိုးစားချင်စိတ်ဖြစ်ပေါ်လာအောင် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၊ သမဝါယမကောလိပ်(မန္တလေး) သို့ သွားရောက်လေ့လာစေခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများအား ထောက်ပံ့ငွေများပေးအပ်ပြီး လေ့လာရေးခရီး လာရောက်ကြသည့် သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ဂုဏ်ပြုညစာအတူတကွသုံးဆောင်ကြသည်။

ယနေ့နံနက်ပိုင်းတွင် လေ့လာရေးကျောင်းသားကျောင်းသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ပြီး စုပေါင်း၍ အလှူငွေများပေးအပ်လှူဒါန်းကြကာ မော်ကွန်းပြတိုက်ကို လေ့လာကြသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) သို့ သွားရောက်ကြည့်ရှုလေ့လာကာ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ခြင်း၊ တာဝန်ရှိသူများက သတင်းရိုက်ကူးတည်းဖြတ်ထုတ်လွှင့်ပုံအဆင့်ဆင့်၊ တိုင်းရင်းသားရုပ်သံလိုင်း (NRC) ထုတ်လွှင့်နေမှုများ၊ ရေဒီယိုထုတ်လွှင့်ရေး အစီအစဉ်များနှင့် စိန်ရတုပြတိုက်တို့ကို လေ့လာခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိရာ ပြတိုက်အတွင်းရှိ ခင်းကျင်းပြသထားသော ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်စစ်ဆင်ရေး မှတ်တမ်းများ၊ ဗမာ့ကာကွယ်ရေး တပ်မတော်သုံး ပစ္စည်းများနှင့်လက်နက်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးကျောင်းသားကျောင်းသူများသည် နေပြည်တော် (ဗုဒ္ဓဂယာ) မဟာဗောဓိစေတီတော်ကြီးနှင့် သတ္တသတ္တာဟ ခုနစ်ဌာနတို့ကို သွားရောက်ဖူးမြော်လေ့လာကြသည်။ ညနေပိုင်းတွင် ရေပန်းဥယျာဉ်သို့ သွားရောက်၍ အပန်းဖြေလေ့လာကြည့်ရှုကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း နေပြည်တော်ကောင်စီနယ်မြေအတွင်း ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ၃၃ ကေဗွီ ဓာတ်အားခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒက္ခိဏသီရိမြို့နယ် အတွင်းရှိ ၃၃ ကေဗွီ ဓာတ်အားခွဲရုံများသို့ ရောက်ရှိရာ တာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားမှု အခြေအနေတို့အား ရှင်းလင်းတင်ပြကြပြီး တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားခွဲရုံ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဗို့အားပြည့်ဝတည်ငြိမ်စွာ ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အားပြတ်တောက်မှု မဖြစ်ပေါ်စေရေးအတွက် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအား စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားရန်၊ ဓာတ်အားလိုင်းတစ်လျှောက်တွင်လည်း သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းထားရန်၊ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းလမ်းကြောင်း တစ်လျှောက်တွင်လည်း တာဝန်များအပိုင်းလိုက် ချထားရန်၊ ဓာတ်အားခွဲရုံ အတွင်း/အပြင် သန့်ရှင်းသာယာလှပရေးနှင့် ပူပြင်းခြောက်သွေ့သော နွေရာသီကို ရောက်ရှိပြီဖြစ်၍ ဓာတ်အားခွဲရုံ၊ ဝန်ထမ်းအိမ်ရာများနှင့် အနီးပတ်ဝန်းကျင်တွင် မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး အထူးဂရုပြု ဆောင်ရွက်သွားရန် မှာကြားကာ ဓာတ်အားခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အတွင်းရှိလျှင်ကြောင့်ထိခိုက်ပျက်စီးခဲ့ပြီး လိမ္မော်ရောင်အဆင့် သတ်မှတ်ထားသည့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ဝန်ထမ်းများ နေထိုင်သည့် ဝန်ထမ်းအိမ်ရာ တိုက်အမှတ် (၃၃၁၀၆) နှင့် (၃၃၁၀၇) တို့ကို ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လက်ရှိပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းပြည့်မီပြီး ငလျင်ဒဏ်ခံနိုင်အောင် အလေးထားဆောင်ရွက်သွားရန်၊ ဝန်ထမ်းများနေထိုင်ရာ မူလနေရာများတွင် အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရန်အတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောလျင်စွာ ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ်ရှိ နေပြည်တော် ဗဟိုသင်တန်းကျောင်းသို့ ရောက်ရှိပြီး ပေ (၂၀ x ၁၂၀) အရွယ်အစားရှိ Modular House နှစ်ထပ်အဆောက်အအုံ ၁၀ လုံးတွင် ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ နေထိုင်နေမှုနှင့် ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ရန်အတွက် မြေသားလမ်းများကို ကွန်ကရစ်လမ်းများအဖြစ် လမ်းဖောက်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီးဦးရဲတင့် ရေကူးအသံလွှင့်စက်ရုံနှင့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး



**ရန်ကုန် မတ် ၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံနှင့် အရာထမ်း၊ အမှုထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စက်ရုံမှူးက ရေကူးအသံလွှင့်စက်ရုံ၌ ရေကူးအသံလွှင့် စက်ရုံအမှတ်(၁)နှင့် အမှတ်(၂)၏ အသံလွှင့်စက်ခန်းများ၊ ပင်မအစီအစဉ်ထုတ်လွှင့်နေသော MW၊ SW လွှင့်စက်များ၊ စက်ရုံအတွင်း မီးဘေးလုံခြုံရေးနှင့် လုံခြုံရေးအစီအမံထားရှိမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စက်ပစ္စည်းများ ရေရှည်အသုံးပြုနိုင်ရန်အတွက် ဂရုပြုဆောင်ရွက်ရန်၊ ထုတ်လွှင့်မှု မပြတ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ အသံလွှင့်စက်ရုံဝင်းအတွင်း စွန့်ပစ်အမှိုက်များ စနစ်တကျ စွန့်ပစ်ရန်နှင့် စက်ရုံ၏ မီးဘေးလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အသံလွှင့်စက်ခန်းများ၊ မီးဘေးလုံခြုံရေးပစ္စည်းများထားရှိမှု၊ မီးသတ်ရေကန်၊ စက်ရုံဝင်းအတွင်း မီးဘေးအန္တရာယ်ကာကွယ်ရေးဖြစ်သည့် မီးတားလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် ရေကူးအသံလွှင့်စက်ရုံရှိ အရာထမ်း၊ အမှုထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ စည်းလုံးညီညွတ်စွာ နေထိုင်ရေး၊ အိမ်ရာသန့်ရှင်းရေး မပြတ်ဆောင်ရွက်ရေးနှင့် မီးဘေးအန္တရာယ် အထူးဂရုပြုရေး မှာကြားသည်။

ထို့နောက် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းရှိ စာဆိုဗိမာန် သုံးထပ်အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုနှင့် အခန်းများစုဖွဲ့မှု၊ ပစ္စည်းများ ခင်းကျင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**

ဤဆောင်းပါးပါ အမြင်များသည် စာရေးသူ၏ အမြင်များသာ ဖြစ်ပါသည်။

# လူသားဗဟိုပြုသော AI အနာဂတ်ကို ပုံဖော်ခြင်း- ၂၀၂၆ ခုနှစ် AI သက်ရောက်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေး

နာရင်ဒြာ မိုဒီ (အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်)

**လူသားသမိုင်း၏ အရေးပါသော အချိုးအကွေ့တစ်ခုတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် AI သက်ရောက်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ ကမ္ဘာတစ်ဝန်းမှ စုဝေးရောက်ရှိခဲ့ကြပါသည်။ ကျွန်ုပ်တို့ အိန္ဒိယနိုင်ငံသားများအတွက် ကမ္ဘာအရပ်ရပ်မှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ ကိုယ်စားလှယ်များနှင့် တီထွင်ဆန်းသစ်သူများကို နွေးထွေးစွာ ကြိုဆိုခွင့်ရခြင်းသည် အလွန်ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ အခိုက်အတန့် ဖြစ်ပါသည်။**

အိန္ဒိယနိုင်ငံသည် မိမိဆောင်ရွက်သမျှ ကိစ္စရပ်တိုင်းတွင် အတိုင်းအတာပမာဏနှင့် စွမ်းအင်အင်အားကို အပြည့်အဝထည့်သွင်းလေ့ရှိရာ ဤထိပ်သီးအစည်းအဝေးတွင်လည်း တူညီစွာ အပြည့်အဝဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကိုယ်စားလှယ်များ စုပေါင်းတက်ရောက်ခဲ့ကြပြီး တီထွင်သူများက ခေတ်မီဆန်းသစ်သော AI ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ခင်းကျင်းပြသခဲ့ကြပါသည်။ ပြပွဲခန်းမများအတွင်း လူငယ်ထောင်ပေါင်းများစွာက သိလိုသည်များကို မေးမြန်းရင်း ဖြစ်နိုင်ခြေရှိသော အနာဂတ်များကို စိတ်ကူးပုံဖော်နေကြသည်ကို တွေ့မြင်ရပါသည်။ ၎င်းတို့၏ စူးစမ်းလိုစိတ်များက ဤအစည်းအဝေးကို ကမ္ဘာပေါ်တွင် အကြီးမားဆုံးနှင့် အများပြည်သူအကျုံးဝင်ဆုံးသော AI ထိပ်သီးအစည်းအဝေး ဖြစ်လာစေခဲ့ပါသည်။ ဤသည်မှာ အိန္ဒိယ၏ဖွံ့ဖြိုးတိုးတက်မှုခရီးစဉ်တွင် အရေးကြီးသော မှတ်တိုင်တစ်ခုအဖြစ် ကျွန်ုပ်မြင်မိပါသည်။ အကြောင်းမှာ AI ဆန်းသစ်တီထွင်မှုနှင့် လက်တွေ့အသုံးချမှုအတွက် လူထုလှုပ်ရှားမှုတစ်ရပ်မှာ အမှန်တကယ်ပင် စတင်နေပြီဖြစ်သောကြောင့် ဖြစ်ပါသည်။

> “ လူသားသမိုင်းတွင် ယဉ်ကျေးမှုလမ်းကြောင်းကို ပြောင်းလဲစေခဲ့သည့် နည်းပညာအပြောင်းအလဲ များစွာ ရှိခဲ့၊ ဉာဏ်ရည်တု (AI) နည်းပညာသည် မီး၊ စာပေ၊ လျှပ်စစ်နှင့် အင်တာနက်တို့ကဲ့သို့ပင် အရေးပါသော အဆင့်အတန်းတွင်ရှိ၊ သို့သော် AI ၏ ထူးခြားချက်မှာ ယခင်က ဆယ်စုနှစ်နှင့်ချီ၍ ကြာမြင့်ခဲ့သော အပြောင်းအလဲများကို ရက်သတ္တပတ် အနည်းငယ်အတွင်း ဖော်ဆောင်နိုင်ခြင်းနှင့် တစ်ကမ္ဘာလုံးကို သက်ရောက်မှုရှိစေခြင်းပင်ဖြစ် ”

လူသားသမိုင်းတွင် ယဉ်ကျေးမှုလမ်းကြောင်းကို ပြောင်းလဲစေခဲ့သည့် နည်းပညာအပြောင်းအလဲများစွာရှိခဲ့ပါသည်။ ဉာဏ်ရည်တု (AI) နည်းပညာသည် မီး၊ စာပေ၊ လျှပ်စစ်နှင့် အင်တာနက်တို့ကဲ့သို့ပင် အရေးပါသော အဆင့်အတန်းတွင် ရှိပါသည်။ သို့သော် AI ၏ ထူးခြားချက်မှာ ယခင်က ဆယ်စုနှစ်နှင့်ချီ၍ ကြာမြင့်ခဲ့သော အပြောင်းအလဲများကို ရက်သတ္တပတ် အနည်းငယ်အတွင်း ဖော်ဆောင်နိုင်ခြင်းနှင့် တစ်ကမ္ဘာလုံးကို သက်ရောက်မှုရှိစေခြင်းပင် ဖြစ်ပါသည်။

**AI ကို စက်ဗဟိုပြုခြင်းထက် လူသားဗဟိုပြုခြင်းကသာလျှင် အရေးကြီးဆုံးဖြစ်**

AI သည် စက်ပစ္စည်းများကို ဉာဏ်ရည်ထက်မြက်စေရုံသာမက လူသားတို့၏ ရည်မှန်းချက်များကိုပါ အဆပေါင်းများစွာ တိုးမြှင့်ပေးနိုင်သည့် စွမ်းအားတစ်ရပ်ဖြစ်ပါသည်။ AI ကို စက်ဗဟိုပြုခြင်းထက် လူသားဗဟိုပြုခြင်းကသာလျှင် အရေးကြီးဆုံးဖြစ်ပါသည်။ ဤထိပ်သီးအစည်းအဝေးတွင် ကျွန်ုပ်တို့သည် 'Sarvajana Hitaya, Sarvajana Sukhaya' (အားလုံး၏ အကျိုးစီးပွား၊ အားလုံး၏ ချမ်းသာသုခ) ဟူသော မူဝါဒဖြင့် လူသားတို့၏ ကောင်းကျိုးချမ်းသာကို ကမ္ဘာလုံးဆိုင်ရာ AI ဆွေးနွေးမှုများ၏ ဗဟိုချက်တွင် ထားရှိခဲ့ပါသည်။

နည်းပညာသည် လူသားများကို အစေခံရမည်ဖြစ်ပြီး လူသားများက နည်းပညာ၏ အစေခံ မဖြစ်စေရဟု ကျွန်ုပ်အမြဲတစေ ယုံကြည်ပါသည်။ UPI မှတစ်ဆင့် ဒစ်ဂျစ်တယ်ငွေပေးချေမှုဖြစ်စေ၊ ကိုဗစ်ကာကွယ်ဆေးထိုးခြင်းဖြစ်စေ၊ ကျွန်ုပ်တို့သည် မည်သူတစ်ဦး တစ်ယောက်မျှ နောက်ကျကျန်မနေစေဘဲ ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံများ လူတိုင်းထံသို့ ရောက်ရှိစေရန် ဆောင်ရွက်ခဲ့ပါသည်။ ဤစိတ်ဓာတ်မျိုးကိုပင် စိုက်ပျိုးရေး၊ လုံခြုံရေး၊ မသန်စွမ်းသူများအတွက် အကူအညီပေးရေးနှင့် ဘာသာစကားမျိုးစုံသုံးကိရိယာများ စသည့် နယ်ပယ်များမှ ကျွန်ုပ်တို့၏ တီထွင်သူများ၏ လက်ရာများတွင် တွေ့မြင်ခဲ့ရပါသည်။

အိန္ဒိယနိုင်ငံတွင် AI ၏ စွမ်းဆောင်နိုင်ရည်ကို ပြသနေသည့် သာဓကများစွာ ရှိနေပြီဖြစ်ပါသည်။ မကြာသေးမီက အိန္ဒိယနို့ထွက်ပစ္စည်း သမဝါယမ (AMUL) မှ စတင်လိုက်သော 'Sarlaben' အမည်ရှိ AI ဒစ်ဂျစ်တယ် အကူအညီပလက်ဖောင်းသည် အမျိုးသမီးအများစုပါဝင်သော နို့စားနွားတောင်သူ ၃ ဒသမ ၆ သန်းအတွက် နွားများ၏ ကျန်းမာရေးနှင့် ထုတ်လုပ်မှုဆိုင်ရာ လမ်းညွှန်ချက်များကို မိမိတို့ ဘာသာစကားဖြင့် အချိန်နှင့်တစ်ပြေးညီ ကူညီပေးလျက်ရှိပါသည်။ ထို့အတူ 'Bharat VISTAAR' ဟုခေါ်သော AI ပလက်ဖောင်းသည်လည်း ရာသီဥတုမှသည် ဈေးကွက်ပေါက်ဈေးအထိ အချက်အလက်များကို ဘာသာစကားမျိုးစုံဖြင့် တောင်သူများထံ ပံ့ပိုးပေးလျက်ရှိပါသည်။

လူသားများက စက်ပစ္စည်းများအတွက် အချက်အလက် (Data) သို့မဟုတ် ကုန်ကြမ်းများမျှသာ မဖြစ်စေရပါ။ ယင်းအစား AI သည် တစ်ကမ္ဘာလုံးဆိုင်ရာ ကောင်းကျိုးအတွက် ကိရိယာတစ်ခုဖြစ်ရမည်ဖြစ်ပြီး ကမ္ဘာ့တောင်ဘက်ခြမ်း (Global South) နိုင်ငံများအတွက် တိုးတက်မှုတံခါးသစ်များကို ဖွင့်လှစ်ပေးရပါမည်။ ဤမျှော်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ရန် အိန္ဒိယနိုင်ငံသည် လူသားဗဟိုပြု AI စီမံအုပ်ချုပ်မှုအတွက် MANAV မူဘောင်ကို တင်ပြခဲ့ပါသည်။

M – Moral and Ethical Systems: AI သည် ကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက်များပေါ်တွင် အခြေခံရမည်။

A – Accountable Governance: ပွင့်လင်းမြင်သာသော စည်းမျဉ်းများနှင့် ခိုင်မာသောကြီးကြပ်ကွပ်ကဲမှု ရှိရမည်။

N – National Sovereignty: အချက်အလက်များအပေါ် နိုင်ငံအလိုက် ပိုင်ဆိုင်ခွင့်ကို လေးစားရမည်။

A – Accessible and Inclusive: AI သည် လက်ဝါးကြီးအုပ်မှုမဟုတ်ဘဲ လူတိုင်း လက်လှမ်းမီနိုင်ရမည်။

V – Valid and Legitimate: AI သည် တည်ဆဲဥပဒေများကို လိုက်နာရမည်ဖြစ်ပြီး စစ်ဆေးအတည်ပြုနိုင်ရမည်။

'လူသား' ဟု အဓိပ္ပာယ်ရသည့် MANAV သည် ၂၁ ရာစု လူသားတန်ဖိုးများပေါ်တွင် အခြေခံထားသည့် AI ဆိုင်ရာ မူဝါဒများကို ပံ့ပိုးပေးပါသည်။

**Deepfakes နှင့် သတင်းမှားများ၏ ဘေးအန္တရာယ်ကို ရင်ဆိုင်နေရ**

ယုံကြည်မှုသည် AI အနာဂတ်၏ အခြေခံအုတ်မြစ် ဖြစ်ပါသည်။ မျိုးဆက်သစ် AI (Generative AI) စနစ်များက ကမ္ဘာကို အကြောင်းအရာအသစ်များဖြင့် လွှမ်းမိုးလာသည်နှင့်အမျှ ဒီမိုကရေစီ လူ့အဖွဲ့အစည်းများသည် Deepfakes နှင့် သတင်းမှားများ၏ ဘေးအန္တရာယ်ကို ရင်ဆိုင်နေရပါသည်။ အစားအစာများတွင် အာဟာရဓာတ်အညွှန်းများ ပါရှိသကဲ့သို့ ဒစ်ဂျစ်တယ် အကြောင်းအရာများတွင်လည်း စစ်မှန်မှုဆိုင်ရာအညွှန်းများ ပါရှိရပါမည်။ ရေစာ (Water-marking) ထည့်သွင်းခြင်းနှင့် ရင်းမြစ်ကို စစ်ဆေးခြင်းဆိုင်ရာ ဘုံစံနှုန်းများ ချမှတ်နိုင်ရန် ကမ္ဘာ့မိသားစုဝင်များကို ကျွန်ုပ်တိုက်တွန်းလိုပါသည်။ အိန္ဒိယနိုင်ငံသည် ဉာဏ်ရည်တုဖြင့် ဖန်တီးထားသော အကြောင်းအရာများကို ရှင်းလင်းစွာ အမှတ်အသားပြုရန် ဥပဒေအရ ပြဋ္ဌာန်းခြင်းဖြင့် ဤလမ်းစဉ်သို့ စတင်ခြေလှမ်းနေပြီ ဖြစ်ပါသည်။

ကျွန်ုပ်တို့ ကလေးငယ်များ၏ ကောင်းကျိုးချမ်းသာသည် ကျွန်ုပ်တို့ အလေးအနက်ထားရမည့် ကိစ္စဖြစ်ပါသည်။ AI စနစ်များကို တာဝန်ယူမှုရှိသော၊ မိသားစုက လမ်းညွှန်မှုပေးနိုင်သောပုံစံဖြင့် တည်ဆောက်ရမည်ဖြစ်ပြီး ကျွန်ုပ်တို့၏ ပညာရေးစနစ်များကဲ့သို့ပင် ဂရုတစိုက်ရှိရပါမည်။

နည်းပညာသည် ဗျူဟာမြောက် ပိုင်ဆိုင်မှုတစ်ခုအဖြစ် သိမ်းဆည်းထားခြင်းထက် မျှဝေအသုံးပြုမှသာလျှင် အကြီးမားဆုံးသော အကျိုးကျေးဇူးကို ရရှိစေပါသည်။ ပွင့်လင်းသော ပလက်ဖောင်းများ (Open Platforms) သည် သန်းပေါင်းများစွာသော လူငယ်များကို နည်းပညာ ပိုမိုလုံခြုံစေရန်နှင့် လူသားဗဟိုပြုဖြစ်စေရန် ကူညီပေးနိုင်ပါသည်။ ဤစုပေါင်းဉာဏ်ရည်သည် လူသားမျိုးနွယ်၏ အကြီးမားဆုံးသော အင်အားဖြစ်ပါသည်။ AI သည် ကမ္ဘာလုံးဆိုင်ရာဘုံအကျိုးစီးပွားအဖြစ် ဆင့်ကဲတိုးတက်သွားရပါမည်။

ကျွန်ုပ်တို့သည် လူသားများနှင့် ဉာဏ်ရည်တုစနစ်များ အတူတကွဖန်တီးခြင်း၊ အတူတကွအလုပ်လုပ်ခြင်းနှင့် အတူတကွတိုးတက်လာမည့် ခေတ်တစ်ခုသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းသစ်များ ပေါ်ထွက်လာပါလိမ့်မည်။ အင်တာနက် စတင်ပေါ်ပေါက်စဉ်က ဖြစ်နိုင်ခြေများကို မည်သူမျှ စိတ်ကူးမယဉ်နိုင်ခဲ့သော်လည်း နောက်ဆုံးတွင် အခွင့်အလမ်းသစ်များစွာကို ဖန်တီးပေးခဲ့သကဲ့သို့ AI သည်လည်း ထိုနည်းတူပင် ဖြစ်ပါလိမ့်မည်။

ကျွန်ုပ်တို့၏ စွမ်းရည်ထက်မြက်သော လူငယ်များသည် AI ခေတ်၏ စစ်မှန်သော မောင်းနှင်အားများ ဖြစ်လာမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ကျွန်ုပ်တို့သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးနှင့် အစုံလင်ဆုံးသော ကျွမ်းကျင်မှု လေ့ကျင့်ရေးအစီအစဉ်များကို လုပ်ဆောင်ခြင်းဖြင့် လူငယ်များ၏ စွမ်းရည်ကို မြှင့်တင်ပေးလျက်ရှိပြီး ဘဝတစ်သက်တာ လေ့လာနိုင်စေရန် အားပေးလျက်ရှိပါသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံးသော လူငယ်အင်အားနှင့် နည်းပညာကျွမ်းကျင်သူများ စုဝေးရာနေရာများထဲမှ အပါအဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စွမ်းအင်စွမ်းပကားနှင့် ရှင်းလင်းပြတ်သားသော မူဝါဒများဖြင့် AI ၏ အလားအလာများကို အပြည့်အဝအသုံးချရန် အကောင်းဆုံး အနေအထားတွင် ရှိနေပါသည်။ ဤထိပ်သီးအစည်းအဝေးတွင် အိန္ဒိယကုမ္ပဏီများက ကိုယ်ပိုင် AI မော်ဒယ်များနှင့် အသုံးချဆော့ဖ်ဝဲလ်များကို ထုတ်ဖော်ပြသနိုင်ခဲ့ခြင်းသည် ကျွန်ုပ်တို့ လူငယ်တီထွင်သူများ၏ နည်းပညာ နက်ရှိုင်းမှုကို ထင်ဟပ်စေပါသည်။

ကျွန်ုပ်တို့၏ AI ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်စေရန် ခိုင်မာသော အခြေခံအဆောက်အအုံများကို တည်ဆောက်လျက်ရှိပါသည်။ India AI Mission အောက်တွင် ကျွန်ုပ်တို့သည် GPU ထောင်ပေါင်းများစွာကို အသုံးပြုထားပြီး မကြာမီထပ်မံတိုးချဲ့သွားမည်ဖြစ်ပါသည်။ ကမ္ဘာ့အဆင့်မီ ကွန်ပျူတာတွက်ချက်မှုစွမ်းပကားကို သင့်တင့်သော နှုန်းထားဖြင့် ရရှိနိုင်ခြင်းကြောင့် အသေးစားလုပ်ငန်းသစ်များပင် ကမ္ဘာ့အဆင့်မီ ဖြစ်လာနိုင်ပါသည်။ ထို့ပြင် အမျိုးသားအဆင့် AI သိုလှောင်ရုံ (National AI Repository) ကို တည်ထောင်ခြင်းဖြင့် အချက်အလက်များနှင့် AI မော်ဒယ်များကို လူတိုင်းအသုံးပြုနိုင်အောင် ဆောင်ရွက်ထားပါသည်။ ဆီမီးကွန်ဒတ်တာများမှသည် အချက်အလက် အခြေခံအဆောက်အအုံများ၊ တက်ကြွသော လုပ်ငန်းသစ်များနှင့် လက်တွေ့သုတေသနများအထိ တန်ဖိုးကွင်းဆက်တစ်ခုလုံးကို ကျွန်ုပ်တို့ အာရုံစိုက်ဆောင်ရွက်နေပါသည်။

အိန္ဒိယ၏ မတူကွဲပြားမှု၊ ဒီမိုကရေစီနှင့် လူဦးရေဆိုင်ရာ တက်ကြွမှုများသည် အများပြည်သူ အကျုံးဝင်သော ဆန်းသစ်တီထွင်မှုအတွက် မှန်ကန်သော ပတ်ဝန်းကျင်ကို ပေးစွမ်းပါသည်။ အိန္ဒိယတွင် အောင်မြင်သော ဖြေရှင်းနည်းများသည် ကမ္ဘာတစ်ဝန်းရှိ လူသားအားလုံးအတွက် အသုံးဝင်နိုင်ပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသို့ ကျွန်ုပ်တို့၏ ဖိတ်ခေါ်ချက်မှာ - အိန္ဒိယတွင် ပုံစံထုတ်တီထွင်ကြပါ၊ ကမ္ဘာကြီးအတွက် ပံ့ပိုးပေးကြပါ၊ လူသားမျိုးနွယ်အတွက် ဆောင်ရွက်ပေးကြပါဟူ၍ ဖြစ်ပါသည်။ ။

ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့ ဂုဏ်ပြုဆောင်းပါး

# ကျန်းမာရေး၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်တည်တံ့ဖို့ ဆေးဖက်ဝင်နှင့် မွှေးရနံ့ရှိသောအပင်များ ထိန်းသိမ်းစို့

သစ်တောမောင်

နှစ်စဉ် မတ်လ ၃ ရက်နေ့သည် **ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့ – United Nations World Wildlife Day (WWD)** ဖြစ်သည်။ **မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း** (Convention on International Trade in Endangered Species of Wild Fauna and Flora–CITES) သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့သည့် ၁၉၇၃ ခုနှစ် မတ်လ ၃ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပသော (၆၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ မတ်လ ၃ ရက်နေ့ကို **ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့**အဖြစ် ကြေညာသတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ယခုနှစ်ကျရောက်သော ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့ ဆောင်ပုဒ်မှာ ကျန်းမာရေး၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်တည်တံ့ဖို့ ဆေးဖက်ဝင်နှင့် မွှေးရနံ့ရှိသောအပင်များ ထိန်းသိမ်းစို့ (Medicinal and Aromatic Plants: Conserving Health, Heritage and Livelihoods) ဟူ၍ ဖြစ်ပါသည်။ ဆေးဖက်ဝင်နှင့် မွှေးရနံ့ရှိသော အပင်များ ထိန်းသိမ်းကာကွယ်ရေး၊ အသိပညာမြှင့်တင်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးတက်ခိုင်မာစေရန် ရည်ရွယ်ထားသည့် ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုတစ်ရပ်ဖြစ်ပြီး သဘာဝအရင်းအမြစ်များကို အနာဂတ်မျိုးဆက်များအတွက် တည်တံ့စွာ ထိန်းသိမ်းနိုင်ရေး အထောက်အကူပြုနိုင်ရန် ရည်ရွယ်ထားပါသည်။ ယခုအခါတွင် **ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့**သည် ကမ္ဘာလုံးဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို အလေးထားဂုဏ်ပြုသည့် နှစ်စဉ်အခမ်းအနားတစ်ရပ် ဖြစ်လာခဲ့ပါသည်။



### ဇီဝမျိုးစုံမျိုးကွဲများ၏အရေးပါမှု

ဇီဝမျိုးစုံမျိုးကွဲများဆိုသည်မှာ သဘာဝပတ်ဝန်းကျင်အတွင်းရှိ သက်ရှိများ၏ မျိုးစိတ်အမျိုးမျိုး၊ မျိုးရိုးဗီဇကွဲပြားမှုနှင့် ဂေဟစနစ်အမျိုးမျိုးကွဲပြားမှုတို့အကြား ဆက်နွှယ်နေမှုဖြစ်ပြီး လူသားဘဝတည်တံ့ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ တောရိုင်းတိရစ္ဆာန်များနှင့် အပင်များသည် ဇီဝမျိုးစုံမျိုးကွဲ၏ အဓိကအစိတ်အပိုင်းဖြစ်ပါသည်။

ဇီဝမျိုးစုံမျိုးကွဲများသည် သဘာဝဂေဟစနစ်ဟန်ချက်ကို ထိန်းသိမ်းပေးခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များကို လျှော့ချနိုင်ခြင်းနှင့် ကြံ့ကြံ့ခံနိုင်ရည် တိုးစေခြင်း၊ အစာကွင်းဆက်နှင့် ဂေဟစနစ်လုပ်ငန်းများကို ထောက်ပံ့ပေးခြင်း၊ မျိုးရိုးကွဲပြားမှုကြောင့် အပင်နှင့် တိရစ္ဆာန်များ ရောဂါဒဏ်ခံနိုင်စွမ်း မြင့်မားခြင်း၊ ရေစီးဆင်းမှုနှင့် ရေသယံဇာတ၊ မြေဆီလွှာကို ထိန်းသိမ်းပေးခြင်း၊ ကာဗွန်စုပ်ယူ သိုလှောင်ပေးခြင်း၊ လေထုညစ်ညမ်းမှုကို လျှော့ချပေးခြင်းဖြင့် **သဘာဝစနစ်တည်ငြိမ်ရေး**ကို အထောက်အကူပြုပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံအရင်းအမြစ်ဖြစ်သဖြင့် **စားရေရိက္ခာဖူလုံရေး**အတွက် အလွန်အရေးပါပါသည်။ ဆေးဖက်ဝင်အပင်များအပါအဝင် သဘာဝအပင်များနှင့် သက်ရှိများမှ ဆေးဝါးအသစ်များ ထုတ်လုပ်နိုင်သဖြင့် **ကျန်းမာရေးနှင့် ဆေးဝါးဖွံ့ဖြိုးရေး**အတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ သစ်၊ ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်ပင်များ အစရှိသည့် သစ်တောထွက်ပစ္စည်းများနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများမှ ဝင်ငွေရရှိစေနိုင်ခြင်း၊ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ထောက်ပံ့ပေးခြင်းဖြင့် **စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု**အတွက်လည်း အလွန်အရေးပါပါသည်။

- **ကမ္ဘာတစ်ဝန်းတွင် ဆေးဖက်ဝင်နှင့် ရနံ့မွှေးသောအပင်များ မျိုးစိတ် ၅၀၀၀၀ မှ ၇၀၀၀၀ ခန့်ကို ရောဂါကာကွယ်ရေး၊ ကုသရေး၊ ယဉ်ကျေးမှုဆိုင်ရာ အရေးပါမှု၊ စီးပွားရေးတန်ဖိုးအပေါ်မူတည်ပြီး စုဆောင်းအသုံးပြုလျက်ရှိ**
- **မျိုးစိတ်များအနက် ၁၃၀၀ နီးပါးသည် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (CITES) ၏ နောက်ဆက်တွဲများ (Appendices) တွင် ထည့်သွင်းထားပြီး နောက်ဆက်တွဲ (၂)(Appendix II) တွင် မျိုးစိတ် ၈၀၀ ကျော်ပါဝင်**
- **ကမ္ဘာ့ဆေးဖက်ဝင်အပင်များ ဆေးဝါးဈေးကွက်အရွယ်အစားသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံ မှ ၁၈၆ ဘီလီယံအထိရှိခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅၇ ဘီလီယံမှ ၂၆၃ ဘီလီယံအထိ ရှိလာနိုင်**

### ဆေးဖက်ဝင်အပင်များနှင့် ရနံ့မွှေးသောအပင်များ

"နွယ်မြက်သစ်ပင် ဆေးဖက်ဝင်" ဆိုသည့် ဆိုရိုးစကားအတိုင်း အပင်အမျိုးမျိုးနှင့် ဆေးဖက်ဝင်အပင်များကို ကျန်းမာရေး၊ အလှအပနှင့် အစားအသောက်များအဖြစ် သုံးစွဲကြပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း တိုင်းရင်းဆေးဖက်ဝင် အပင်များကို ရောဂါကုသမှု၊ ကျန်းမာရေး ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အစဉ်အလာကြီးမားစွာ အသုံးပြုလာကြပါသည်။

ဆေးဖက်ဝင်အပင်များနှင့် ရနံ့မွှေးသောအပင်များ (Medicinal and Aromatic Plants – MAPs) သည် လူသားကျန်းမာရေး၊ လူမှုဘဝသာယာဝပြောရေးနှင့် သဘာဝဂေဟစနစ် တည်ငြိမ်မှုအတွက် မဖြစ်မနေလိုအပ်သော သဘာဝအရင်းအမြစ်များ ဖြစ်ပါသည်။ အဆိုပါအပင်များသည် ရိုးရာကျန်းမာရေးစနစ်များ၏ အခြေခံအုတ်မြစ်ဖြစ်ပြီး ခေတ်မီဆေးပညာတွင် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ကာ အလှကုန်၊ အစားအသောက်၊ စိုက်ပျိုးရေးနှင့် အဖိုးတန် လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုမှသည် စက်မှုလုပ်ငန်းများအထိ အမျိုးမျိုးသောလုပ်ငန်းကဏ္ဍများကို ထောက်ပံ့ပေးလျက်ရှိပါသည်။

ကမ္ဘာတစ်ဝန်းတွင် ဆေးဖက်ဝင်နှင့် ရနံ့မွှေးသော အပင်များ မျိုးစိတ် ၅၀၀၀၀ မှ ၇၀၀၀၀ ခန့်ကို ရောဂါကာကွယ်ရေး၊ ကုသရေး၊ ယဉ်ကျေးမှုဆိုင်ရာ အရေးပါမှု၊ စီးပွားရေးတန်ဖိုးအပေါ် မူတည်ပြီး စုဆောင်းအသုံးပြုလျက်ရှိပါသည်။ အဆိုပါမျိုးစိတ်များအနက် ၁၃၀၀ နီးပါးသည် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (CITES) ၏ နောက်ဆက်တွဲများ (Appendices) တွင် ထည့်သွင်းထားပြီး နောက်ဆက်တွဲ (၂) (Appendix II) တွင် မျိုးစိတ် ၈၀၀ ကျော် ပါဝင်ပါသည်။ နောက်ဆက်တွဲ (၂) တွင် ပါဝင်ခြင်းသည် ထိုမျိုးစိတ်များကို မျိုးသုဉ်းပျောက်ကွယ်မှုမှ တားဆီးကာကွယ်နိုင်ရန်အတွက် နိုင်ငံတကာကုန်သွယ်ရာတွင် စနစ်တကျကြီးကြပ်ထိန်းချုပ်စနစ်များဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း ဖော်ပြချက်ဖြစ်ပြီး အလွန်အကျွံထုတ်ယူခြင်း၊ ကုန်သွယ်ခြင်းအပါအဝင် ရေရှည်တည်တံ့မှုမရှိသော ကုန်သွယ်မှုများကြောင့် မျိုးစိတ်များပျောက်ကွယ်နိုင်မှုမဖြစ်စေရန် ကာကွယ်ထားခြင်းဖြစ်ပါသည်။

ဆေးဖက်ဝင်အပင်များနှင့် ရနံ့မွှေးသောအပင်များသည် အများပြည်သူကျန်းမာရေးစနစ်များ၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ခန့်မှန်းချက်အရ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်းအထိသည် မူလကျန်းမာရေး စောင့်ရှောက်မှုအတွက် ရိုးရာဆေးပညာကို အားထားအသုံးပြုနေကြသည်ဟု ဆိုပါသည်။ နိုင်ငံပေါင်း ၁၇၀ ခန့်သည် တိုင်းရင်းဆေးဖက်ဝင်အပင်များကို သုံးစွဲလျက်ရှိကြောင်းနှင့် နောက်ဆုံးပေါ် ဆေးဝါးများ၏ ၂၅ ရာခိုင်နှုန်းကျော်ကို အပူပိုင်းသစ်တောများမှ ရရှိလျက်ရှိကြောင်း သိရပါသည်။ ခေတ်မီဆေးဝါးများအတွက် အသုံးပြုသော အဓိကဒြပ်ပေါင်းများ၏ အများစုမှာ သဘာဝအရင်းအမြစ်များမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အသုံးပြုထုတ်လုပ်ထားခြင်းဖြစ်ပါသည်။ ပေါင်းစပ်ဓာတုဗေဒပညာရပ်များ (Synthetic Chemistry) ဖွံ့ဖြိုးတိုးတက်လာသော်လည်း သဘာဝအပင်အရင်းအမြစ်များက ဆေးဝါးအသစ်များ ဖန်တီးထုတ်လုပ်ရေးတွင် အရေးပါနေဆဲဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ကျေးလက်နေပြည်သူလူထုနှင့် တိုင်းရင်းသားလူမျိုးစု အများစုသည် ရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ ဆေးဖက်ဝင်အပင်အမျိုးမျိုးကို ရောဂါကုသမှုအတွက် နည်းလမ်းအမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိကြောင်း သုတေသနစစ်တမ်းများအရ သိရှိရပါသည်။ ရှေးယခင်ကတည်းက အမွှေးနံ့သာပင်များနှင့် ဆေးဖက်ဝင်အပင်များကို တိုင်းရင်းဆေးပညာတွင် အကျိုးရှိစွာ အသုံးပြုခဲ့ကြပြီး နံ့သာဖြူ (ခေါ်) စန္ဒကူး (Santalum album၊ နံ့သာနီ (Pterocarpus santalinus)၊ သစ်မွှေး (ခေါ်) အကျော် (Aquilaria malaccensis)၊ ကရမက် (Mansonia gagei)၊ စမွှာ (ခေါ်) စံကားဝါ (Magnolia champaca) တို့ကို နံ့သာငါးပါးဟုပင် ခေါ်ဝေါ်သတ်မှတ် အသုံးပြုကြပါသည်။ အဆိုပါ အပင်များ၏ အမြစ်၊ အခေါက်၊ အရွက်၊ အပွင့်နှင့် အနှစ်သားများကို စိတ်ရွှင်လန်းစေခြင်း၊ ကိုယ်ပူဖျားနာခြင်း၊ အရေပြားရောဂါများ၊ သွေးသားသန့်စင်စေခြင်း၊ အနာရောဂါအမျိုးမျိုးစသည့် ရောဂါဝေဒနာများစွာအတွက် ကုသရာတွင် အသုံးပြုခြင်း၊ ၎င်းတို့၏ အနှစ်သားမှ အဆီထုတ်ယူ၍ အမွှေးနံ့သာ (နံ့သာငါးပါး)အဖြစ် စီးပွားဖြစ်တွင်ကျယ်စွာ အသုံးပြုကြပါသည်။ ဆေးဖက်ဝင်နှင့် ရနံ့မွှေးသောအပင်များသည် ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးတို့ကို ချိတ်ဆက်ပေးသော အရေးပါသည့် သဘာဝအရင်းအမြစ်များဖြစ်ပြီး အလွန်ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိသည့်အတွက် ရေရှည်တည်တံ့စေရေးအတွက် အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

### ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်တန်ဖိုး

ဆေးဖက်ဝင်အပင်များနှင့် ရနံ့မွှေးသောအပင်များနှင့် ဆက်စပ်သော ရိုးရာဆေးပညာဈေးကွက်များသည် အလွန်တန်ဖိုးကြီးပါသည်။ **ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့** သတင်းအချက်အလက် ဖော်ပြချက်များအရ တရုတ်ရိုးရာဆေးပညာ၏ ကမ္ဘာလုံးဆိုင်ရာဝင်ငွေသည် ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၃ ဘီလီယံခန့်၊ ကိုရီးယားသမ္မတနိုင်ငံတွင် ရိုးရာဆေးပညာကဏ္ဍ၏ နှစ်စဉ်အသုံးစရိတ်သည် ၂၀၀၉ ခုနှစ်တွင် ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံခန့်၊ အမေရိကန်နိုင်ငံတွင် သဘာဝထုတ်ကုန်များအတွက် ပုဂ္ဂလိကအသုံးစရိတ်သည် ၂၀၀၈ ခုနှစ်တွင် ဒေါ်လာ ၁၄ ဒသမ ၈ ဘီလီယံခန့်နှင့် ဥရောပတွင် ဆေးဖက်ဝင်အပင်အခြေခံ ဖြည့်စွက်ဆေးများနှင့် ဆေးဝါးများ၏ ဈေးကွက်တန်ဖိုးသည် နှစ်စဉ် ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံခန့်ဟု ခန့်မှန်းထားသည်။

စာမျက်နှာ ၁၃ သို့

# ရန်ပြေမာန်ပြေဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်း ရေစက်ချအလှူတော်မင်္ဂလာကျင်းပ

**နေပြည်တော် မတ် ၁**

ရခိုင်ပြည်နယ် စစ်တွေမြို့ ဂစ္ဆပရပ်ကွက်အနီး၌ မဟာဇေယျသိဒ္ဓိအဓိဋ္ဌာန် ဆရာတော် ဘဒ္ဒန္တကုလရက္ခိတ ဦးဆောင်တည်ထားတော်မူသော ရန်ပြေမာန်ပြေဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်း ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဘုရားကြီးရင်ပြင်၌ ကျင်းပရာ ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိ စာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒာသိရီ အမှူးပြုသည့် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ/ မြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ သံဃာတော်များက ရန်ပြေမာန်ပြေဘုရားကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်တော်မူကြသည်။ ထို့နောက် အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ရခိုင်မင်္ဂလာစည်တော်အဖွဲ့က “ရတနာသုံးပါးဂုဏ်ကျေးဇူးတော်” ကို ပူဇော်တီးခတ်၍ တေးသံရှင် တစ်ဦးက “အနန္တအာစရိယ” တေးသီချင်းဖြင့် ပူဇော်သီဆိုသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နန္ဒာရာမပရိယတ္တိ စာသင်တိုက် ဦးစီးပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စစ်တွေမြို့ ဝိမလဓမ္မနာဒ(ခေတ်လယ်) ကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနစရိယ ဘဒ္ဒန္တသုဝဏ္ဏ မဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



*စာမျက်နှာ ၁၂ မှ*

ကမ္ဘာ့ဆေးဖက်ဝင်အပင်များ ဆေးဝါးဈေးကွက် အရွယ်အစားသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံမှ ၁၈၆ ဘီလီယံအထိ ရှိခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅၇ ဘီလီယံမှ ၂၆၃ ဘီလီယံအထိ ရှိလာနိုင်ပြီး ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၃၂၈ ဘီလီယံမှ ၄၃၃ ဘီလီယံအထိ သိသာစွာ တိုးတက်လာမည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားကြပါသည်။ တိုင်းရင်းဆေးများသည် အခြားဆေးဝါးများနှင့် နှိုင်းယှဉ်လျှင် ဘေးထွက်ဆိုးကျိုးနည်းခြင်းမှာ ကမ္ဘာ့ဆေးဖက်ဝင်အပင်များဈေးကွက်ကို တွန်းအားပေးသည့် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ သဘာဝကုထုံးများကို ပိုမိုနှစ်သက်လာခြင်းနှင့် တိုင်းရင်းဆေးပညာရပ်များအပေါ် ယုံကြည်မှုမြင့်တက်လာခြင်းတို့က ဤကဏ္ဍကို အဓိကတွန်းအားပေးလျက်ရှိပြီး နှစ်စဉ်ပျမ်းမျှ ၈ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းဝန်းကျင်အထိ လျင်မြန်စွာတိုးတက်လျက်ရှိပါသည်။

လေ့လာသုတေသနပြုချက်များအရ ဆေးဖက်ဝင်အပင်များကို ကမ္ဘာပေါ်ရှိ နိုင်ငံ၊ ဒေသ အသီးသီးတွင် မတူညီသော သုံးစွဲမှုပုံစံများအနေဖြင့် သုံးစွဲလျက်ရှိပြီး ဆေးဖက်ဆိုင်ရာသာမက အလှအပရေးရာကဏ္ဍတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြသောကြောင့် ကမ္ဘာတစ်ဝန်းတွင် ဆေးဖက်ဝင်အပင်များနှင့် ရနံ့မွှေးသော အပင်များ၏ အခန်းကဏ္ဍသည် ပိုမိုကျယ်ပြန့်လာလျက်ရှိပါသည်။

ဆေးဖက်ဝင် အပင်များနှင့် ရနံ့မွှေးသော အပင်များ ကို စိုက်ပျိုးခြင်းနှင့် သဘာဝမှ စုဆောင်းအသုံးချခြင်းသည် ကမ္ဘာတစ်ဝန်းရှိ မိသားစုများအတွက် အရေးကြီးသော ဝင်ငွေအရင်းအမြစ်များကို ထောက်ပံ့ပေးလျက်ရှိပြီး လူငါးဦးတွင် တစ်ဦးသည် အစားအစာနှင့် ဝင်ငွေအတွက် တောရိုင်းအပင်များ၊ မှိုမျိုးစိတ်များ (ဥပမာ algae နှင့် fungi ကဲ့သို့သော)ကို အားထားအသုံးပြုကြသည်ဟု ဆိုပါသည်။ အထူးသဖြင့် ဝေးလံဒေသများတွင် နေထိုင်သော တိုင်းရင်းသားပြည်သူများအတွက် ဆေးဖက်ဝင်အပင်များနှင့် ရနံ့မွှေးသောအပင်များသည် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများစွာ ဖန်တီးပေးသည့် ဒေသခံစီးပွားရေးကို ထောက်ပံ့ပေးသော သဘာဝအရင်းအမြစ်များ ဖြစ်ပါသည်။ ဆေးဖက်ဝင်နှင့် ရနံ့မွှေးသော အပင်များထုတ်လုပ်ရာ မူလဇာတိနိုင်ငံများရှိ ဒေသခံပြည်သူများအတွက် အကျိုးကျေးဇူးမျှဝေမှုကို တရားမျှတစွာ ရရှိစေရန်လည်း အထူးအလေးထား စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်သည်။

**မြန်မာ့ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး**

မြန်မာနိုင်ငံသည် ဟိမဝန္တာတောင်တန်းများ၊ သစ်တောများ၊ သန္တာကျောက်တန်းများ၊ ရှည်လျားသော ကမ်းရိုးတန်းဒေသနှင့် ကြီးမားကျယ်ပြန့်သည့် မြစ်များအစရှိတဲ့သည့် အမျိုးအစား စုံလင်လှသော ဂေဟစနစ်များ ပိုင်ဆိုင်ထားခြင်း၊ ဇီဝမျိုးစုံမျိုးကွဲအများအပြား ကျက်စားလျက်ရှိခြင်းတို့ကြောင့် ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် အလွန်အရေးပါသော နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခြင်း ခံရပါသည်။ ၂၀၂၅ ခုနှစ် သစ်တောဖုံးလွှမ်းမှု ဆန်းစစ်ခြင်း အစီရင်ခံစာအရ နိုင်ငံဧရိယာ ၏ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်း သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိပြီး မတူကွဲပြားသော ဂေဟစနစ်အမျိုးမျိုးတွင် တောရိုင်းတိရစ္ဆာန်နှင့် အပင်ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝစွာတွေ့နိုင်ပါသည်။

စာရင်းကောက်ယူထားရှိမှုအရ အပင်မျိုးစိတ် ၁၁၈၀၀ ကျော်၊ နို့တိုက် သတ္တဝါမျိုးစိတ် ၃၆၅ ခန့်၊ ငှက်မျိုးစိတ် ၁၁၀၀ ကျော်၊ ကုန်းနေရေနေသတ္တဝါမျိုးစိတ်၁၂၀၊ တွားသွားသတ္တဝါမျိုးစိတ် ၂၉၀၊ ရေချိုနှင့် အဏ္ဏဝါငါးမျိုးစိတ် ၁၁၀၀၊ သန္တာမျိုးစိတ် ၁၃၀ ခန့်၊ ပင်လယ်မြက်မျိုးစိတ် ၁၁ မျိုးနှင့် ပင်လယ်ရေညှိ ၃၈ မျိုးကို မှတ်တမ်းတင်ထားပြီး မျိုးစိတ်အရေအတွက်များ ပိုမိုမှတ်တမ်းတင်နိုင်ရေး သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင့် မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နေသော မျိုးစိတ်များ (ဥပမာ – ကျား၊ ဆင်၊ ကျားသစ်၊ ငါးမန်း၊ ငါးလိပ်ကျောက်၊ ဝေလငါး၊ ရေညှောင့် နှုတ်ဝိုင်းငှက်၊ ကြံ့သူတော် စသည့် တောရိုင်း တိရစ္ဆာန်များ)ကို ပိုင်ဆိုင်ထားရာ ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအတွက် အလွန်အရေးပါကြောင်းကို သက်သေထူလျက်ရှိပါသည်။

သစ်တောများ၊ဇီဝမျိုးစုံမျိုးကွဲများကို အမျိုးသားဥယျာဉ်များ၊ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများ စသည့်သဘာဝထိန်းသိမ်းရေးနယ်မြေများ (Protected Area System) တည်ထောင် ထိန်းသိမ်းခြင်းဖြင့် နေရင်းဒေသအတွင်း စီမံခန့်ခွဲအုပ်ချုပ်ထိန်းသိမ်းခြင်းနည်းလမ်းဖြင့်လည်းကောင်း၊ ရုက္ခဗေဒဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်များ တည်ထောင်ထိန်းသိမ်းခြင်းဖြင့် နေရင်းဒေသပြင်ပ၌ စီမံခန့်ခွဲအုပ်ချုပ်ထိန်းသိမ်းခြင်း နည်းလမ်းတို့ဖြင့် ထိန်းသိမ်းလျက်ရှိပါသည်။

ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး လိုအပ်ချက်အပေါ်မူတည်၍ Single Species Action Plan (SSAP) ဟု ခေါ်ဆိုသည့် မျိုးစိတ်တစ်ခုချင်းစီအတွက် ရေးဆွဲသော လုပ်ငန်းစီမံချက်များကိုလည်း နိုင်ငံတကာကွန်ဗင်းရှင်းများ၊ အဖွဲ့အစည်းများမှ ရေးဆွဲထုတ်ပြန်လျက်ရှိရာ သစ်တောဦးစီးဌာနအနေဖြင့် မျိုးသုဉ်းရန်အန္တရာယ်ရှိသော သို့မဟုတ် အထူးဂရုပြုထိန်းသိမ်းရန် လိုအပ်သည့် တောရိုင်းတိရစ္ဆာန်တစ်ခုချင်းစီအတွက် လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

တောရိုင်းတိရစ္ဆာန်များသည် နေရာပြောင်းရွှေ့နိုင်သည့် သက်ရှိများဖြစ်သည့်အတွက် သင့်လျော်သည့် ကျက်စားနယ်မြေများကို သတ်မှတ်ပြီး ကာကွယ်ထိန်းသိမ်းခြင်းအားဖြင့် တောရိုင်းတိရစ္ဆာန်များ ရှင်သန်တိုးပွားစေနိုင်ပါသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ဖွဲ့စည်းခြင်းလုပ်ငန်းကို နိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အဓိကမူဝါဒအဖြစ် ချမှတ်ကာ သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ဖွဲ့စည်းလျက်ရှိရာ ယနေ့အထိ သဘာဝထိန်းသိမ်းရေးနယ်မြေ ၆၂ ခု၊ နိုင်ငံဧရိယာ၏ ၆ ဒသမ ၅၈ ရာခိုင်နှုန်းကို ဖွဲ့စည်းသတ်မှတ်ထားပြီး နိုင်ငံ့ဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် “ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ” နှင့်အညီ တောရိုင်းတိရစ္ဆာန်များနှင့် အပင်များ ထိန်းသိမ်းခြင်း၊ သဘာဝတောအတွင်းရှိ တောရိုင်းတိရစ္ဆာန်မျိုးစိတ်များ၏ ရှင်သန်ကျက်စားမှုကို မထိခိုက်စေဘဲ မွေးမြူပြသနိုင်ရေးအတွက် စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်း (Convention on Biological Diversity–CBD) အဖွဲ့ဝင်နိုင်ငံအဖြစ် ကတိကဝတ်များကို ဖြည့်ဆည်းရန်နှင့် သဘာဝသယံဇာတများကို စနစ်တကျ စီမံအုပ်ချုပ်ရန်အတွက် နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်(NBSAP)ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။ အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ မူဘောင်သစ်ဖြစ်သည့် Kunming–Montreal Global Biodiversity Framework (KMGBF)နှင့် လိုက်လျောညီထွေဖြစ်စေရန် လက်ရှိတွင် NBSAP ကို အသစ်ပြန်လည် ပြင်ဆင်ရေးဆွဲလျက်ရှိပါသည်။ ဤသို့ပြင်ဆင်ရာတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအစီအစဉ် (၂၀၁၇–၂၀၁၈ မှ ၂၀၂၆–၂၀၂၇ အထိ) နှင့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်း လုပ်ငန်းအစီအစဉ် (၂၀၁၉–၂၀၂၀ မှ ၂၀၂၈–၂၀၂၉ အထိ) များအား အကောင်အထည်ဖော်ရာတွင် တွေ့ရှိခဲ့သည့် အားနည်းချက်နှင့် အားသာချက်များကို အခြေပြု၍ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေ တိုးချဲ့ဖွဲ့စည်းခြင်း၊ မျိုးစိတ်အလိုက် ထိန်းသိမ်းရေးစီမံချက်များ ရေးဆွဲခြင်း၊ မျိုးစိတ်ဆိုင်ရာ သုတေသနဆောင်ရွက်ခြင်းများကို အကျိုးဆက်စပ်ပတ်သက်သည့် ကဏ္ဍစုံပေါင်းစပ်မှုနှင့် ဒေသခံလူထုပူးပေါင်း ပါဝင်မှုအပိုင်းများကိုပါ ပိုမိုအားဖြည့် ထည့်သွင်းဆောင်ရွက်လျက်ရှိပါသည်။

**ကျန်းမာရေး၊ ယဉ်ကျေးမှုအမွေအနှစ်နှင့်**
**အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**
**ရေရှည်တည်တံ့ဖို့ ဆေးဖက်ဝင်အပင်နှင့်**
**ရနံ့မွှေးသောအပင်များထိန်းသိမ်းစို့**
**ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့** ဆောင်ပုဒ်

သည် သဘာဝအပင်အမျိုးအစားများ၏ တန်ဖိုးကို ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ အရေးပါမှု ရှုထောင့်သုံးမျိုးဖြင့် တစ်ပြိုင်နက်တည်း မီးမောင်းထိုးပြသလျက်ရှိပါသည်။ သစ်တောများ ပြုန်းတီးခြင်း၊ နေရင်းဒေသများ ပျက်စီးလျော့နည်းလာခြင်း၊ အလွန်အကျွံ ခုတ်ယူစုဆောင်းခြင်း၊ တရားမဝင်ကုန်သွယ်ခြင်း၊ သဘာဝဘေးအန္တရာယ်များကျရောက်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှု နောက်ဆက်တွဲ အကျိုးဆက်များကြောင့် ဆေးဖက်ဝင်အပင်များနှင့် ရနံ့မွှေးသောအပင်များအပါအဝင် တောရိုင်းတိရစ္ဆာန်များ၊ အပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများသည် ပျက်စီးဆုံးရှုံးမည့်အန္တရာယ်များ တိုးပွားလျက်ရှိပြီး ကာကွယ်ထိန်းသိမ်းခြင်းမှာ အရေးတကြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်လာခဲ့ပါသည်။ သင့်လျော်ကောင်းမွန်မှုတသည့် မူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ သုတေသနအခြေပြုတီထွင်ဖန်တီးမှု၊ စီမံခန့်ခွဲမှု၊ ရိုးရာဗဟုသုတများနှင့် ခေတ်မီသိပ္ပံနှင့်နည်းပညာများ ပေါင်းစပ်အသုံးချမှု၊ စဉ်ဆက်မပြတ် စုပေါင်းကြိုးပမ်းအားထုတ်မှုများဖြင့် သဘာဝအန္တရာယ်များနှင့် ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှုများကို ရပ်တန့်စေပြီး အဖိုးတန် သဘာဝအရင်းအမြစ်များနှင့် ဂေဟစနစ်များ ပြန်လည်ကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းကြရမည်ဖြစ်ပါသည်။

ဆေးဖက်ဝင်အပင်များနှင့် ရနံ့မွှေးသောအပင်များကို သဘာဝတောများမှ စုဆောင်းရာတွင် စည်းကမ်းတကျ စီမံခန့်ခွဲဆောင်ရွက်ခြင်း၊ စိုက်ပျိုးထုတ်လုပ်ခြင်းကို အားပေးမြှင့်တင်ခြင်း၊ ဒေသခံပြည်သူလူထုပါဝင်သည့် ထိန်းသိမ်းရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းတို့သည် အရေးကြီးလှပါသည်။ ထို့အပြင် သုတေသနနှင့် ခေတ်မီနည်းပညာများ အသုံးပြု၍ အပင်မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးထိန်းသိမ်းကာ တန်ဖိုးမြှင့်ထုတ်ကုန်များ ဖန်တီးထုတ်လုပ်ခြင်းဖြင့် စီးပွားရေး အကျိုးကျေးဇူးများကိုလည်း တိုးမြှင့်နိုင်မည် ဖြစ်ပါသည်။

ယနေ့ တစ်ဦးတစ်ယောက်ချင်းစီ၏ ဆောင်ရွက်ချက်များသည် နောင်အနာဂတ် မျိုးဆက်များအတွက် ကျန်းမာရေးကောင်းမွန်သော လူမှုအသိုင်းအဝိုင်း၊ ယဉ်ကျေးမှုအမွေအနှစ် မပျက်စီးသော လူမျိုးတစ်ရပ်နှင့် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ပိုင်ဆိုင်စေမည့် အခြေခံအုတ်မြစ် ဖြစ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ဆေးဖက်ဝင်အပင်နှင့် မွှေးရနံ့ရှိသော အပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများကို တန်ဖိုးထားလေးစားကာ ပူးပေါင်းထိန်းသိမ်းကြပါစို့။ သဘာဝနှင့် သဟဇာတညီညွတ်မျှတစွာ နေထိုင်နိုင်သော ကမ္ဘာတစ်ခုအတွက် တောရိုင်းတိရစ္ဆာန်များကို သနားချစ်ခင်ကာ ထိန်းသိမ်းစောင့်ရှောက်ကြပါစို့ ဟု **ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့**ကို ဂုဏ်ပြုတင်ပြလိုက်ရပါသည်။ ။

## သီရိလင်္ကာနိုင်ငံ၌ အမျိုးသားမူးယစ်ဆေးဝါးကာကွယ်ရေးလှုပ်ရှားမှုသီတင်းပတ်စတင်

**ကိုလံဘို မတ် ၁**

သီရိလင်္ကာနိုင်ငံသည် တရားမဝင်မူးယစ်ဆေးဝါးများကို တားဆီးနှိမ်နင်းရန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုးချဲ့ရန်နှင့် လူထုအတွင်း အသိပညာပေးမှုများကို ပိုမိုလုပ်ဆောင်ရန်ရည်ရွယ်ကာ အမျိုးသားမူးယစ်ဆေးဝါးကာကွယ်ရေးလှုပ်ရှားမှုသီတင်းပတ်ကို မတ် ၁ ရက်တွင် စတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ယင်းလှုပ်ရှားဆောင်ရွက်မှုအစီအစဉ်သည် တရားမဝင်မူးယစ်ဆေးဝါးရောင်းချမှုကို တားဆီးနှိမ်နင်းပြီး မူးယစ်ဆေးစွဲနေသူများ ပြန်လည်ထူထောင်ရေးလုပ်ဆောင်မှုများ ရရှိစေရေးအတွက် အကူအညီပေးနိုင်ရန် ရည်ရွယ်ထားသည်။ ထို့ပြင် မူးယစ်ဆေးဝါးအကျပ်အတည်းကို မည်ကဲ့သို့ဖြေရှင်းဆောင်ရွက်မည်လဲဆိုသည့်အချက်နှင့် ပတ်သက်ပြီး လူမှုအသိုင်းအဝိုင်းအတွင်း ပွင့်လင်းမြင်သာစွာ ဆွေးနွေးတိုင်ပင်မှုများ ဖြစ်ပေါ်လာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းသီတင်းပတ်အတွင်း တာဝန်ရှိသူများသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသိပညာပေးလှုပ်ရှားမှုများကို အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် စာသင်ကျောင်းများတွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ စီစဉ်သူများအနေဖြင့် ဘတ်စ်ကားများ၊ သုံးဘီးတပ်ယာဉ်များ၊ ကျောင်းကြို/ပို့ယာဉ်များကဲ့သို့သော အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များမှတစ်ဆင့် အသိပညာပေးကြော်ငြာခြင်းလုပ်ငန်းများ အပါအဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူလူထုကို ဦးတည်ကာ အသိပညာပေးလှုပ်ရှားဆောင်ရွက်မှုအသစ်များ လုပ်ဆောင်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။

ဆင်ဟွာ



## မွန်ဂိုလီးယားနိုင်ငံ၌ နှင်းမုန်တိုင်း၊ ဖုန်မုန်တိုင်းနှင့် လေပြင်းတိုက်ခတ်ခြင်းအတွက် သတိပေးချက်ထုတ်ပြန်

**အူလန်ဘာတာ မတ် ၁**

နှင်းမုန်တိုင်း၊ ဖုန်မုန်တိုင်းနှင့် လေပြင်းများတိုက်ခတ်ခြင်းတို့အတွက် သတိပေးချက်တစ်ရပ်ကို မွန်ဂိုလီးယားအမျိုးသားမိုးလေဝသနှင့် သဘာဝပတ်ဝန်းကျင်စောင့်ကြည့်ရေးအေဂျင်စီက မတ် ၁ ရက်တွင် ထုတ်ပြန်ထားသည်။ ယင်းသို့ ဖြစ်ပေါ်ခြင်းတို့ကြောင့် မြင်ကွင်းမရှင်းမှု ဖြစ်ပေါ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အရှေ့ပိုင်းပြည်နယ်များဖြစ်သည့် ခန်းတီး၊ ဆပ်ခ်ဟ်ဘာတာနှင့် ဒိုနိုတို့တွင် နှင်းမုန်တိုင်းတိုက်ခတ်နိုင်သည်ဟု ခန့်မှန်းထားပြီး အလယ်ပိုင်း တူဗ်ပြည်နယ်၌ လာမည့်သုံးရက်ကျော်အတွင်း တိုက်ခတ်နိုင်ကြောင်း သိရသည်။

အလားတူ အမ်နူဂိုဘီနှင့် ဒိုနီဂိုဘီပြည်နယ်တို့အပါအဝင် တောင်ပိုင်းဂိုဘီပြည်နယ်တစ်ဝန်း လေပြင်းတိုက်ခတ်ခြင်းနှင့် ဖုန်မုန်တိုင်းတိုက်ခတ်ခြင်းတို့ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းထားသည်။ ပျမ်းမျှလေတိုက်နှုန်းမှာ တစ်စက္ကန့်လျှင် ၁၈ မီတာမှ ၂၄ မီတာအထိရှိကြောင်း မိုးလေဝသစောင့်ကြည့်ရေးအေဂျင်စီက ထုတ်ပြန်ထားသည်။

မွန်ဂိုလီးယားနိုင်ငံသည် ကြမ်းတမ်းသည့် ကုန်းမြေထုရာသီဥတုရှိခြင်းကြောင့် လေပြင်းများတိုက်ခတ်ခြင်း၊ ဖုန်မုန်တိုင်းများနှင့် နှင်းမုန်တိုင်းများသည် နွေဦးရာသီတွင် ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

ဆင်ဟွာ

## အမေရိကန် မီဒီယာကုမ္ပဏီကြီး ပါရာမောင့်ကုမ္ပဏီက ဒစ္စကာဗာရီကို ဒေါ်လာ ၈၁ ဘီလီယံဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း ကြေညာ

**နယူးယောက် မတ် ၁**




အမေရိကန် မီဒီယာကုမ္ပဏီကြီးဖြစ်သည့် ပါရာမောင့် စကိုင်းဒန့်စ်သည် ဝါနာဘရားသားကုမ္ပဏီ၏ ဒစ္စကာဗာရီကို ရှယ်ယာတန်ဖိုး အမေရိကန်ဒေါ်လာ ၈၁ ဘီလီယံဖြင့် ဝယ်ယူမည်ဟု ကြေညာလိုက်သည်။

နက်ဖလစ်ကုမ္ပဏီနှင့် ဝယ်ယူရေး အပြိုင်ကြိုးပမ်းမှုတွင် အနိုင်ရရှိခဲ့ခြင်းလည်း ဖြစ်သည်။ ဟောလိဝုဒ်စတူဒီယိုနှင့် သဘောတူညီမှု ရရှိထားကြောင်း ဖေဖော်ဝါရီ ၂၇ ရက်က ပါရာမောင့်က ကြေညာခဲ့သည်။

နက်ဖလစ်ကုမ္ပဏီက ၎င်းတို့ ဝယ်ယူမည့်ဈေးပမာဏကို ထပ်မံတိုးမြှင့်တော့မည်မဟုတ်ကြောင်း ကြေညာခဲ့ပြီး တစ်ရက်အကြာတွင် ပါရာမောင့်ကုမ္ပဏီက ယခုလို ကြေညာခဲ့ခြင်းဖြစ်သည်။

နက်ဖလစ်သည် ဒီဇင်ဘာလအတွင်းက ဝါနာဘရားသားကုမ္ပဏီ၏ စတူဒီယိုလုပ်ငန်းများနှင့် ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းကို ဝယ်ယူရန် သဘောတူညီမှု ရရှိခဲ့သည်။

နောက်ပိုင်းတွင် ပါရာမောင့်ကုမ္ပဏီက ဝါနာဘရားသားကို ဝယ်ယူရန် ကမ်းလှမ်းချက်ဖြင့် ယှဉ်ပြိုင်ပါဝင်ခဲ့သည်။ ဝါနာဘရားသား၏ ရှယ်ယာရှင်များနှင့် စည်းမျဉ်းစည်းကမ်းထောက်ခံမှုများပါ ရရှိပါက အဆိုပါသဘောတူညီမှုသည် အဓိကမီဒီယာကုမ္ပဏီကြီးတစ်ခု ဖြစ်လာစေမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## ကင်ညာနိုင်ငံ၌ ရဟတ်ယာဉ်ပျက်ကျမှုဖြစ်ပွား၊ ခြောက်ဦးသေဆုံး

**နိုင်ရိုဘီ မတ် ၁**

ကင်ညာနိုင်ငံ အနောက်မြောက်ပိုင်း နန်ဒီဒေသတွင် ဖေဖော်ဝါရီ ၂၈ ရက် ညနေပိုင်းက ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးကြောင်း ဒေသတာဝန်ရှိသူများက ပြောသည်။



အဆိုပါ ရဟတ်ယာဉ်ပျက်ကျမှုအတွင်း လွှတ်တော်အမတ် ဂျိုဟန်နာငဲနို သေဆုံးခဲ့ကြောင်း ကင်ညာလွှတ်တော်ဥက္ကဋ္ဌ မောစက်စ်ဝီတန်ဂူလာက ပြောသည်။ ရဟတ်ယာဉ်သည် မြူဆိုင်းပြီး မြင်ကွင်းမရှင်းလင်းမှုများကြားတွင် အရေးပေါ်ဆင်းသက်ရန် ကြိုးပမ်းခဲ့သည်ဟု မီဒီယာများတွင် ဖော်ပြထားသည်။

အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ကို ရဟတ်ယာဉ်ပျက်ကျမှုဖြစ်ပွားသည့် နေရာသို့ စေလွှတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## တူကီယဲနိုင်ငံက ပေးပို့သည့် ခွာနာလျှာနာရောဂါကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၅သန်း တောင်အာဖရိက လက်ခံရရှိ

**ဂျိုဟန်နက်စ်ဘာ့ဂ် မတ် ၁**

တူကီယဲနိုင်ငံကပေးပို့သည့် ခွာနာလျှာနာရောဂါ ကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၅ သန်း လက်ခံရရှိခဲ့သည်ဟု တောင်အာဖရိက အစိုးရက မတ် ၁ ရက်တွင် အတည်ပြုခဲ့သည်။ တစ်နိုင်ငံလုံးအနှံ့ ကာကွယ်ဆေးထိုးနှံရေးလှုပ်ရှားမှုဆောင်ရွက်ရာတွင် ယခုကဲ့သို့ကာကွယ်ဆေးများ တင်ပို့ပေးမှုသည် အရေးပါသည့်အဓိကအခန်းကဏ္ဍမှ ပါဝင်မည်ဟု မျှော်လင့်ထားသည်။

ကာကွယ်ဆေးများရောက်ရှိလာခြင်းသည် ခွာနာလျှာနာ ရောဂါတိုက်ဖျက်မှုတွင် နောက်ထပ်အောင်မြင်မှုတစ်ရပ်ပင်ဖြစ်သည်ဟု စိုက်ပျိုးရေးဝန်ကြီး ဂျွန်စတင်းဟူစင်က ပြောသည်။ တစ်နိုင်ငံလုံးရှိ မွေးမြူရေးတိရစ္ဆာန်များကို အကာအကွယ်ပေးရန် လုပ်ဆောင်နေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ တောင်အာဖရိကတွင် ခွာနာလျှာနာ ကင်းစင်သည့်နိုင်ငံဖြစ်လာစေရေး ကြိုးပမ်းအားထုတ်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု ၎င်းက ပြောသည်။

လွန်ခဲ့သည့် သီတင်းပတ်ကလည်း အာဂျင်တီးနားနိုင်ငံမှ ကာကွယ်ဆေးအလုံးရေတစ်သန်း လက်ခံရရှိခဲ့သည်။ အစိုးရက မွေးမြူရေးလုပ်ငန်းနှင့် ကျယ်ပြန့်သော စိုက်ပျိုးရေးလုပ်ငန်းကို ကာကွယ်ရန်အတွက် ဖေဖော်ဝါရီ ၂၇ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်းကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ စတင်ခဲ့သည်။

အစားအသောက်နှင့် စိုက်ပျိုးရေးမူဝါဒ ဗျူရို၏ မကြာသေးခင်က တင်ပြခဲ့သော အစီရင်ခံစာအရ ၂၀၂၅ ခုနှစ်အတွင်း တောင်အာဖရိကနိုင်ငံရှိ မွေးမြူရေးခြံများတွင် ခွာနာလျှာနာဖြစ်ပွားသည့်အကောင်ရေ ၂၄၄၀၀ ရှိသည်ဟု သိရသည်။

ဆင်ဟွာ

## ကမ္ဘောဒီးယားနိုင်ငံ၌ ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း တရားမဝင်မူးယစ်ဆေးဝါး ၅၈၄ ကီလိုဂရမ်ကျော် သိမ်းဆည်းရမိ

**ဖနောင်ပင် မတ် ၁**

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၆ ခုနှစ် ပထမနှစ်လအတွင်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးအရေအတွက် တိုးမြင့်လာသော်လည်း ဖမ်းဆီးရမိသူ အရေအတွက်မှာ ကျဆင်းခဲ့ကြောင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနက မတ် ၁ ရက်တွင် ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်ပြီး သံသယရှိသူ စုစုပေါင်း ၃၃၈၆ ဦးကို အာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း၊ အဆိုပါအရေအတွက်မှာ ယမန်နှစ် အလားတူကာလက မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်ပြီး သံသယရှိသူ ၃၆၉၇ ဦးရှိရာ ၈ ဒသမ ၄ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ သံသယရှိသူများ၏ လက်ဝယ်မှ တရားမဝင်မူးယစ်ဆေးဝါးစုစုပေါင်း ၅၈၄ ဒသမ ၄ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘောဒီးယား နိုင်ငံသည် တရားမဝင်မူးယစ်ဆေးဝါး ကုန်ကူးခြင်းအတွက် သေဒဏ်ပြစ်ဒဏ် ချမှတ်ခြင်းမရှိသော်လည်း ၎င်း၏ ဥပဒေအရ တရားမဝင်မူးယစ်ဆေးဝါး ၈၀ ဂရမ်ကျော် ကုန်ကူးသည်ဟု ပြစ်မှုထင်ရှားလျှင် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်နိုင်ကြောင်း သိရသည်။

ဆင်ဟွာ

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ (၂၁)ကြိမ်မြောက် ဩဝါဒခံယူပွဲကျင်းပ

**နေပြည်တော် မတ် ၁**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ဩဝါဒါစရိယဆရာတော်ကြီးများထံမှ (၂၁) ကြိမ်မြောက်ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော် ဆွမ်းစားခန်းမ၌ ကျင်းပရာ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက်ဆရာတော်ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာ ဘိဝံသနှင့် ဒေသခံ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်ချီးမြှောက်တော်မူကြသည်။

အခမ်းအနားသို့နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဧည့်ပရိသတ်များက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက်ဆရာတော်ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ဖတ်တော်မူသည့် ပရိတ်တရားတော်ကို နာယူကြသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသက ဂေါပကအဖွဲ့ဝင်များ အမြဲမပြတ်နှလုံးသွင်းလိုက်နာဖွယ်ဖြစ်သော ဩဝါဒကထာများကို ချီးမြှင့်တော်မူသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ ရေစက်ချအနုမောဒနာတရားနာယူကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**



# ဒုတိယဝန်ကြီး ဦးသန့်စင်လွင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၄၉) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာအဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစီအစဉ်များ တက်ရောက်

**နေပြည်တော် မတ် ၁**

ဖိလစ်ပိုင်နိုင်ငံ အီလိုအီလိုမြို့၌ ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် (၄၉) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစီအစဉ်များ (Forty-Ninth Meeting of the High-Level Task Force on ASEAN Economic Integration-49th HLTF-EI and Related Events)ကို မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင် (HLTF-EI Lead) ဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်လွင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။




ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပသည့် အာဆီယံစီးပွားရေးလုံခြုံမှုဆိုင်ရာ စိန်ခေါ်မှုများနှင့်စပ်လျဉ်းသည့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍ အာဆီယံဒေသတွင်း လက်ရှိကြုံတွေ့နေရသည့် စီးပွားရေးလုံခြုံမှုဆိုင်ရာ အခက်အခဲများ၊ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံ၏ ဖွဲ့စည်းမှုဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုစီးဆင်းစေရေးအတွက် မဟာဗျူဟာမြောက် စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံနိုင်ငံများ၏ အတွေ့အကြုံများနှင့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးအတွက် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် (၄၉) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့အစည်းအဝေးသို့တက်ရောက်၍ အကောက်ခွန်မဟုတ်သည့် ကုန်သွယ်မှုဆိုင်ရာ အစီအမံများအပေါ် အကဲဖြတ်ခြင်းနှင့် အာဆီယံတွင် အကောက်ခွန်မဟုတ်သည့် ကုန်သွယ်မှု အတားအဆီးများ ဖယ်ရှားနိုင်ရန်အတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ အာဆီယံ စီးပွားရေးလုံခြုံမှုဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်းသည့် အကြံပြုချက်များ၊ လက်ရှိဖြစ်ပေါ်လျက်ရှိသော ကမ္ဘာလုံးဆိုင်ရာနှင့်ဒေသဆိုင်ရာ စီးပွားရေးအခြေအနေများအပေါ် အာဆီယံ၏ ဘုံရပ်တည်ချက်သဘောထားများ၊ ၂၀၂၆ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ်အတွင်း ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းစဉ်များအား အတည်ပြုရန် ဆောင်ရွက်မှု၊ အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့၏ ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကြံပြုချက်များ၊ အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ လုပ်ငန်းညွှန်းတမ်းအား ပြန်လည်သုံးသပ်ခြင်း၊ အေအီးစီအစည်းအဝေးများ ထိထိရောက်ရောက် ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်မှုများ၊ ၂၀၂၅ အလွန် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အာဆီယံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မည့်နယ်ပယ်များနှင့် ၂၀၂၆ ခုနှစ် မတ် ၁၃ ရက်တွင် ကျင်းပမည့် (၃၂) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တင်ပြမည့် အကြံပြုချက်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အစည်းအဝေး၌ ဒုတိယဝန်ကြီးက ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် အာဆီယံ၏အချက်အချာကျမှုကို ထိန်းသိမ်းရန်၊ အာဆီယံနိုင်ငံများအကြား စီးပွားရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်၊ အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့အပါအဝင် လုပ်ငန်းစဉ် ၁ ဒသမ ၅ အရ ဆောင်ရွက်နေသည့် အကြံပေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးရန်နှင့် အာဆီယံဒေသတွင်း ဖွဲ့စည်းမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် အလေးပေးဆောင်ရွက်ရန်တို့ကို ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး မူဝါဒအဖွဲ့မှ ဒုတိယဝန်ကြီး H.E Allan B. Gepty က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့်တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ကို အာဆီယံနိုင်ငံများ၏ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များဖြင့်ဖွဲ့စည်းထားပြီး အာဆီယံစီးပွားရေး အသိုက်အဝန်း၏ လုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးညှိနှိုင်း၍ အာဆီယံစီးပွားရေးဝန်ကြီးများထံ အကြံပြုချက်များ တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

ယခုလည်း (Sport Toursim) အားကစားနှင့် ခရီးသွားလုပ်ငန်းကို ပေါင်းစပ်သောပွဲတစ်ခုကို ကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်း မြှင့်တင်ခြင်း ဖြစ်သလို စက်ဘီးစီးအားကစားသမားများကိုလည်း မွေးထုတ်ပေးခြင်းဖြစ်သည့်အတွက် များစွာအကျိုးရှိကြောင်း ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့်ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းတို့က စက်ဘီးစီးနင်းခြင်းအတွက် သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

အဆိုပါ စုပေါင်းစက်ဘီးစီးနင်းပွဲသို့ စက်ဘီးစီးအားကစားသမား စုစုပေါင်း ၅၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

❍ *ကျောဖုံးမှ*

ဂိုးသမား ဒွန်နာရမ်မာ လက်စွမ်းပြကာကွယ်ခဲ့သည်။

ပြိုင်ဘက်မန်စီးတီးအသင်း၏ ခံစစ်ပိုင်းကို ဖိအားပေးနိုင်ခဲ့သည့်အတွက် နည်းပြ ဒန်နီရယ်ဖာကီ၏နည်းဗျူဟာထိရောက်မှုရှိခဲ့သည်။

မန်စီးတီးအသင်းအတွက် တစ်လုံးတည်းသောဂိုးကို ပထမပိုင်း ပွဲချိန်ပြည့်ခါနီးတွင် နော်ရီ၏ ဖန်တီးမှုမှ ဆီမန်ညို က သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် အိမ်ရှင်လိဒ်စ်အသင်းသည် ချေပဂိုးရရှိရေး ခြေကုန်ထုတ်လာခဲ့သော်လည်း မန်စီးတီးအသင်း ခံစစ်ပိုင်းက ပွဲချိန်ပြည့်သည်အထိ ကာကွယ်ခဲ့သည်။

မန်စီးတီးအသင်းသည် ယခုအနိုင်ပွဲကြောင့် အဆင့် (၂)တွင် ဆက်လက်ရပ်တည်နေသည်။

အခြား ပွဲစဉ်ရလဒ်များတွင် ဘရန့်ဖို့ဒ်က ဘန်လေကို လေးဂိုး-သုံးဂိုး၊ လီဗာပူးက ဝက်စ်ဟမ်းကို ငါးဂိုး-နှစ်ဂိုး၊ အဲဗာတန်က နယူးကာဆယ်ကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့သည်။

**အောင်ဇော်**

# စားသုံးဆီ သိုလှောင်ကန်များ မြေပြင်လက်ကျန်အခြေအနေကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၁**

စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်သည် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဇော်နှင့် တာဝန်ရှိသူများနှင့်အတူ



ယမန်နေ့ မွန်းလွဲပိုင်းက ပြည်သူများ ဈေးကွက်အတွင်း နေ့စဉ်သုံးစွဲလျက်ရှိသည့် စားသုံးဆီများ ဈေးနှုန်း တည်ငြိမ်စေရေးနှင့် စားသုံးဆီပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် စားသုံးဆီတင်သွင်းဖြန့်ဖြူး ရောင်းချလျက်ရှိသော ကုမ္ပဏီများ၏ စားသုံးဆီသိုလှောင်ကန်များတွင် သိုလှောင်ထိန်းသိမ်းထားရှိသည့် စားသုံးဆီမြေပြင်လက်ကျန် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆီဖြန့်ဝေရာတွင် လျော့နည်းမှု မရှိစေရေးနှင့် အခြင်အတွယ် မှန်ကန်စေရေး အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့သည်။ **ကျော်ဆန်းမြင့်**

# သုံးဆယ်ရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရေများ အဆင်ပြေစွာ ရေပေးဝေလျက်ရှိ



**နေပြည်တော် မတ် ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်မှ ဒေသခံတောင်သူများ၏ ယခုနှစ် နွေစပါးစိုက်ရာသီတွင် စိုက်ပျိုးရေပြည့်ဝစွာရရှိရေးအတွက် ဒီဇင်ဘာ ၁၅ ရက်မှစ၍ သာယာဝတီမြို့နယ်ရှိ သုံးဆယ်ရေလှောင်တမံမှ စိုက်ခင်းများသို့ ဆည်ရေများပေးဝေနေပြီဖြစ်ကြောင်းနှင့် သုံးဆယ်ရေလှောင်တမံ ၂၀၀၅-၂၀၀၆ ခုနှစ်မှစ၍ ယခုနှစ် ၂၀၂၅-၂၀၂၆ ခုနှစ်အထိ နွေစပါးရေပေးဝေလာသည်မှာ (၂၁) နှစ်တိုင်တိုင်ရှိခဲ့ပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ သိရသည်။

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရှိ သုံးဆယ်ရေလှောင်တမံသည် ၂၀၀၅-၂၀၀၆ ခုနှစ်မှစတင်ကာ နွေစပါး ၁၅၀၈၈ ဧကကို ရေစတင်ပေးဝေခဲ့ပြီး နှစ်စဉ် နွေစပါးစိုက်ဧကများ တိုးချဲ့ရေပေးဝေခဲ့ရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နွေစပါးဧက ၄၂၀၀၃ ဧကကို ရေပေးဝေနိုင်ခဲ့သည်။ ယခုနှစ် ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးရာသီတွင်လည်း နွေစပါးလျာထားဧက ၄၂၀၀၃ ဧကကို ရာနှုန်းပြည့်ရေပေးဝေနိုင်ရန်နှင့် ဆည်ရေသောက်စနစ်များ ပိုမိုကောင်းမွန်စေရန်အတွက် တူးမြောင်းများ ပုံစံတကျပြုပြင်ခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရန် နုန်းဆယ်ခြင်း၊ လိုအပ်သည့် ရေပေးအဆောက်အအုံများ အသင့်အနေအထားဖြစ်စေရန် ထိန်းသိမ်းပြုပြင်ခြင်း၊ တူးမြောင်းတာပေါင်များ ထပ်ဆင့်မြှင့်တင်ခြင်းနှင့် တူးမြောင်းအတွင်း ပေါင်းပင်၊ ကိုင်းပင်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ရေပေးရာသီအမီ ပြီးစီးနိုင်ရေးအတွက် လူအင်အား၊ စက်အင်အားဖြင့် အရှိန်အဟုန်မြှင့် အချိန်မီဆောင်ရွက်ခဲ့သည့်အတွက် ယခုအချိန်တွင် လျာထားနွေစပါးဧကအားလုံး၏ ၉၄ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် လျာထားဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်၍ ရေပေးဝေလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## နတ်တလင်းမြို့ မြို့မဈေး မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြ

**နတ်တလင်း မတ် ၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ဈေးသူဈေးသားများ မီးဘေးကြိုတင်ကာကွယ်ရေး အသိသတိရှိကြစေရန်၊ မီးဘေးအန္တရာယ်ကြုံတွေ့လာပါက လက်တွေ့လုပ်ဆောင်နိုင်စေရန်ရည်ရွယ်၍ မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းနှင့် စစ်ဆေးခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့မဈေးကြီး၌ ပြုလုပ်ကြရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေစိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် စည်ပင်သာယာဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံများနှင့် ဈေးသူ ဈေးသားများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ငရုတ်ကောင်းမြို့နယ်ရှိ အထင်ကရသမိုင်းဝင် မြတ်စမ်းတောင်(၅၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကျင်းပ

**ငရုတ်ကောင်း မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့အနီး မိုးတိမ်ပြင်ကျေးရွာအုပ်စုအတွင်းရှိ အထင်ကရသမိုင်းဝင် မြတ်စမ်းတောင်စေတီတော်မြတ် (၅၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီက စေတီတော်မြတ်ကြီး၏ မုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မိုးတိမ်ပြင်ကျေးရွာအုပ်စု ဘုရားချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်၊ မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးကျော်ဇင်ဦး၊ မြို့အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတီတော်မြတ်ကြီး၏ ဂေါပကဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ငရုတ်ကောင်းမြို့ မိုးတိမ်ပြင်ကျေးရွာအုပ်စုရှိ အထင်ကရသမိုင်းဝင်မြတ်စမ်းတောင် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ပူဇော်ကျင်းပသွားမည်ဖြစ်သည်။ **ငရုတ်ကောင်း(ပြန်/ဆက်)**



## မိုးနဲမြို့နယ်၌ နွေရာသီ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်

**မိုးနဲ မတ် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် လွိုင်ပြေရပ်ကွက် ဝိဇ္ဇာရိယဘုန်းတော်ကြီးကျောင်း၌ နွေရာသီအခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ကျင်းပရာ ဝိဇ္ဇာရိယဘုန်းတော်ကြီးကျောင်းတိုက် စာချဆရာတော် ဘဒ္ဒန္တ နေမိန္ဒ၊ မြို့နယ်ဂေါပကဥက္ကဋ္ဌနှင့် အလှူရှင်များ၊ သင်တန်းဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်သည်။

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြကာ စာချဆရာတော်ထံမှငါးပါးသီလ ခံယူတော်မူကြပြီး သင်တန်းသား သင်တန်းသူများအတွက် စာရေးကိရိယာများကို အလှူရှင်များက ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် ယဉ်ကျေးမှုကျင့်ဝတ်ဘာသာ၊ ဗုဒ္ဓဘာသာ၊ မြန်မာစာဘာသာနှင့် အခြေခံအဘိဓမ္မာဘာသာရပ်များကို သင်တန်းနည်းပြ ဆရာ ဆရာမ ငါးဦးတို့က သင်တန်းသား ၇၅ ဦးကို တစ်လကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**



## ကျောက်မဲမြို့ ဗဟိုဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ကျောက်မဲ မတ် ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ဗဟိုဈေးကြီး၌ မီးသတိပြုရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

ကျောက်မဲခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုဦးနှင့် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိဦးအောင်ဌေးကြွယ်တို့ ဦးဆောင်ပြီး ဗဟိုဈေးကြီးအတွင်းရှိ ဆိုင်ခန်းများတွင် မီးလောင်မှု/မီးလန့်မှုများ မဖြစ်ပေါ်စေရန် မီးလောင်လွယ်သည့် ပစ္စည်းများ စနစ်တကျ သိုလှောင်ထားရှိမှု၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ထားရှိမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးကြပြီး ဆိုင်ခန်းများအတွင်း ပစ္စည်းများကို ဂိုဒေါင်သဖွယ် သိုလှောင်ထားရှိခြင်း မပြုလုပ်ရန်နှင့် မီးသတ်ဆေးဘူးများအား လက်တွေ့ကိုင်တွယ် အသုံးချနည်းစနစ်များ အသိပညာပေးပြောကြားခဲ့သည်။

ထို့ပြင် ဗဟိုဈေးကြီးအတွင်း ထားရှိသည့် မီးသတ်ဆေးဘူးများနှင့် ဈေးဆိုင်များတွင် ထားရှိသည့် မီးသတ်ဆေးဘူးများ၏ အသုံးပြုနိုင်မှုအခြေအနေများကို စနစ်တကျ စစ်ဆေးခဲ့ပြီး သက်တမ်းကုန်ဆုံးနေသည့် မီးသတ်ဆေးဘူးများကို အသစ်လဲလှယ်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မြစ်သားမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသ

**မြစ်သား မတ် ၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်မင်းကျော်က လောင်စာဆီဆိုင်များအနေဖြင့် မီးလောင်မှုဖြစ်ပွားနိုင်ခြေ အများဆုံးဖြစ်နိုင်သည့်နေရာတစ်နေရာဖြစ်သောကြောင့် တာဝန်ရှိသူများအနေဖြင့် လောင်စာဆီများ သိုလှောင်ရာတွင် လည်းကောင်း၊ ပြန်လည်ဖြည့်တင်းရာတွင် လည်းကောင်း သတိပြုကြစေလိုကြောင်းနှင့် မီးလောင်မှုဖြစ်ပွားစေသော အခြေခံသဘောတရားများ၊ မီးလောင်မှုဖြစ်စဉ်များအကြောင်းကို ရှင်းလင်းဆွေးနွေးပြောကြားပြီး သန္နေတပ်ဖွဲ့ဝင်များနှင့်အတူ မီးသတ်ဆေးဘူးနှင့် မီးငြိမ်းသတ်ခြင်းများ၊ ရေစိုအဝတ်ဖြင့် အောက်ဆီဂျင်ဖြတ်ပြီး မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။ **ဝင်းမင်းထွန်း(ပြန်/ဆက်)**

၂၀၂၆ ခုနှစ် မတ် ၁၉ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ(ဖလား)ရပ်ကွက် ကျေးရွာပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်က ကျိုက်မရောမြို့နယ် မြို့မအားကစားကွင်း၌ ကျင်းပရာ အုပ်စု(က)တွင် ဌာနဆိုင်ရာအသင်းနှင့် ဖနံကျေးရွာဘောလုံးအသင်းတို့က ပထမပွဲစဉ်အဖြစ် ယှဉ်ပြိုင်စဉ်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)



# ဘားအံမြို့ကျက်သရေဆောင် ကြာအင်းတောင် ပဉ္စမမြောက် "ဖူး" ဘုရား စေတီတော်မြတ် ရွှေထီးတော်တင်လှူပူဇော်

**ဘားအံ မတ် ၁**

ကရင်ပြည်နယ်၏ ခရီးစဉ်ဒေသတစ်ခုဖြစ်သော ဘားအံမြို့ကျက်သရေဆောင် ကြာအင်းတောင်တော်မြတ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနစရိယ ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် သီရိပုံချီဒေါက်တာ ဘဒ္ဒန္တပညာသာမိအား ဦးထိပ်ထား၍ ပဉ္စမမြောက် "ဖူး"ဘုရား စေတီတော်မြတ်ကြီးအား အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေကအနေကဇာတင်၊ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဓမ္မသဘင်မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ စေတီတော်မြတ်ကြီးပရိဝုဏ်၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ အလှူရှင်မိသားစုနှင့် စေတနာရှင် အလှူရှင်များက ဆရာတော်အရှင်သူမြတ်ထံသို့ ဌာပနာတော်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အမွေးနံ့သာဖြင့် ပက်ဖျန်းပေးကာ ဌာပနာတိုက်အတွင်းသို့ ဌာပနာတော် သွင်းလှူပူဇော်၍ ဌာပနာတိုက်ပိတ်ချိန်တွင် ဇယန္တေဗောဓိယာမူလေ အစချီသောအောင်ဂါထာကို သုံးခေါက်ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် ဧည့်ပရိသတ်များက နောင်လုံဌာန်ပတိုင်ကျောင်း ဆရာတော် ဘဒ္ဒန္တဝိဇ္ဇာနန္ဒထံမှ ကိုးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်ကြီးများ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကိုနာယူကြည်ညို၍ အလှူရှင်မိသားစုက စိန်ဖူးတော် အစရှိသော ဘုံအဆင့်ဆင့်တို့ကို သံဃာတော်အရှင်သူမြတ်များထံ ဆက်ကပ်ကြသည်။

ယင်းနောက် အခမ်းအနားမှူးက တောင်းပန်လွှာကို ဖတ်ကြားတောင်းပန်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အလှူရှင်မိသားစုတို့က သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြကာ နောင်လုံဌာန်ပတိုင် ကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဘုရားဒါယကာများက စိန်ဖူးတော်နှင့် စိန်ဖူးတော်ဘုံအဆင့်များဖြင့် စေတီတော်အားလက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်၍ မင်္ဂလာအချိန်တွင် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို လက်ဆင့်ကမ်းတင်လှူပူဇော်ကြပြီး ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကံမမြို့နယ်၌ နွေစပါး ဧက ၂၀၂၀ လျာထား စိုက်ပျိုးလျက်ရှိ

**ကံမ မတ် ၁**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်အတွက် ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၂၀၂၀ စိုက်ပျိုးရန်လျာထားပြီး မဒေးရေလှောင်တမံနှင့် ခြောက်ထောင့်ဆိုလာလျှပ်စစ် မြစ်ရေတင်တို့မှ စိုက်ပျိုးရေများကို ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက စနစ်တကျ ပေးဝေလျက်ရှိသည်။



ထိုသို့ နွေစပါးစိုက်ပျိုးရာတွင် အချိန်နှင့်လုပ်အားခသက်သာပြီး စိုက်စနစ်မှန်ကန်စေရန်အတွက် တိုက်ရိုက်မျိုးစေ့ချကိရိယာများကို အသုံးပြု၍ စိုက်ပျိုးလျက်ရှိကြောင်း၊ တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးနိုင်ရန် သက်တမ်းတိုပြီး အထွက်နှုန်းကောင်းမွန်သည့် အောင်နိုင်တိုးနှင့် ဆာဖိုးသာ စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ဖေဖော်ဝါရီလကုန်အထိ လျာထားဧက ၂၀၂၀ အပေါ်တွင် ရေဝင်ဧက ၁၇၁၉ ဧက၊ မြေပြင်ဆင် ပြီးစီးမှု ၁၄၆၆ ဧကနှင့် စိုက်ပျိုးပြီးစီးမှု ၈၆၉ ဧက ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး အထွက်နှုန်းကောင်းမွန်စေရန်အတွက် နည်းပညာနှင့် အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**



## ဒေးဒရဲမြို့နယ်အတွင်းရှိ ဈေးများ မီးဘေးလုံခြုံရေးစစ်ဆေး

**ဒေးဒရဲ မတ် ၁**

ဒေးဒရဲမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ယနေ့နံနက်က မြို့မဈေးကြီးအတွင်း မီးဘေးလုံခြုံရေး စစ်ဆေးမှုများနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ စစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦး၊ ဒေးဒရဲမြို့နယ် မီးသတ်ဦးစီးမှူး ဦးဟန်ဝင်းစိုးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝဏ္ဏဝင်းနှင့် ဈေးကော်မတီဝင်များ၊ တာဝန်ရှိသူများ ပူးပေါင်း၍ မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးတို့အတွက် လျှပ်စစ်မီးသွယ်တန်းသုံးစွဲနေမှု အခြေအနေများ၊ မီးငြိမ်းသတ်ရေးပစ္စည်းနှင့် မီးငြိမ်းသတ်ရေးအတွက် ရေရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မီးသတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အေဇာလင်း**

## အောင်မြေသာစံမြို့နယ် သီရိမန္တလာဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

**မန္တလေး မတ် ၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက်ရှိ သီရိမန္တလာဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၂၈ ရက်က အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံ ဦးမြင့်သော်ထွန်းနှင့် ဈေးအကျိုးတော်ဆောင်များ ပူးပေါင်း၍ ဈေးဆိုင်ခန်းများ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးသတိပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေခြင်းနှင့် 191 Report application ကို ဈေးသူဈေးသားများ အသုံးပြုတတ်စေရေး ကွင်းဆင်းထည့်သွင်းပေးခြင်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



**၂၂၁**

## မော်လမြိုင်မြို့၌ မီးဘေးလုံခြုံရေး စစ်ဆေး

**မော်လမြိုင် မတ် ၁**

မော်လမြိုင်မြို့၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းကို အမှတ်(၁)ဈေးနှင့် အမှတ်(၂) မြိုင်ရတနာလေးထပ်ဈေးတို့တွင် ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးရာတွင် ပြည်နယ် မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူ ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့၊ လျှပ်စစ်၊ စည်ပင်၊ ဈေးကော်မတီအဖွဲ့ဝင်များ၊ မီးဘေးလုံခြုံရေးအတွက် ဟောပြောအသိပညာပေးပြီး မီးဘေးလုံခြုံရေးပစ္စည်းများအား စစ်ဆေး၍ မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြငြိမ်းသတ်ခြင်းများကို လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ခင်စန်းမြင့်(ပြန်/ဆက်)**



စေတုတ္တရာမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၂၈ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးရှိန်းမင်းထက်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးပစ္စည်းများ အဆင်သင့်ထားရှိမှုရှိ၊မရှိတို့အား လိုက်လံစစ်ဆေးစဉ်။ ဆန်းကိုကို(ပြန်/ဆက်)

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အာဆီယံနိုင်ငံများ၏ လျှပ်စစ်ကဏ္ဍ

**စွမ်းအင်မူဝါဒကျောင်းသား**

လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ခြင်းသည် လူတစ်ဦးတစ်ယောက်ချင်း၏ နေထိုင်မှုဘဝ အဆင်ပြေချောမွေ့ခြင်းမှသည် လူမှုဘဝနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ခြင်းတို့အတွက် အဓိကအခြေခံအချက် ဖြစ်ပါသည်။

**အာဆီယံနိုင်ငံများ**

၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ စတင်ထူထောင်ခဲ့သော အရှေ့တောင်အာရှနိုင်ငံများအသင်း (The Association of Southeast Asian Nations / ASEAN)တွင် ယခုအခါ ဒေသတွင်းနိုင်ငံများအားလုံး ပါဝင်လျက်ရှိပြီး ချမ်းသာကြွယ်ဝ၍ ငြိမ်းချမ်းသော အသိုက်အဝန်းတစ်ခုအဖြစ် ဖြစ်ထွန်းနိုင်ရန်၊ စီးပွားရေးတိုးတက်ရန်၊ လူမှုဘဝမြှင့်တင်ရန်နှင့် ယဉ်ကျေးမှုဖွံ့ဖြိုးရန်တို့အတွက် အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။


**လျှပ်စစ်ဓာတ်အားရရှိမှု**

လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးအတွက် ယေဘုယျအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ သယ်ပို့ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ ဟန်ချက်ညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပထမဦးစွာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ဆောင်ရွက်နိုင်ရန် စွမ်းအင်အရင်းအမြစ်များဖြစ်သော ရုပ်ကြွင်းဖြစ်လောင်စာများ (ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး)၊ ရေအရင်းအမြစ်၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်အရင်းအမြစ်နှင့် ဇီဝလောင်စာတို့ကို အသုံးပြုရမည်ဖြစ်ရာ မိမိတို့နိုင်ငံ၌ စွမ်းအင်အရင်းအမြစ် ပေါကြွယ်ဝခြင်းသည် လိုအပ်သော စွမ်းအင်အရင်းအမြစ်များ ပြည်ပမှ တင်သွင်းရခြင်းကို လျှော့ချနိုင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းအတွက် များစွာအထောက်အကူပြုပါသည်။

လူနေထိုင်မှုဘဝမြင့်မားရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လျှပ်စစ်ဓာတ်အားရရှိမှုသည် အခြေခံကျကျ အရေးပါသော်လည်း **"ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစွာ ထုတ်ယူရရှိနိုင်မည့် လျှပ်စစ်ဓာတ်အားကို လူတိုင်းတတ်နိုင်သော ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးနိုင်ရေး"**မှာ ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်း ကြုံတွေ့ရသည့် ကြီးမားသော စိန်ခေါ်မှုတစ်ခု ဖြစ်ပါသည်။

မြေမျက်နှာသွင်ပြင်အနေအထားနှင့် ယဉ်ကျေးမှုအနေအထားတို့အရ ကွဲပြားခြားနားမှုများစွာ မရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေး ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ် အထိ တိုးတက်ဆောင်ရွက်နိုင်ခြင်းကို အောက်ပါအတိုင်း တွေ့ရှိရပေသည်။

ပုံ ၁- အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ၂၀၂၁-၂၀၂၂ တစ်နှစ်အတွင်း လျှပ်စစ်ဓာတ်အားတိုးတက်ရရှိမှု ရာခိုင်နှုန်း




**❖ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးအတွက် ယေဘုယျအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ သယ်ပို့ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ ဟန်ချက်ညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပထမဦးစွာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ဆောင်ရွက်နိုင်ရန် စွမ်းအင်အရင်းအမြစ်များဖြစ်သော ရုပ်ကြွင်းဖြစ်လောင်စာများ (ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး)၊ ရေအရင်းအမြစ်၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်အရင်းအမြစ်နှင့် ဇီဝလောင်စာတို့ကို အသုံးပြုရမည်ဖြစ်ရာ မိမိတို့နိုင်ငံ၌ စွမ်းအင်အရင်းအမြစ် ပေါကြွယ်ဝခြင်းသည် လိုအပ်သော စွမ်းအင်အရင်းအမြစ်များ ပြည်ပမှ တင်သွင်းရခြင်းကို လျှော့ချနိုင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းအတွက် များစွာအထောက်အကူပြု**

အာဆီယံနိုင်ငံများဖြစ်သော ဘရူနိုင်းဒါရူဆလမ်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့က ၂၀၂၂ ခုနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိပြီး ဖြစ်ပါသည်။ ဒေသတွင်း၌ ဧရိယာအကြီးမားဆုံးနှင့် လူဦးရေအများဆုံးဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည်လည်း ရာနှုန်းပြည့်နီးပါး လျှပ်စစ်ဓာတ်အားရရှိနေပါသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ တစ်နှစ်အတွင်း နိုင်ငံအလိုက် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိမှုကို အာဆီယံဗဟိုစွမ်းအင်ဌာန(ASEAN CENTER FOR ENERGY–ACE)၏ 8th ASEAN Energy Outlook 2023–2050, အစီရင်ခံစာ အချက်အလက်များအရ အထက်ပါအတိုင်း ပုံ-၁ တွင် တွေ့မြင်နိုင်ပါသည်။

**ရုပ်ကြွင်းဖြစ်လောင်စာ(Fossil Fuels) သုံးစွဲမှု**

၂၀၂၂ ခုနှစ် ကိန်းဂဏန်းများအရ အာဆီယံဒေသနိုင်ငံများ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး အသုံးပြုသော စွမ်းအင်အရင်းအမြစ်အများဆုံးမှာ ရုပ်ကြွင်းဖြစ်လောင်စာများဖြစ်၍ ဒေသတွင်း လျှပ်စစ်ဓာတ်အားပေးစက်များ၏ စုစုပေါင်း စက်တပ်ဆင်အင်အား၏ ၆၆ ဒသမ ၄ ရာခိုင်နှုန်းမှာ ယင်းရုပ်ကြွင်းဖြစ် လောင်စာများဖြစ်သော ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့ကို အသုံးပြုထုတ်လုပ်လျက်ရှိပါသည်။

**ကျောက်မီးသွေး။** ။ ကမ္ဘာတွင် ကျောက်မီးသွေးထုတ်လုပ်မှု တတိယအများဆုံးဖြစ်သော အင်ဒိုနီးရှားနိုင်ငံက အာဆီယံနိုင်ငံအားလုံး အသုံးပြုသည့် စက်တပ်ဆင်အင်အားပမာဏ၏ ၄၃ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံက ၂၄ ရာခိုင်နှုန်းနှင့် မလေးရှားနိုင်ငံက ၁၂ ရာခိုင်နှုန်းအထိ အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်လျက်ရှိပါသည်။

**ရေနံ။** ။ အမျိုးသားဓာတ်အားကွန်ရက် ပြင်ပ (Off Grid)ဝေးလံခေါင်သီသော ဒေသများကို ရေနံထွက်ပစ္စည်း(ဓာတ်ဆီ၊ ဒီဇယ်)များ အသုံးပြု၍ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးလေ့ရှိရာ ယခုအခါတွင် အာဆီယံနိုင်ငံအများစု၌ အမျိုးသားဓာတ်အားကွန်ရက်တိုးချဲ့တည်ဆောက်၍ ယင်းသုံးစွဲမှုကို လျှော့ချလျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံတွင်သာ သုံးစွဲမှုများပြားလျက်ရှိပါသည်။

**သဘာဝဓာတ်ငွေ့။** ။ကျောက်မီးသွေးနှင့် နှိုင်းယှဉ်လျှင် ကုန်ကျစရိတ် ပိုမိုများပြားသော်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းခြင်းကြောင့် နိုင်ငံအများစုက သဘာဝဓာတ်ငွေ့သုံးစွဲမှုကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် အသုံးပြုလာရာ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ လွဲ၍ အာဆီယံနိုင်ငံများအားလုံးက သဘာဝဓာတ်ငွေ့ကို အသုံးပြုကြပါသည်။

**ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှု**

ကမ္ဘာကြီးပူနွေးလာမှု လျော့နည်းစေရေးနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ဟန့်တားစေရေးတို့အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု လျော့နည်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းရေးတို့ကို ထည့်သွင်းစဉ်းစားခဲ့ကြသည်နှင့်အညီ ရုပ်ကြွင်းဖြစ်လောင်စာများ အသုံးပြုခြင်းအစား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များဖြစ်သော ရေစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ ဇီဝစွမ်းအင်နှင့် အခြားပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်တို့ကို အသုံးပြုလာကြပေသည်။

**ဇယား-၂- အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရုပ်ကြွင်းဖြစ်လောင်စာသုံး တပ်ဆင်အင်အား( မဂ္ဂါဝပ်) (၂၀၂၂)**

| နိုင်ငံ | ကျောက်မီးသွေး | ရေနံ | သဘာဝဓာတ်ငွေ့ | စုစုပေါင်း |
|---|---|---|---|---|
| ဘရူနိုင်းဒါရူဆလမ် | ၂၅၄ | ၁၅ | ၁၀၄၆ | ၁,၃၁၅ |
| စုစုပေါင်း ၁,၃၂၂ မဂ္ဂါဝပ်၏ **၉၉.၄၇ %** | | | | |
| မလေးရှား | ၁၃,၁၈၈ | ၁၄၁ | ၁၁,၇၁၈ | ၂၅,၀၄၇ |
| စုစုပေါင်း ၃၃,၁၂၈ မဂ္ဂါဝပ်၏ **၇၅.၆၁ %** | | | | |
| စင်ကာပူ | - | ၇၆၄ | ၁၀,၆၇၁ | ၁၁,၄၃၅ |
| စုစုပေါင်း ၁၂,၃၄၄ မဂ္ဂါဝပ်၏ **၉၂.၆၄%** | | | | |
| ထိုင်း | ၆,၀၆၈ | ၃၇၄ | ၃၀,၉၂၅ | ၃၇,၃၆၇ |
| စုစုပေါင်း ၅၃,၃၅၂ မဂ္ဂါဝပ်၏ **၇၀.၀၄ %** | | | | |
| ဗီယက်နမ် | ၂၅,၃၁၂ | ၁၆၆ | ၇,၁၅၂ | ၃၂,၆၃၀ |
| စုစုပေါင်း ၇၅,၆၆၅ မဂ္ဂါဝပ်၏ **၄၃.၁၂ %** | | | | |
| နိုင်ငံ | ကျောက်မီးသွေး | ရေနံ | သဘာဝဓာတ်ငွေ့ | စုစုပေါင်း |
| ကမ္ဘောဒီးယား | ၁,၀၂၅ | ၆၄၃ | - | ၁,၆၆၈ |
| စုစုပေါင်း ၃,၄၆၅ မဂ္ဂါဝပ်၏ **၄၈.၁၄ %** | | | | |
| အင်ဒိုနီးရှား | ၄၆,၀၄၄ | ၄,၃၅၂ | ၂၀,၈၃၁ | ၇၁,၂၂၇ |
| စုစုပေါင်း ၈၃,၈၀၂ မဂ္ဂါဝပ်၏ **၈၅.၀၀ %** | | | | |
| လာအို | ၁,၈၇၈ | - | . | ၁,၈၇၈ |
| စုစုပေါင်း ၁၁,၀၁၇ မဂ္ဂါဝပ်၏ **၁၇.၀၀ %** | | | | |
| မြန်မာ | ၁၃၈ | ၁၈၁ | ၃,၅၂၉ | ၃,၈၄၈ |
| စုစုပေါင်း ၇,၂၉၁ မဂ္ဂါဝပ်၏ **၅၂.၇၈ %** | | | | |
| ဖိလစ်ပိုင် | ၁၂,၄၄၃ | ၄,၄၃၆ | ၃,၇၃၂ | ၂၀,၆၁၁ |
| စုစုပေါင်း ၂၈,၉၃၂ မဂ္ဂါဝပ်၏ **၇၁.၂၄ %** | | | | |

**ဇယား-၁- အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လျှပ်စစ်ဓာတ်အားရရှိမှု ရာခိုင်နှုန်း**

| နိုင်ငံ | ၂၀၂၀ | ၂၀၂၂ | ၂၀၃၀ မျှော်မှန်းချက် |
|---|---|---|---|
| **ဘရူနိုင်းဒါရူဆလမ်** | **၁၀၀** | **၁၀၀** | ၁၀၀ |
| ကမ္ဘောဒီးယား | ၈၁.၁ | ၈၈.၄ | ၁၀၀ |
| အင်ဒိုနီးရှား | ၉၉.၂ | ၉၉.၆ | ၁၀၀ |
| လာအို | ၉၄.၃ | ၉၅.၃ | ၉၈ |
| **မလေးရှား** | **၁၀၀** | **၁၀၀** | ၁၀၀ |
| မြန်မာ | ၇၀.၄ | ၇၂.၅ | ၁၀၀ |
| ဖိလစ်ပိုင် | ၉၄.၅ | ၉၆.၂ | ၁၀၀ |
| **စင်ကာပူ** | **၁၀၀** | **၁၀၀** | ၁၀၀ |
| **ထိုင်း** | **၁၀၀** | **၁၀၀** | ၁၀၀ |
| **ဗီယက်နမ်** | ၉၉.၈ | **၁၀၀** | ၁၀၀ |

*စာမျက်နှာ ၁၉ သို့*

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

(၁-၃-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၈-၂-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၈-၂-၂၀၂၆)ရက်နေ့၊ ည (၈:၀၀) နာရီအထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၁၆၈ ခုအား စစ်ဆေးပြီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် ခရိုင်အဆင့် စကားဝိုင်းကျင်းပ

**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ပညာရေးဒီဂရီကောလိပ်တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် စကားဝိုင်းကို ယမန်နေ့က ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ပြုလုပ်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ငြိမ်းသီအောင်နှင့် သဃ်န်းကျွန်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်တို့က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်းက စေ့စပ်ညှိနှိုင်းပေးသူအဖြစ် ဆောင်ရွက်ခဲ့ပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ဝင်းဝင်းအေး၊ ခရိုင်အမျိုးသမီးရေးရာအတွင်းရေးမှူး ဒေါ်စန်းစန်းထွေးနှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းသူလေးဦးတို့က ယနေ့ခေတ်လူငယ်အမျိုးသမီးများ အခန်းကဏ္ဍနှင့် ဦးဆောင်မှုစွမ်းရည်၊ လူငယ်အမျိုးသမီးများရင်ဆိုင်နေရသော စိန်ခေါ်မှုနှင့် ဖြေရှင်းနည်းများ၊ ကျား-မ တန်းတူညီမျှရေးကို လူငယ်များ ဘယ်လိုပံ့ပိုးနိုင်သလဲ၊ အနာဂတ်ကို ဦးတည်သော အမျိုးသမီးများ၏အားကောင်းမှုနှင့် အိပ်မက်များ ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **လှလှထွေး(ပြန်/ဆက်)**




*စာမျက်နှာ ၁၈ မှ*

အာဆီယံဒေသသည် လက်ရှိအချိန်တွင် သဘာဝသယံဇာတဖြစ်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ ပေါများသော်လည်း အဆင့်မြင့်နည်းပညာအသုံးပြုရခြင်းနှင့် ဓာတ်အားစနစ်တည်ငြိမ်စေရန် စွမ်းအင်သိုလှောင်စနစ် ထည့်သွင်းတည်ဆောက်ရခြင်းအတွက် ကနဦးကုန်ကျစရိတ်မြင့်မားခြင်းတို့က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုခြင်းကို ကြီးမားသော စိန်ခေါ်မှု ဖြစ်နေပါသည်။ ထိုစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်မှာ ရင်းနှီးမြှုပ်နှံမှုအကူအညီရရှိရေးပင်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိစေရန် နိုင်ငံ၏ စွမ်းအင်မူဝါဒရေးရာတွင် နိုင်ငံတော်အဆင့်အနေဖြင့် မက်လုံးပေးဆောင်ရွက်လျက်ရှိကြပါသည်။ ၂၀၂၂ ခုနှစ် ကိန်းဂဏန်းများအရ ဗီယက်နမ်နိုင်ငံ၏ လျှပ်စစ်ကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုမှုမှာ အတုယူဖွယ်ဖြစ်လောက်အောင် တိုးတက်ခဲ့ပါသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များသည် သဘာဝအတိုင်းဖြစ်တည်မှုဖြစ်သဖြင့် အရင်းအမြစ်ရရှိမှုကို ထိန်းချုပ်၍မရပါ။ ဥပမာ- ရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် ရေလှောင်ကန်အတွင်း ရေသိုလှောင်မှုအရ ထုတ်လုပ်ပြီး မိုးရွာသွန်းမှုကိုမူ ကြိုတင်ခန့်မှန်းတွက်ဆခြင်းဖြင့်သာ တွက်ချက်နိုင်ပါသည်။ အတိအကျခန့်မှန်း၍ မရပါ။ လေစွမ်းအင်နှင့် နေရောင်ခြည်စွမ်းအင်တို့သည်လည်း စဉ်ဆက်မပြတ်ရရှိမှုကို အတိအကျ မှန်းဆ၍မရဘဲ ခန့်မှန်းတွက်ချက်ခြင်းမှ ရရှိနိုင်မှုအပေါ် ထုတ်လုပ်ရပြီး နေ့စဉ်အချိန်နှင့်အမျှ ပြောင်းလဲမှုရှိသဖြင့် ပြောင်းလဲနိုင်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များ (Variable Renewable Energy Resources, VRE)ဟု ခေါ်ဝေါ်ပါသည်။

ထိုအရင်းအမြစ်များကို အသုံးပြုရာတွင် စဉ်ဆက်မပြတ် တည်ငြိမ်စွာ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုမရှိခြင်းကြောင့် စရိတ်စကကြီးမားသော စွမ်းအင်သိုလှောင်စနစ် (Energy Storage System)အဖြစ် Battery များ တွဲဖက်တပ်ဆင်အသုံးပြုရသကဲ့သို့ သဘာဝဓာတ်ငွေ့များ၊ ကျောက်မီးသွေးများ၊ ရေနံထွက်ပစ္စည်းများ (ဓာတ်ဆီ၊ ဒီဇယ်) အသုံးပြု၍ အရန်ဓာတ်အားထုတ်လုပ်ရေးစနစ်အဖြစ် ထည့်သွင်းတည်ဆောက်မှသာ ယုံကြည်စိတ်ချဖွယ်ရာ သတ်မှတ်အရည်အချင်းပြည့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

**နိုင်ငံစုံ ဓာတ်အားကုန်သွယ်ရေး**
**(Multilateral Power Trade)**

စွမ်းအင်အရင်းအမြစ်များ အကျိုးရှိစွာ အသုံးပြုခြင်းနှင့် အရင်းအမြစ်များ မျှဝေသုံးစွဲခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်း စွမ်းအင်ဖူလုံရေး(regional energy security) စီမံဆောင်ရွက်လျက်ရှိရာ နှစ်နိုင်ငံ လျှပ်စစ်ဓာတ်အားရောင်းဝယ်ခြင်းမှသည် နိုင်ငံစုံ ဓာတ်အားကုန်သွယ်ရေးအထိ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် အာဆီယံနိုင်ငံများက ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါသည်။

ရေအားလျှပ်စစ်အရင်းအမြစ် ပေါကြွယ်ဝသည့် လာအိုနိုင်ငံက အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှား၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့သို့ လျှပ်စစ်ဓာတ်အားရောင်းချသကဲ့သို့ နွေရာသီတွင် တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ လျှပ်စစ်ဓာတ်အား ပြန်လည်ဝယ်ယူရခြင်းက ဒေသတွင်းနိုင်ငံများအကြား စွမ်းအင်အရင်းအမြစ်များ မျှဝေသုံးစွဲနိုင်ခြင်း ပြယုဂ်တစ်ခုပင်ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ် ဇွန်လမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ လာအိုနိုင်ငံက စင်ကာပူနိုင်ငံအထိ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၀၀ ကို ထိုင်းနိုင်ငံကို ဖြတ်သန်း၍ မလေးရှားနိုင်ငံမှတစ်ဆင့် ရောင်းချနိုင်ခဲ့သည်ကလည်း နိုင်ငံစုံဓာတ်အားကုန်သွယ်ရေးအတွက် အကောင်းဆုံး အတွေ့အကြုံကောင်းများကို ရရှိခဲ့ပါသည်။

**အနာဂတ်အလားအလာ**

အာဆီယံနိုင်ငံများအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သည်မှာ နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားရရှိရေးဖြစ်သဖြင့် အခြေခံအဆောက်အအုံဖြစ်သော လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ လူတိုင်းတတ်နိုင်သည့် ဈေးနှုန်းဖြင့်သုံးစွဲနိုင်သည့် ယုံကြည်စိတ်ချဖွယ် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးမှာ စီးပွားရေး တွက်ခြေကိုက်သော **"ရုပ်ကြွင်းဖြစ်လောင်စာများ အသုံးပြုခြင်း"** ဖြစ်သဖြင့် ထိုအရင်းအမြစ်များ သုံးစွဲခြင်းကို ရပ်တန့်၍ မရသကဲ့သို့ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းနှင့် ကမ္ဘာကြီးပူနွေးလာခြင်းကို ဟန့်တားကာကွယ်ရန် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ တိုးတက်သုံးစွဲမှုကိုလည်း ရည်မှန်းချက်ထား အလေးထားဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံနိုင်ငံများအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် စုစုပေါင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စက်တပ်ဆင်အင်အား၏ ၃၅ ရာခိုင်နှုန်းရရှိရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၃၃ ဒသမ ၇ ရာခိုင်နှုန်း ရရှိနေပါသည်။ မြန်မာနိုင်ငံတွင်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စက်တပ်ဆင်အင်အားမှာ မဂ္ဂါဝပ် ၂၄၀ အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဤသို့ဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အဆင့်မြင့်နည်းပညာလိုအပ်ချက်နှင့် ရင်းနှီးမြှုပ်နှံမှုစရိတ် မြင့်မားလှသော နေစွမ်းအင်၊ လေစွမ်းအင် စသည့် **"ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များသုံးစွဲခြင်း"**နှင့် စီးပွားရေးတွက်ခြေကိုက်သော **"ရုပ်ကြွင်းဖြစ်လောင်စာများ အသုံးပြုခြင်း"**တို့မှာ အာဆီယံနိုင်ငံများ၏ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဟန်ချက်ညီအကောင်အထည်ဖော်နိုင်ရေး စိန်ခေါ်မှုများဖြစ်သကဲ့သို့ နိုင်ငံအလိုက် အလေးထားဆောင်ရွက်လျက်ရှိသည့် စွမ်းအင်မူဝါဒဆိုင်ရာ ရေတို၊ ရေရှည် စီမံချက်များသည် လျှပ်စစ်ဓာတ်အားရရှိမှုနှင့် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများအပေါ် သက်ရောက်မှုများစွာရှိကြောင်း တွေ့ရှိရပါသည်။ ။

**ဇယား-၃-(က) ၁၀၀ ရာခိုင်နှုန်းမီးလင်းပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး တပ်ဆင်အင်အား( မဂ္ဂါဝပ်)(၂၀၂၂)**

| စွမ်းအင်အရင်းအမြစ် | ဘရူနိုင်းဒါရူဆလမ် | မလေးရှား | စင်ကာပူ | ထိုင်း | ဗီယက်နမ် |
|---|---|---|---|---|---|
| ရေအား | | ၆,၁၀၀ | | ၈,၅၈၀ | ၂၂,၄၉၂ |
| ဘူမိအပူ | | | | | |
| နေရောင်ခြည် | ၆ | ၁,၉၃၀ | ၅၁၆ | ၂,၉၀၉ | ၁၆,၃၆၄ |
| လေအား | | | | ၁,၅၀၄ | ၃,၉၈၇ |
| ဇီဝစွမ်းအင် | | ၇၂ | ၃၉၃ | ၂,၆၉၂ | ၁၉၃ |
| အခြား | | | | ၃၀၀ | |
| စုစုပေါင်း | ၆ | ၈,၁၀၂ | ၉၀၉ | ၁၅,၉၈၅ | ၄၃,၀၃၆ |
| ရာခိုင်နှုန်း | ၀.၄၅ | ၂၄.၄၅ | ၇.၃၆ | ၂၉.၉၆ | **၅၆.၈၈** |

**ဇယား-၃-(ခ) အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး တပ်ဆင်အင်အား မဂ္ဂါဝပ်(၂၀၂၂)**

| စွမ်းအင်အရင်းအမြစ် | ကမ္ဘောဒီးယား | အင်ဒိုနီးရှား | လာအို | မြန်မာ | ဖိလစ်ပိုင် |
|---|---|---|---|---|---|
| ရေအား | ၁,၃၃၂ | ၆,၆၈၉ | ၉,၀၄၀ | ၃,၂၆၂ | ၃,၇၇၅ |
| ဘူမိအပူ | | ၂,၃၆၀ | | | ၁,၉၅၂ |
| နေရောင်ခြည် | ၄၃၇ | ၂၇၂ | ၅၆ | ၁၈၁ | ၁,၅၄၀ |
| လေအား | | ၁၅၄ | | | ၄၄၃ |
| ဇီဝစွမ်းအင် | ၂၉ | ၃,၀၉၉ | ၄၃ | | ၆၁၁ |
| အခြား | | | | | |
| စုစုပေါင်း | ၁၇၉၈ | ၁၂,၅၇၄ | ၉,၁၃၉ | ၃,၄၄၃ | ၈,၃၂၁ |
| ရာခိုင်နှုန်း | ၅၁.၈၉ | ၁၅.၀၁ | **၈၂.၉၅** | ၄၇.၂၃ | ၂၈.၇၆ |

**ကိုးကားစာရင်း-**
ASEAN Member States – ASEAN Main Portal.
8th ASEAN Energy Outlook 2023 – 2050.
ASEAN POWER UPDATES 2023.
Roadmap for Multilateral Power Trade,2024
ASEAN Center for Energy
Lao PDR's Power Sector Development and Planning, 4th GMS Energy Transition Task Force Meeting December 10-12-2024, Jakarta, Indonesia

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Forming Nouns (နာမ်ဖွဲ့စည်းပုံ) များအကြောင်း လေ့ကျင့်ခန်းများနှင့်အတူ အသေးစိတ်ဆက်လက်ဖော်ပြပေးသွားပြီး အထူးသဖြင့် ဒီတစ်ပတ်မှာတော့ Gender (လိင်သဘာဝ) အကြောင်းကို သိမှတ်ဖွယ်ရာအဖြစ် တင်ဆက်ပေးလိုက်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about opinion-I (ထင်မြင်ယူဆချက်တွေကို ဘယ်လိုပြောမလဲ။) ကို ဆက်လက်ပြီး ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများတိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**Forming Nouns (နာမ်ဖွဲ့စည်းပုံ) အဆက်**

| | |
|---|---|
| 91. teach (v-သင်ကြားသည်) | teaching (n-သင်ကြားခြင်း) |
| 92. tell (v-ပြောသည်) | tale (n-ပုံပြင်) |
| 93. thick (adj-ထူသော) | thickness (n-အထူ) |
| 94. think (v- စဉ်းစားဆင်ခြင်သည်) | thought (n-အတွေး၊ စိတ်ကူး၊ ထင်မြင်ချက်) |
| 95. tight (adj-မြဲသော၊ ကျပ်သော) | tightness (n-တင်းတင်းကျပ်ကျပ်) |
| 96. true (adj-စစ်မှန်သော၊ မှန်ကန်သော) | truth (n-အမှန်တရား၊ စစ်မှန်ခြင်း) |
| 97. valuable (adj- တန်ဖိုးကြီးသော) | value (n-တန်ဖိုး) |
| 98. warm (adj- နွေးထွေးသော) | warmth (n-နွေးထွေးခြင်း) |
| 99. weak (adj-အားနည်းသော) | weakness (n-အားနည်းခြင်း) |
| 100. wed (v-လက်ထပ်သည်) | wedding (n-ထိမ်းမြားမင်္ဂလာ) |
| 101. weigh (v- အလေးချိန်ရှိသည်) | weight (n-အလေးချိန်) |
| 102. wide (adj-ကျယ်သော) | width (n-အနံ၊ ဖြက်) |
| 103. wise (adj- ဉာဏ်ပညာရှိသော) | wisdom (n-ဉာဏ်ပညာ) |
| 104. young (adj- ငယ်ရွယ်သော) | youth (n-လူငယ်၊ ငယ်ရွယ်နုပျိုခြင်း) |

**Exercise (1) Fill in the blanks with the nouns formed from the words in the brackets.**

e.g. We must pay ........... (attend) in class.
We must pay **attention** in class.

1. She is a woman of great ........... (beautiful).
2. ........... (honest) is the best policy.
3. The teacher gave me ........... (permit) to go out.
4. The ........... (deep) of this lake is fifty feet.
5. I could not get a ........... (sit) in the bus.
6. He is the only ........... (fail) in our class.
7. A scout must do a good ........... (do) every day.
8. Our headmaster gave a long ........... (speak) yesterday.
9. The naughty boys were punished for their bad ........... (behave).
10. What is the ........... (weigh) of the parcel?

**Exercise (2) Fill in the blanks with the correct noun form of the word in brackets.**

1. The goods that were on .................. (sell) were very expensive.
2. The two leaders signed a power .................. (share) deal.
3. His .................. (die) caught many people by surprise.
4. The judge had to ensure the .................. (safe) of the witness.
5. .................. (curious) killed the cat.
6. Her .................. (beautiful) overshadowed that of every other girl.
7. .................. (collect) stamps is Raymond's hobby.
8. My grandmother has had this.................. (sick) for many years.
9. We didn't make any profit; instead we incurred a big .................. (lose).
10. She lost her .................. (see) at the age of three after serious .................. (ill).

**Gender (လိင်သဘာဝ)**

Gender (လိင်) တွင် အမျိုးအစားလေးမျိုးရှိသည်။ Noun (နာမ်)တိုင်းသည် အဆိုပါ လေးမျိုးတွင် တစ် မျိုးမျိုးဖြင့် အကျုံးဝင်သည်။ လိင်ပေါ်မူတည်ပြီး Noun (နာမ်) များကို လေးမျိုး ခွဲနိုင်သည်။ ၎င်းတို့မှာ

(1) Masculine Gender (ပုလ္လိင်-အထီး(ဖို)သဘာဝရှိသောနာမ်)
ဥပမာ။ ။ boy, cock, man, bull

(2) Feminine Gender (ဣတ္ထိလိင်-အမ (မ) သဘာဝရှိသောနာမ်)
ဥပမာ။ ။ girl, hen, woman, cow

(3) Common Gender (အထီးအမနှစ်မျိုးလုံးနှင့်ဆိုင်သောနာမ်)
ဥပမာ။ ။ teachers, pupils, people, bird

(4) Neuter Gender (အထီး မဟုတ် အမ မဟုတ်-သက်မဲ့ပစ္စည်းနှင့် ဆိုင်သောနာမ်)တို့ ဖြစ်ကြသည်။
ဥပမာ။ ။ chair, table, book, kindness

အင်္ဂလိပ်စာလေ့လာသူများအတွက် အသုံးဝင်သော အထီး၊ အမလိင်အချို့ကို အောက်တွင် ဖော်ပြပေးလိုက်ပါသည်။ အောက်မှာ ဖော်ပြပေးလိုက်သည့် စကားလုံးများကို ကိုယ်တိုင်အဘိဓာန်ရှာကြည့်ရင်း ပိုမိုမှတ်မိကာ ဝေါဟာရများ တိုးပွားကြပါစေ။

| | Masculine<br>ပုလ္လိင်-အထီး(ဖို) | Feminine<br>ဣတ္ထိလိင်-အမ (မ) |
|---|---|---|
| | သဘာဝရှိသောနာမ် | သဘာဝရှိသောနာမ် |
| I. (1) | bachelor (လူပျို) | spinster (အပျိုကြီး) |
| (2) | beau (ချစ်သူ-အမျိုးသား) | belle (ချစ်သူအချောအလှ အမျိုးသမီး) |
| (3) | boar (ဝက်ထီး၊ ဝက်သိုး) | sow (ဝက်မ) |
| (4) | boy | girl |
| (5) | braveအမေရိကန် တိုင်းရင်းသားအမျိုးသား | (အမေရိကန်တိုင်းရင်းသားမိန်းမ) |
| (6) | brother | sister |
| (7) | bull (နွားထီး) | cow (နွားမ) |
| (8) | cock (ကြက်ဖ) | hen (ကြက်မ) |
| (9) | dog (ခွေးထီး) | bitch (ခွေးမ) |
| (10) | drake(ဘဲထီး) | duck (ဘဲမ) |
| (11) | drone (ပျားထီး) | bee (ပျားမ) |
| (12) | father | mother |

## VOCABULARY ENRICHMENT PROGRAMME

1. **to keep a person at arm's length = (ခပ်ကင်းကင်းနေသည်)**
They no longer trust her and are **keeping her at arm's length.**
သူတို့က သူ(မ)ကို ထပ်ပြီး အယုံအကြည်မရှိတော့တဲ့အတွက် သူ(မ)နဲ့ ခပ်ကင်းကင်းနေတယ်။
2. **like a bear with a sore head** (အလွန်စိတ်တိုသော၊ စိတ်ကသိကအောက်ဖြစ်သော)
Janet was **like a bear with a sore head** when she found out she had missed her flight.
သူ လေယာဉ်မမီလိုက်တဲ့အတွက် ဂျေနက် စိတ်ကသိကအောက်ဖြစ်ခဲ့တယ်။
3. **to beat about the bush (ဝေ့လည်ကြောင်ပတ်ပြောသည်။)**
Stop **beating about the bush** and tell us who won in the game.
ဝေ့လည်ကြောင်ပတ်ပြောတာရပ်လိုက်ပြီး ပြိုင်ပွဲမှာ ဘယ်သူနိုင်သွားလဲဆိုတာ ငါတို့ကို ပြောပြပါ။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### How to talk about opinion-I (ထင်မြင်ယူဆချက်တွေကို ဘယ်လိုပြောမလဲ။)

တစ်စုံတစ်ခုနဲ့ပတ်သက်ပြီး ကိုယ့်ရဲ့အမြင်ကို ပေးမယ်၊ ပြောမယ်ဆိုရင် ဘယ်လိုပေးရမလဲ၊ ဘယ်လိုပြောရမလဲဆိုတဲ့ အသုံးအနှုန်းတွေကို ဒီတစ်ပတ်မှာ တင်ပြပေးသွားမှာဖြစ်ပါတယ်။

*I think (that) …*
*Personally I think …*
*I feel that …*
*My feeling is that …*
*It seems to me that …*
*In my opinion …*

၁။ ကိုယ့်ရဲ့ကိုယ်ပိုင်အမြင်ကို ဖော်ပြပြောဆိုချင်တဲ့ အခါမှာ I think (that) … ဆိုတဲ့ စကားစုကို သုံးနိုင် ပါတယ်။ ဆိုလိုတာကတော့ "… ကျွန်တော်ထင်တာကတော့" ဆိုတဲ့အဓိပ္ပာယ်ပါ။ ဥပမာ-

- I think that the new school Principal is doing an excellent job.
- I think that is the most desirable part of the city to live.
- I think it does students a lot of good to take a gap year between school and university.

**ဘာသာစကားရှုထောင့်**
တစ်ခါတစ်ရံမှာ I think ရဲ့ရှေ့မှာ Personally ဆိုတဲ့ စကားလုံးကို ထည့်ပြီးပြောနိုင်ပါတယ်။ ကိုယ့်ရဲ့ ကိုယ်ပိုင်အမြင်ကို လေးလေးနက်နက် ဖော်ပြချင်တဲ့ အခါမှာ ဒီလိုမျိုးလေးထည့်ပြီး သုံးနိုင်ပါတယ်။ အဓိပ္ပာယ်ကတော့ "ကျွန်တော့်ရဲ့ ကိုယ်ပိုင်အမြင်ကတော့" ဆိုပြီး ဖြစ်ပါတယ်။ သို့သော်လည်း တစ်ခါတစ်ရံမှာတော့ ဒါက ဖန်တရာတေနေတဲ့ လက်သုံးစကားလဲဖြစ်ပါတယ်။ ဥပမာ-

- Quite a few people seem to think that George may be innocent. Personally I think he is guilty.
- Personally I think that these floods are the result of global warming.

၂။ နောက်တစ်ခါ ကိုယ့်ရဲ့ထင်မြင်ချက်ကို ဖော်ပြပြောဆိုချင်တဲ့အခါ I feel that ဆိုတဲ့ စကားစုကို သုံးပါတယ်။ ဒီ I feel that ဆိုတဲ့စကားစုဟာ I think that ဆိုတဲ့စကားစုနဲ့ အဓိပ္ပာယ်အတူတူပဲ ဖြစ်ပါတယ်။ ဥပမာ-

- I feel that young people are giving too much freedom these days.
- I feel that it's time I had a change of career.
- I feel that it's time we looked for a larger flat.

**ဘာသာစကားရှုထောင့်**
ကိုယ့်ရဲ့ ထင်မြင်ချက်ကို ဖော်ပြပြောဆိုတဲ့အခါမှာ my feeling is that … ကိုလည်း သုံးနိုင်ပါတယ်။ ဥပမာ-

- My feeling is that the children need more sleep.

၃။ ကိုယ့်ရဲ့အမြင်ကို ဖော်ပြပြောဆိုတဲ့နေရာမှာ သုံးနိုင်သေးတဲ့ နောက်ပုံစံတစ်မျိုးကတော့ it seems to me that … ပဲ ဖြစ်ပါတယ်။ "ကျွန်တော်ထင်တာကတော့…" ဆိုတဲ့သဘောပဲ ဖြစ်ပါတယ်။ ဥပမာ-

- It seems to me that food in this restaurant has deteriorated.
- It seems to me that Amy has changed a lot since I last met her.
- It seems to me that Tom should never have married Amy.

၄။ တစ်ခုခုနဲ့ပတ်သက်ပြီး ကိုယ့်ရဲ့ ထင်မြင်ယူဆချက်ကို ဖော်ပြပြောဆိုတဲ့နေရာမှာ အသုံးများတဲ့ နောက်ပုံစံတစ်မျိုးကတော့ in my opinion … ဆိုတာပဲ ဖြစ်ပါတယ်။ အဲဒါက I think … ဆိုတဲ့ အသုံးထက်ပိုပြီး ခမ်းနားပါတယ်။ ဥပမာ-

- In my opinion he was one of the most talented actors of his generation.
- In my opinion the changes to the town have been for the better.
- In my opinion very young children should be looked after by their parents rather than by maids.

**Traffic Congestion**

**Mr Brown:** I think the council should do something about the appalling traffic situation in this town.

**Mr Grant:** I agree. In fact, in my opinion they have to do something drastic right away.

**Mr Hill:** Personally I think they should ban cars from the city centre. The congestion there keeps getting worse and worse.

**Mr Grant:** It seems to me that that would be an excellent idea, but I feel that the council will never do that.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၂၈၉၅၄၄၆၂ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။



ဒူဘိုင်းတင်းနစ်ချန်ပီယံဆုဖလားကို နှစ်ကြိမ်မြောက် ဆွတ်ခူးခဲ့သည့် မက်ဗီဒက်ဗ်။

# ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲ မက်ဗီဒက်ဗ် ဗိုလ်စွဲ

နာမည်ကြီးရုရှားတင်းနစ် ကစားသမား ဒန်နီလ် မက်ဗီဒက်ဗ်သည် နယ်သာလန် တင်းနစ်အကျော်အမော် ဂရိတ်စပူး ဒဏ်ရာကြောင့် ဗိုလ်လုပွဲမှ နုတ်ထွက်သွားခဲ့သောကြောင့် ဒုတိယမြောက် ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ဂရိတ်စပူးသည် ဆီမီးဖိုင်နယ်တွင် ရုရှားတင်းနစ်ကစားသမား အန်ဒရီရူလက်ဗ်ကို အကြိတ်အနယ်ကစားပြီး ၇-၅၊ ၇-၆ (၈-၆) ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာသူ ဖြစ်သည်။ သို့သော်လည်း ကံမကောင်းစွာဖြင့် နောက်ဆုံးဗိုလ်လုပွဲတွင် ဒဏ်ရာကြောင့် ဆက်လက်ယှဉ်ပြိုင်ကစားနိုင်ခြင်းမရှိဘဲ နုတ်ထွက်ခဲ့ရခြင်း ဖြစ်သည်။

ကမ္ဘာ့အဆင့် (၁၁) ရှိ မက်ဗီဒက်ဗ်သည် ဒူဘိုင်းတင်းနစ် ချန်ပီယံရှစ်ပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ဆွစ်ဇာလန်တင်းနစ်ကစားသမား ဝေါရင်ကာ၊ ကွာတားဖိုင်နယ်တွင် အမေရိကန်တင်းနစ်ကစားသမား ဘရွတ်စဘီနှင့် ဆီမီးဖိုင်နယ်တွင် ကနေဒါတင်းနစ်ကစားသမား ဖီးလစ်အော်ဂါအလီယာဆီမီတို့ကို အဆင့်ဆင့်ကျော်ဖြတ်ကာ နောက်ဆုံး ဗိုလ်လုပွဲသို့ တက်လှမ်းလာသူ ဖြစ်သည်။

မက်ဗီဒက်ဗ်သည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ကာတာအိုးပင်းပြိုင်ပွဲတွင် ၁၆ ဦးအဆင့် အထိသာ တက်လှမ်းနိုင်ခဲ့သည်။

## ပရီမီယာလိဂ်ပွဲစဉ် (၂၉)

| ၄-၃-၂၀၂၆ | | ဗုဒ္ဓဟူးနေ့ |
|---|---|---|
| ဘွန်းမောက် | ဘရန့်ဖို့ဒ် | နံနက် ၂း၀၀ |
| အဲဗာတန် | ဘန်လေ | နံနက် ၂း၀၀ |
| လိဒ်စ် | ဆန်းဒါးလန်း | နံနက် ၂း၀၀ |
| ဝုဖ် | လီဗာပူး | နံနက် ၂း၄၅ |
| **၅-၃-၂၀၂၆** | | **ကြာသပတေးနေ့** |
| ဗီလာ | ချယ်ဆီး | နံနက် ၂း၀၀ |
| ဘရိုက်တန် | အာဆင်နယ် | နံနက် ၂း၀၀ |
| ဖူလ်ဟမ် | ဝက်စ်ဟမ်း | နံနက် ၂း၀၀ |
| မန်စီးတီး | နော်တင်ဟမ် | နံနက် ၂း၀၀ |
| ကာဆယ် | မန်ယူ | နံနက် ၂း၄၅ |
| **၆-၃-၂၀၂၆** | | **သောကြာနေ့** |
| စပါး | ပဲလေ့စ် | နံနက် ၂း၃၀ |

## လာလီဂါပွဲစဉ် - ၂၆

| ၃-၃-၂၀၂၆ | | အင်္ဂါနေ့ |
|---|---|---|
| ရီးရဲမက်ဒရစ် | ဂီတာဖေး | နံနက် ၂း၃၀ |

## စီးရီးအေ ပွဲစဉ် - ၂၇

| ၃-၃-၂၀၂၆ | | အင်္ဂါနေ့ |
|---|---|---|
| ပီဆာ | ဘိုလော့ဂ်နာ | နံနက် ၁၂း၀၀ |
| အူဒီးနိစ် | ဖီအိုရင်တီးနား | နံနက် ၂း၁၅ |

## အက်ဖ်အေဖလား စတုတ္ထအဆင့်

| ၄-၃-၂၀၂၆ | | ဗုဒ္ဓဟူးနေ့ |
|---|---|---|
| ပေါ့သ်မေ့ | ဘရစ္စတိုး | နံနက် ၂း၁၅ |

## ကိုပါဒယ်ရေး ဆီမီးဖိုင်နယ် ဒု-ကျော့

| ၄-၃-၂၀၂၆ | | ဗုဒ္ဓဟူးနေ့ |
|---|---|---|
| ဘာစီလိုနာ | အေတီမက် | နံနက် ၂း၃၀ |
| **၅-၃-၂၀၂၆** | | **ကြာသပတေးနေ့** |
| ဆိုစီဒက် | ဘီလ်ဘာအို | နံနက် ၂း၃၀ |

## ကိုပါအီတာလီယာဆီမီးဖိုင်နယ် ပ-ကျော့

| ၄-၃-၂၀၂၆ | | ဗုဒ္ဓဟူးနေ့ |
|---|---|---|
| ကိုမို | အင်တာ | နံနက် ၂း၃၀ |
| **၅-၃-၂၀၂၆** | | **ကြာသပတေးနေ့** |
| လာဇီယို | အတ္တလန္တာ | နံနက် ၂း၃၀ |

## လာလီဂါပွဲစဉ် - ၂၃ (ပွဲကျန်)

| ၅-၃-၂၀၂၆ | | ကြာသပတေးနေ့ |
|---|---|---|
| ဗယ်လက်ကာနို | အိုဗီဒို | နံနက် ၁၂း၃၀ |

# ဟယ်ရီကိန်း၏ ယခုနှစ် ရာသီပြိုင်ပွဲစုံ သွင်းဂိုး ၄၅ ဂိုးအထိရှိလာ



ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်ကစားသမား ဟယ်ရီကိန်းသည် မတ် ၁ ရက် နံနက်ပိုင်းက ဒေါ့မွန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သော ပွဲစဉ်တွင် အသင်းအတွက် နှစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ယခုနှစ်ရာသီပြိုင်ပွဲအရပ်ရပ်သွင်းဂိုးပေါင်း ၄၅ ဂိုးအထိ ရှိလာပြီ ဖြစ်သည်။ ကစားသမားဘဝ ကလပ်နှင့် နိုင်ငံအသင်းအတွက် သွင်းဂိုးပေါင်း ၅၀၀ ကျော်လွန်လာပြီဖြစ်သော ဟယ်ရီကိန်းသည် အဆိုပါ ပွဲစဉ်တွင် ၁၆ မိနစ်အတွင်း နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ၂၀၂၃-၂၀၂၄ ရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။ ၎င်းပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းအတွက် ဘွန်ဒက်စ်လီဂါ ၈၇ ပွဲတွင် သွင်းဂိုးပေါင်း ၉၂ ဂိုးအထိ ရှိလာပြီလည်းဖြစ်သည်။ ၎င်းသည် စပါးအသင်းအတွက်လည်း ပွဲပေါင်း ၄၃၅ ပွဲပါဝင်ကစားထားကာ သွင်းဂိုးပေါင်း ၂၈၀ အထိ သွင်းယူပေးထားသည်။

# ဘာကိုလာ၏ သွင်းဂိုးဖြင့် ပီအက်စ်ဂျီက လီဟာဗရီကို အနိုင်ယူပြီး အမှတ်ပေးဇယားကို လေးမှတ်ပြတ် ဦးဆောင်

ပြင်သစ်လီဂူးဝမ်းပွဲစဉ် (၂၄) အဖြစ် မတ် ၁ ရက် နံနက် ၂ နာရီ ၃၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် လီဟာဗရီနှင့် ပီအက်စ်ဂျီအသင်းပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက ဘာကိုလာ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိကာ အမှတ်ပေးဇယားကို လေးမှတ်ပြတ် ဦးဆောင်နိုင်ခဲ့သည်။

ကစားပုံမာကျောကျစ်လျစ်မှုရှိသည့် လီဟာဗရီအသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် ပီအက်စ်ဂျီအသင်း သွင်းဂိုးရရေး ခက်ခက်ခဲခဲရုန်းကန်ခဲ့ရသည်။ ပီအက်စ်ဂျီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၃၇ မိနစ်တွင် ဘာကိုလာက သွင်းယူပေးခဲ့သည်။

သွင်းဂိုးရရေး ကြိုးပမ်းလာသော လီဟာဗရီအသင်း၏ ကြိုးပမ်းအားထုတ်မှုများမှာ ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်စွမ်းမရှိသောကြောင့် အချည်းနှီးဖြစ်ခဲ့ရသည်။ ပွဲချိန် ၇၉ မိနစ်တွင် ပီအက်စ်ဂျီအသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့သော်လည်း ဒူရေးအဆုံးသတ်ကန်သွင်းမှု လွဲချော်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

ပီအက်စ်ဂျီအသင်းသည် ယခုအနိုင်ပွဲကြောင့် ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည့် လန်းစ်ကို လေးမှတ်အသာ ရမှတ် ၅၇ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် ရင်းနက်စ်က တူးလော့စ်ကို တစ်ဂိုး-ဂိုးမရှိ၊ မိုနာကိုက အိန်းဂျားကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး စထရာဘော့ဂ်နှင့် လန်းစ်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

- မန်ယူယာယီနည်းပြ မိုက်ကယ်ကာရစ်သည် နွေရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် အင်္ဂလန်ခံစစ်ကစားသမား ဟယ်ရီမက်ဂွိုင်းယား (၃၂ နှစ်) ကို သက်တမ်းတိုးစာချုပ် ကမ်းလှမ်းနိုင်ဖွယ်ရှိကြောင်း အရိပ်အမြွက်ပြောကြားထားသည်။
- ဖေဖော်ဝါရီ ၂၈ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃၅)တွင် နည်းပြလမ်းပတ်၏ ကိုဗင်ထရီက စတုတ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည့်အတွက် ပြတ်သားသောရလဒ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။
- အသက် ၂၈ နှစ်အရွယ် မန်ယူနှင့် အင်္ဂလန်တိုက်စစ်ကစားသမား မားကပ်ရက်ဖို့ဒ်သည် ဘာစီလိုနာအသင်းသို့ သုံးနှစ်စာချုပ်ဖြင့် အမြဲတမ်းပြောင်းရွှေ့ကစားရန် သဘောတူညီလိုက်ပြီ ဖြစ်သည်။
- ရီးရဲမက်ဒရစ်အသင်းသည် မန်စီးတီးအသင်းကွင်းလယ်ကစားသမား ရိုဒရီ (၂၉ နှစ်) ကို ခေါ်ယူရန် ဆန္ဒရှိနေသည်။ ရီးရဲမက်ဒရစ်အသင်းသည် အဆိုပါ ကစားသမားကို ခေါ်ယူရာတွင် ပြောင်းရွှေ့ကြေးပေါင် ၄၄ သန်းခန့် ကုန်ကျဖွယ်ရှိသည်။



# ပိုလန်တင်းနစ်မယ် ဖရန့်ချ် မက်ဒရစ်အိုးပင်းဗိုလ်လုပွဲတက်ရောက်

ယမန်နေ့က ယှဉ်ပြိုင်ကစားခဲ့သည့် မက်ဒရစ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ပိုလန်တင်းနစ်မယ် မက်ဂ်ဒါလီနာ ဖရန့်ချ်က တရုတ်တင်းနစ်မယ် ရှောင်ရှုဝေကို အကြိတ်အနယ်ယှဉ်ပြိုင်ကာ ၆-၂၊ ၆-၇ (၆-၈)၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။

နာမည်ကြီး တရုတ်တင်းနစ်မယ် ရှောင်ရှုဝေသည် ပြိုင်ပွဲတစ်လျှောက်တွင် လက်ချန်ကို၊ နာဗာရို၊ ကာဆင်ဆီဗာစသည့် နာမည်ကျော်တင်းနစ်မယ်များကို အဆင့်ဆင့်ကျော်ဖြတ်ကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သော်လည်း ပြိုင်ဘက်တင်းနစ်မယ် ဖရန့်ချ်ကို ရှုံးနိမ့်ခဲ့သည့်အတွက် ဗိုလ်လုပွဲတက်လှမ်းခွင့် လွဲချော်ခဲ့ပြီ ဖြစ်သည်။

မက်ဂ်ဒါလီနာ ဖရန့်ချ်သည် နောက်ဆုံးဗိုလ်လုပွဲတွင် စပိန်တင်းနစ်မယ် ခရစ္စတီးနား ဘူဆာနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ဘူဆာသည် ပြိုင်ပွဲတစ်လျှောက်တွင် ဗီကစ်၊ စတာကူဆစ်၊ ဆွန်မက်ဇ်တို့ကို ကျော်ဖြတ်ကာ ဆီမီးဖိုင်နယ် တက်လှမ်းလာသူ ဖြစ်သည်။ ဆီမီးဖိုင်နယ်တွင်လည်း နာမည်ကြီး အီတလီတင်းနစ်မယ် ပါအိုလီနီကို ထပ်မံအနိုင်ယူကျော်ဖြတ်ကာ နောက်ဆုံးဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့သူ ဖြစ်သည်။

## ဘွန်ဒက်စ်လီဂါ ဂိုးအများဆုံးသွင်းယူထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဟယ်ရီကိန်း | ဘိုင်ယန်မြူးနစ် | ၃၀ |
| ဒီယက်ဇ် | ဘိုင်ယန်မြူးနစ် | ၁၃ |
| အွန်ဒက်ဗ် | စတုဂတ် | ၁၃ |

■ မိုးဇက်-စုစည်းရေးသားသည်

## ၂၀၂၆ ခုနှစ် မတ်လ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မတ်လ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မတ်လ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၁၂ ရက်မှ ၁၈ ရက်ခန့်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ခြောက်ရက်မှ ၁၁ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် တစ်ရက်မှ ငါးရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၆ ခုနှစ် မတ်လအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် တစ်ပေမှ သုံးပေခန့်နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်နှင့် သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## ၂၀၂၆ ခုနှစ် မတ်လ ပထမ (၁၀) ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ကချင်ပြည်နယ်တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**နေ့အပူချိန်**

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မတ်လပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့် အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မတ်လ ပျမ်းမျှ အပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နှစ်ရက်မှ လေးရက်ခန့်နှင့် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တစ်ရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် သုံးလက်မခန့်နှင့် မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် သုံးလက်မခန့်စီနှင့် ပုသိမ်မြို့တွင် တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးလက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးလက်မခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် သုံးလက်မခန့်နှင့် သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## ခွေးရူးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုးကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံး ကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ် (၁)ကြိမ် ပုံမှန်ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ် မှ ခွေးလေ၊ ခွေးလွှင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက် ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ် (သို့မဟုတ်) ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟု သံသယရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး ဆက်သွယ် အကြောင်းကြားရန်၊

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**



## တတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မုံရွာ မတ် ၁**

တတိယအကြိမ် တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် လုပ်ငန်းအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ဦးစွာ တတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက တက်ရောက်လာသော ကော်မတီကိုးခု၏ ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် စေတနာထားပြီး ပူးပေါင်းဆောင်ရွက်ပေးကြရန် အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး လွှတ်တော်အကြီးအမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သူရက လုပ်ငန်းများ အောင်မြင်စွာပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို အသေးစိတ်ဆွေးနွေးတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ စိစစ်ရေးကော်မတီ၊ တည်းခိုရေးနှင့် ဧည့်ရိပ်သာ နေရာချထားရေးကော်မတီ၊ လုံခြုံရေးကော်မတီ၊ ကျန်းမာရေးကော်မတီ၊ ဆက်သွယ်ရေးကော်မတီ၊ ပြန်ကြားရေးကော်မတီ၊ သယ်ယူပို့ဆောင်ရေးကော်မတီ စသည့် ကော်မတီ ကိုးခု၏ ကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများအား ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် မန္တလေးဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

**မန္တလေး မတ် ၁**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လှမြင့်သည် တရားလွှတ်တော်တရားသူကြီး ဦးစောမျိုးမျိုး၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးခင်မောင်မြင့်၊ ရုံးအဖွဲ့မှူး ဒေါ်သီတာစိုး၊ မဟာအောင်မြေခရိုင် တရားသူကြီး ဒေါ်အေးမွန်စမ်း၊ အောင်မြေသာစံခရိုင် တရားသူကြီး ဒေါ်တင်သန်းနှင့်အောင်မြေသာစံမြို့နယ် တရားသူကြီး ဒေါ်မြတ်သဇင်နိုင်နှင့်အတူ ဖေဖော်ဝါရီ ၂၆ ရက်က မန္တလေးဗဟိုအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးကြသည်။

တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့သည် အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်း၊ အကျဉ်းထောင်တာဝန်ခံ အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်မောင်တို့နှင့်အတူ မန္တလေးဗဟိုအကျဉ်းထောင်ရှိ အကျဉ်းသူ အကျဉ်းသား၊ အချုပ်တရားခံများ ဥပဒေပါ အခွင့်အရေးများ ရရှိခြင်းရှိ မရှိ၊ ပြစ်ဒဏ်ကျခံနေသည့် ကလေးသူငယ် အကျဉ်းသားများရှိ မရှိ စစ်ဆေးကြည့်ရှုသည့်အပြင် အကျဉ်းသူ အကျဉ်းသားများနှင့် အချုပ် တရားခံများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အမျိုးသမီးများ၏ လုံခြုံမှုနှင့် ကာကွယ်စောင့်ရှောက်မှု၊ မိခင်နှင့်ကလေး စောင့်ရှောက်မှု၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု မေးမြန်းပြီး ကြန့်ကြာနေသော အချုပ်တရားခံအမှုများနှင့် ထောင်အယူခံတင်သွင်းမှုအခြေအနေ၊ အချုပ်တရားခံအမှုများကို မြန်ဆန်စွာစစ်ဆေးပြီးပြတ်နိုင်ရေးရှင်းလင်းပြောကြားပြီး အချုပ်တရားခံများနှင့် အကျဉ်းကျတရားခံများနေထိုင်သည့်အဆောင်များ၊ အကျဉ်းထောင်အတွင်းရှိ သီးသန့်တရားရုံး များ၊ စားရိပ်သာအဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**






## လက်ပံတန်းမြို့မဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**လက်ပံတန်း မတ် ၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် ဈေးသူ ဈေးသားများ မီးဘေးကြိုတင်ကာကွယ်ရေး အသိသတိရှိကြစေရန် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက လက်တွေ့လုပ်ဆောင်နိုင်စေရန်ရည်ရွယ်၍ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့မစည်ပင်သာယာဈေး၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးလင်းကျော်က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးအတွင်း အပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ၊ မီးသတ်ဆေးဘူးများ၊ ရေလှောင်ကန်များတွင် ရေများအဆင်သင့်ရှိစေရေး၊ အသေးစားမီးသတ်စက်များအဆင်သင့် စီမံဆောင်ရွက်ထားရှိစေရေး၊ လျှပ်စစ်မီးသွယ်တန်းထားရှိမှုများ စနစ်တကျရှိစေရေးနှင့် ဈေးသူဈေးသားများက မီးဘေးကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန်အချက်များကို အသိပညာပေး ကွင်းဆင်းစစ်ဆေးပြီး မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်းပြသ၍ ရေစိုဝတ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းနှင့် ရေဖြင့်မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

**မီးဘေးရှောင် မလောင်ခင်တား**

## ဆီဆိုင်မြို့နယ်ရှိ ကျေးရွာခုနစ်ရွာ၌ VRFP စီမံကိန်းရန်ပုံငွေကျပ်သိန်းပေါင်း ၂၀၈၇ သိန်း ထုတ်ချေးပြီးစီး

**ဆီဆိုင် မတ် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေ (VRFP) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မွေတော်ကျေးရွာ၊ ဘန့်ပလန်ကျေးရွာ၊ ထမ့်ယမ်း(တ) ကျေးရွာ၊ ကောင်ထိုကျေးရွာ၊ လွယ်ခရယ်(ကျောင်းနား)ကျေးရွာ၊ ဒုံကုံး (နောင်ထော်) ကျေးရွာနှင့် ပုံးလောင်းကျေးရွာ စုစုပေါင်း ကျေးရွာ ခုနစ်ရွာ၌ ရန်ပုံငွေကျပ်သိန်းပေါင်း ၂၀၈၇ သိန်းကို ယနေ့နံနက်ပိုင်းက ထုတ်ချေးပြီးစီးပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဝင်ကျေးရွာများသို့ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သိန်းနွဲ့ဦးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာများအရောက် ကွင်းဆင်း၍ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း ၃၈၂ ဦးတို့ကို စီမံကိန်းရန်ပုံငွေကျပ် ၂၀၈၇ သိန်း ထုတ်ချေးပေးသည်။



ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ရန်နှင့် တိုးပွားလာသော အတိုးရငွေများဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကျေးရွာမတည်ရန်ပုံငွေ (VRFP) စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**

## နွေစပါးစိုက်ပျိုး တောင်သူများအား မင်းရဲရေလှောင်တမံမှ စိုက်ပျိုးရေများ ဖြန့်ဝေ

**တောင်ငူ မတ် ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း ဒေသခံတောင်သူများ နွေစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဒီဇင်ဘာ ၁၅ ရက်မှ စတင်ပြီး မင်းရဲ



ရေလှောင်တမံမှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိကြောင်း တောင်ငူခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

တောင်ငူခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးအနေဖြင့် နွေစပါးအချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစေရေးအတွက် နှစ်စဉ် အုတ်တွင်းမြို့နယ် မင်းရဲရေလှောင်တမံမှ ဆည်ရေများကို တူးမြောင်းမကြီးနှင့် လက်တံမြောင်းတို့မှတစ်ဆင့် ဖြန့်ဝေဆောင်ရွက်ပေးရာ တောင်သူများစိုက်ပျိုးရေ လုံလောက်စွာရရှိသဖြင့် နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ အဆင်ပြေလျက်ရှိသည်။

ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် မင်းရဲရေလှောင်တမံမှ ဆည်ရေဖြင့် အုတ်တွင်းမြို့နယ်၌ နွေစပါး ၅၇၇ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

## ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ ဘုရားဖူးပြည်သူများ စည်ကား



**ဇလွန် မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ရှစ်ရက်ကြာ ကျင်းပလျက်ရှိသည့် မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော်တွင်အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးလာပြည်သူများ ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူပူဇော်သူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများဖြင့် ယနေ့နံနက်ပိုင်းတွင် စည်ကားလျက်ရှိသည်။

ဇလွန်မြို့တွင် ကိန်းဝပ်စံပယ်တော်မူသော မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးသည်သက်တော်ထင်ရှားမြတ်စွာဘုရားကိုယ်တိုင် ရင်ငွေ့တော်ပေးအပ်ခဲ့သည့် သမိုင်းဝင်တန်ခိုးကြီးဘုရားတစ်ဆူ ဖြစ်သည်နှင့်အညီ ဘုရားကြီး၏ တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော်တွင် ဘုရားဖူးလာရောက်ကြသူများ၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ ကပ်လှူပူဇော်ခြင်းစသည့် ကုသိုလ်ပြုမှုများဖြင့် အထူးစည်ကားလျက်ရှိပြီး ဘုရားကြီး၏ တပေါင်းလဗုဒ္ဓပူဇနိယပွဲတော်အား မတ် ၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝေယံ-ဇလွန်(ပြန်/ဆက်)**

## မဟာအောင်မြေမြို့နယ်၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး မတ် ၁**

မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးဌာနက ရွှေဘုန်းရှိန်ရပ်ကွက်အတွင်းရှိ ဘုရားကြီးဈေးအား မီးဘေးလုံခြုံရေးအတွက် မတ် ၁ရက်က ကွင်းဆင်းစစ်ဆေးသည်။



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်အတွင်းရှိ ဘုရားကြီးဈေးအား မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးညွန့်ဝင်းအောင် ဦးဆောင်၍ သန္ဓေ ငါးဦး၊ အရန်တပ်ဖွဲ့ဝင် ၁၀ ဦး စုစုပေါင်း ၁၅ ဦး မြို့နယ်လျှပ်စစ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များပူးပေါင်း၍ မီးဘေးသတိပေး ပိုစတာစိုက်ထူခြင်း၊ စစ်ဆေးခြင်း၊ အကြံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဟိန္ဒူဘာသာဝင်များ၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် ဟိုလီပွဲတော် ကျင်းပ

**ရန်ကုန် မတ် ၁**

ရောင်စုံပွဲတော်ဟူ၍ လူသိများသော ဟိုလီပွဲတော်ကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ အင်းလျားကန်ဟိုတယ် မြက်ခင်းပြင်၌ကျင်းပရာ အိန္ဒိယနွယ်ဖွားများနှင့် ပြည်သူများ စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

အဆိုပါပွဲတော်ကို India-Myanmar Association နှင့် မြန်မာ - အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာ - အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ သီရိပျံချီ ဦးဇော်ဇော်နိုင်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ဟိန္ဒူဘာသာကိုးကွယ်သူများ၏ အထင်ကရပွဲတော်(ရောင်စုံပွဲတော်)သည် နွေဦးရာသီရောက်ရှိခြင်းကို ကြိုဆိုသည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ရောင်စုံမှုန့်များ ပက်ဖျန်းကာ ပျော်ရွှင်စွာကျင်းပသည့် ဟိန္ဒူရိုးရာပွဲတော်ဖြစ်သည်။

SIOEN myanmar ကုမ္ပဏီ ဒါရိုက်တာ Mr.Manoj Bhardwaj က"ဟိုလီပွဲတော်က မြန်မာနိုင်ငံရဲ့ သင်္ကြန်ပွဲတော်နဲ့လည်း ဆင်တူတယ်။ မိမိတို့ရဲ့ဘာသာမှာလည်း ဒီလိုသင်္ကြန်နဲ့ ဆင်တူတဲ့ပွဲတော်မျိုးရှိတယ်ဆိုတာ သိစေချင်တာရယ်၊ မြန်မာနဲ့ အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးပိုမိုခိုင်မာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ကျင်းပခဲ့တာ အခုနှစ်ဆိုရင် ၁၀ နှစ်ကျော်ရှိပါပြီ" ဟု ပြောသည်။

အဆိုပါပွဲတော်သို့ပါဝင်ဆင်နွှဲကြသူများက ရောင်စုံမှုန့်များ၊ ရေများဖြင့် တစ်ဦးကိုတစ်ဦး ပက်ဖျန်းကြပြီး ကခုန်ပျော်ရွှင်စွာ ကစားကြသည်။ ယင်းပွဲတော်ကို နှစ်စဉ်မတ်လအတွင်း ကျင်းပလေ့ရှိကြောင်း သိရသည်။ **သတင်းစဉ်**

တွံတေးမြို့ မြို့မဈေး၌ မီးလောင်မှုများမဖြစ်ပွားစေရေးနှင့် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်နိုင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများပူးပေါင်းကာ ဈေးသူ ဈေးသားများအား အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြခြင်းများကို ဖေဖော်ဝါရီ ၂၈ ရက်ကဆောင်ရွက်စဉ်။ မျိုးလှိုင်(တွံတေး)



# လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်ဥပဒေပုဒ်မ ၇၂ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ယင်းဥပဒေ ပုဒ်မ ၄၁ နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများကို အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၂၆) ကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။

၂။ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas – LNG)သုံး ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို တိုက်ရိုက်လိုင်းဖြင့် ဓာတ်အားပေးနိုင်သည့် စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များအတွင်းရှိ အိမ်သုံးမဟုတ်သည့်နှုန်းထားဖြင့် ကောက်ခံနေသော လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံ ဓာတ်အားလိုင်းနှင့် ဓာတ်အားစနစ်ပြတ်တောက်မှု(Line Fault and System Breakdown)မှအပ ဓာတ်အားဖြတ်တောက်မှု (Load Shed) မပြုလုပ်ဘဲ ၂၄ နာရီ သီးခြားဓာတ်အားပေးမည်ဖြစ်ပြီး၊ အဆိုပါ ဓာတ်အားအတွက် ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ကောက်ခံသွားမည်ဖြစ်ကြောင်း သတ်မှတ်လိုက်သည်။

၃။ စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု/စီးပွားရေးလုပ်ငန်းများက အထက်အပိုဒ်(၂)ပါအတိုင်း ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့တင်ပြလာပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၄။ သို့ရာတွင် လက်ရှိဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနှင့် ဓာတ်အားလိုင်းများမှ ဓာတ်အားသယ်ဆောင်နိုင်နင်းမှုအပေါ် မူတည်၍ ပုံမှန်ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိသော အများပြည်သူနှင့် စက်မှု/စီးပွားရေးလုပ်ငန်းများကို လက်ရှိကောက်ခံလျက်ရှိသော ဓာတ်အားခနှုန်း (အိမ်သုံးအမျိုးအစားနှင့် အိမ်သုံးမဟုတ်သည့်အမျိုးအစားနှစ်ရပ်၏ အလွှာအလိုက် သတ်မှတ်နှုန်း) ဖြင့် ပြင်ဆင်ပြောင်းလဲမှုမရှိဘဲ ဆက်လက်ကောက်ခံသွားမည်ဖြစ်ပါသည်။

၅။ ဓာတ်အားသုံးစွဲသူအမျိုးအစားအလိုက် ကောက်ခံမည့်ဓာတ်အားခနှုန်းထား သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ဓာတ်အားသုံးစွဲသူအမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | သုံးစွဲယူနစ်အလွှာ | ကျပ် |
| (က) | **အိမ်သုံးအမျိုးအစား**<br>[နေအိမ်သုံး၊ အိမ်သုံးပါဝါ၊ တစ်လုံးတစ်ခဲတည်း (အိမ်သုံး)၊ စီးပွားရေးလုပ်ငန်းမပါသော ဘာသာ/သာသနာအဆောက်အအုံ]<br>**မှတ်ချက်။ လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။** | ၁ မှ ၅၀ ယူနစ်အထိ | ၅၀ |
| | | ၅၁ မှ ၁၀၀ ယူနစ်အထိ | ၁၀၀ |
| | | ၁၀၁ မှ ၂၀၀ ယူနစ်အထိ | ၁၅၀ |
| | | ၂၀၁ ယူနစ်နှင့် အထက် | ၃၀၀ |
| (ခ) | **အိမ်သုံးမဟုတ်သည့်အမျိုးအစား**<br>[စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ တစ်လုံးတစ်ခဲတည်း၊ ယာယီသုံး၊ လမ်းမီး၊ အစိုးရရုံး ဌာနအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်း၊ စည်ပင်သာယာရုံး ဌာန/လုပ်ငန်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ]<br>**မှတ်ချက်။**<br>**(၁) လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။**<br>**(၂) ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားဖြန့်ဖြူးမှု နိုင်နင်းခြင်းမရှိလျှင် ဓာတ်အားဖြတ်တောက် မှု( Load Shed) ရှိနိုင်ပါသည်။**<br>**(၃) စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု/ စီးပွားရေးလုပ်ငန်းများက ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့ တင်ပြလာပါက ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။** | ၁ မှ ၅,၀၀၀ ယူနစ်အထိ | ၂၅၀ |
| | | ၅,၀၀၁ မှ ၂၀,၀၀၀ ယူနစ်အထိ | ၄၀၀ |
| | | ၂၀,၀၀၁ယူနစ်နှင့်အထက် | ၅၀၀ |
| (ဂ) | သီးခြားတိုက်ရိုက်လိုင်းဖြင့် ဓာတ်အားရယူထားပြီး ဓာတ်အားဖြတ်တောက်မှု မရှိဘဲ ၂၄ နာရီ ဓာတ်အားရရှိသော စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်နှင့် စက်မှု/စီးပွားရေးလုပ်ငန်းများ အမျိုးအစား | ၁ ယူနစ်နှင့်အထက် | ၉၀၀ |

၆။ ဤလျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်းသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car) ၊ Compact Air Quality Monitoring Station- (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$) ၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter ခြောက်မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ ရှေးသတ္တုတူးဖော်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များနှင့် ရေယာဉ်ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရွှေဘိုမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် စစ်ကိုင်းမြို့နယ် တကောင်းရပ်ကွက်ပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ တရားမဝင် ရှေးသတ္တုတူးဖော်ရာတွင်အသုံးပြုသည့် မုံအိုး ၁၅ လုံးအပါအဝင် ဆက်စပ်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၉၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၃၉၀၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၃ ရက်တို့တွင် မြိတ်မြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ၄ ဒသမ ၈၄၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ကော့သောင်းမြို့နယ်၊ ထားဝယ်မြို့နယ်နှင့် မြိတ်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လေးစီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၄၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် တောင်ငူမြို့နယ်၊ ပန်းတောင်းမြို့နယ်၊ ပဲခူးမြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၅၇၆ တန်၊ သစ်မာ ၁၂ ဒသမ ၇၃၈ တန်၊ အခြားသစ် ၂ ဒသမ ၇၀၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၇၀၉၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၂၀ ရက်တို့တွင် အောင်မြေသာစံမြို့နယ် အမရဌာနီအနောက်ရပ်ကွက်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် ၄၅ ပေါင်ဝင် မီးသွေးအိတ် ၉၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၀၀၀)နှင့် အဆိုပါ မီးသွေးများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း၊ တံတားဦးမြို့နယ် BOC ဆီဆိုင်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် အခြားသစ် ၀ ဒသမ ၆၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၅၀၈၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Toyota Toyoace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၇၅၃၀၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် မော်လမြိုင်မြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၅ ရက်တို့တွင် အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက် ကံထူးဆိပ်ကမ်း၌ ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၃၁၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ကြယ်စင်လမင်း-၇ ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မရမ်းကုန်းမြို့နယ်နှင့် သန်လျင်မြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၈၄၆ တန်၊ အခြားသစ် ၀ ဒသမ ၇၁၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၀၆၈) နှင့် လိုင်စင်ရှိ သစ်တင်မော်တော်ယာဉ် I Zone Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုသစ်တောဥပဒေအရလည်းကောင်း၊ သာကေတမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်နှင့် ဒလမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ရန်ကုန်–ပုသိမ်ကားလမ်းမကြီးအနီး၌ ၃၆ ပေါင်ဝင် မီးသွေး ၆၅ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၄၀၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၉၈၁၁၄၆၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်၊ ၁၉ ရက်၊ ၂၀ ရက်၊ ၂၂ ရက်၊ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၇၃၆၅၅၀၈)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**



မော်ဘီမြို့နယ် မြို့မဈေးကြီးရှိ ဆိုင်ခန်းပိုင်ရှင်များ၊ ဝန်ထမ်းများအား မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂၇ ရက်က ဆောင်ရွက်ကြစဉ်။ ကောင်းမြတ်သူ(မော်ဘီ)



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်း ဦးဆောင်သည့်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂၈ ရက်က မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ရေနံသိုလှောင်ကန်များအား မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ မြို့နယ် (ပြန်/ဆက်)



ဆင်ပေါင်ဝဲမြို့ မီးသတ်တပ်ဖွဲ့ဝင်များက ချောင်းကောက်ကျေးရွာ တက္ကသိုလ်ဝင် စာဖြေဌာနအနီးပတ်ဝန်းကျင်နေအိမ်များအား စာမေးပွဲကာလအတွင်း မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး တစ်အိမ်တက်ဆင်းစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၈ ရက်က မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးဆန်းဝင်း ဦးဆောင်မှုဖြင့် ဒုတိယဦးစီးမှူး ဦးသန့်စင်ဖြိုးနှင့် တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးအသိပညာပေး ဟောပြောစဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁) ရပ်ကွက်၊အကွက်အမှတ် (တ-၇/ဈ)၊ ဦးပိုင်အမှတ်(၈)၊ ၇၀(အေ)လမ်း၊ ၁၀၁(ဘီ)x ၁၀၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်သန်း ၅/မရန(နိုင်)၀၃၈၁၁၂ က အမှုတွဲအမှတ် (၅၄၄၈/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၃၀၄-က+၃၀၆)၊ ခဝဲလမ်းပေါ်၊ သနပ်ခါးလမ်းနှင့် စိန်ပန်းလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဒေါ်စန်းစန်းအောင် ၉/ခအဇ(နိုင်)၀၀၁၅၄၄၊ ဒေါ်နီနီအောင် ၉/ခအဇ(နိုင်)၀၀၁၅၄၅ တို့က အမှုတွဲအမှတ် (၅၄၄၇/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ငယ်တိုးရပ်ကွက်၊ အကွက်အမှတ်(၆၁၆/၄)၊ ဦးပိုင်အမှတ်(၈၈+၈၉)အတွင်းမှ (၈၈+၈၉) ခဲစင်း၊ မဂ္ဂင်လမ်းသွယ်၊ ရွာလမ်းရှိ မြေကွက်တွင် အစဉ်တစ်စိုက်နေထိုင်သူ ဦးမြင့်မြတ်အောင် ၅/ယမပ(နိုင်)၁၁၂၅၀၂ က အမှုတွဲအမှတ်(၅၄၆၁/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း (တောင်) ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၄၇)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော၊ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံ၏ မြေညီ(ခြေရင်းခန်း) အကျယ်အဝန်း (၁၂ပေခွဲ x ၅၀ပေ)ရှိ ရေမီးစုံ တိုက်ခန်း (၁) ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဖြိုးလဲ့ရည် (၅/တမန(နိုင်) ၀၄၇၁၂၅) ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ညီညီသန်း (၁၂/ရပသ (နိုင်) ၀၄၄၂၆၇)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ညီညီသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သင်းသင်းခိုင် (LL.B, D.B.L, D.M.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၈၆၇)
အမှတ်(၄)မြေညီ၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၄၀၁၄၉

## ဖခင်အမည်မှန်

မြောင်းမြမြို့နယ်၊ အထက(ရေကျော်) ကျောင်းတွင် ၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ်၌ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် မောင်ခန့်လင်းထွဋ် ၁၄/မမန(နိုင်)၃၄၄၄၂၉ ၏ ဖခင်အမည်မှန်မှာ ဦးပိုင်ကိုဝင်း ၁၄/မမန(နိုင်)၁၇၉၇၃၄ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ချင်းပြည်နယ်၊ တီးတိန်ခရိုင်၊ တီးတိန်မြို့နယ်၊ လိုင်လွီးကျေးရွာနေ (ဘ)ဦးကမ်းကိမ်းထန်၏ သမီးဖြစ်သူ မထန်ဆန်းနွမ်း (ခ) မထန်စန်းနွမ်း ၄/တတန(နိုင်)၀၉၉၁၉၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မထန်ဆန်းနွမ်း(ခ)မထန်စန်းနွမ်း**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးဇော်မင်းဦး ၏သမီး ကျွန်မ မခင်မြတ်နိုးဦး ၁၂/ဒဂရ(နိုင်)၀၂၀၄၃၆ ၏ နိုင်ငံကူးလက်မှတ် (MH-724923) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၆၁၅၄၈၀၂

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၆၊ ယုဇနရပ်)၊ ဦးပိုင်အမှတ်(၂၅/၁)၊ မြေဧရိယာ (၀.၀၆၈)ဧကရှိ မြေကွက်သည် မူလကဦးအင်ဘူနော်ထွဲအမည်ဖြင့် (၃၀-၆-၂၀၂၀) ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူဦးအင်ဘူနော်ထွဲမှာ (၂၈-၁၂-၁၉၉၉) ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ၎င်း၏ဇနီးဖြစ်သူ ဒေါ်လဂန်လုမှ (၁၆-၇-၂၀၂၅) ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၂၉၁/၂၀၂၅) အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်လဂန်လု ထံမှ ဦးရှုရွှယ်က(၁၁-၈-၂၀၂၅)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၃၀၁/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါဦးရှုရွှယ်၊၁/မကန(နိုင်)၀၀၁၉၄၇အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၀)၊ မြေကွက်အမှတ် (၇၇)၊ဟုခေါ်တွင်သော မြေအလျားxအနံ ပေ(၄၀x၆၀)ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ညိုညိုကြည်(၁၂/လသန(နိုင်)၀၂၀၄၇၄) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မိုးမိုးမြင့်(၁၂/သလန(နိုင်)၁၂၂၀၈၀) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းဝင်း(၁၂/ကတန(နိုင်)၀၄၆၃၃၇)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးဝင်းသူရဇော် (LL.B) | ဒေါ်ယမင်းထွေး (LL.B) | ဦးရဲသီဟ (LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉- ၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇၁)၊ မြေကွက်အမှတ်(၁၃၀) တပင်ရွှေထီးလမ်း၊ မြေအကျယ်အဝန်း ပေ (၅၀ x ၁၀၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့်အခွန်ဌာနတို့တွင် ဒေါ်စန်းစန်းဝင်း ၁၂/သကတ(နိုင်)၁၆၈၄၄၃ အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ ဒေါ်ကြည်ကြည်ဝင်း ၁၂/သကတ(နိုင်) ၀၀၉၁၁၃မှ မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်း၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစိုးနိုင် ၇/ဖမန (ပြု)၀၁၂၅၃၇ မှဝယ်ယူရန်သဘောတူညီသည့်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းအရောင်းအဝယ်ပြုလုပ်လုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကိုဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဒေါ်တင်မိုးခိုင် LL.B (စဉ်-၄၂၁၆၉) | ဒေါ်ခင်စန္ဒာထွန်း LL.B (စဉ်-၅၁၃၆၀) |
|---|---|
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(၁၂၁၂/ခ) တိုးချဲ့ (၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဖုန်း-၀၉-၇၉၇၁၆၃၈၆၅၊ ၀၉-၇၉၅၃၈၆၄၄၇

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆-ဈေ)၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ ခြံအမှတ် (၇/က)၊ မြေကွက်အမှတ် (၁၁၄-ဂျီ/ဘီ)၊ အကျယ်အဝန်း (၀.၁၀၇)ဧကရှိ (၁) ဦးဝေလွင်သန်း (၁၂/ဗဟန (နိုင်) ၀၄၈၆၀၁)၊ (၂) ဦးမျိုးထွန်း (၁၂/ဗဟန (နိုင်) ၀၄၇၇၀၆) နှင့် (၃) ဒေါ်ခင်မျိုးမြင့် (၁၂/လမန (နိုင်) ၁၀၆၈၁၇)တို့အမည်ပေါက် မြေပိုင်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် အမှတ်စဉ် (၁) ဦးဝေလွင်သန်း ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ချိုချိုခင် (၁၂/တမန (နိုင်) ၀၉၇၀၉၈) နှင့် ကျန်အမည်ပေါက် (၂)ဦးတို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးပိုင်လင်းခန့်မောင် (၁၂/ကမရ (နိုင်) ၀၆၈၂၉၅)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးစင်မောင်ဦး | ဒေါ်လင်းလင်းထက် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

# တောင်ကြီးမြို့နယ် ဆူးပုတ်ကွေ့ကျေးရွာ၌ ရှုရှားနေကြာစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

တောင်ကြီး မတ် ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျောက်နီကျေးရွာအုပ်စု ဆူးပုတ်ကွေ့ကျေးရွာရှိ သိန်းဇေထွန်း လယ်ယာနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ ဆောင်းနေကြာရုရှားမျိုး စိုက်ပျိုးထားမှုများကို ဖေဖော်ဝါရီ ၂၈ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

### လမ်းညွှန်မှာကြား

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက သက်တန့်ရောင်စီမံကိန်း ရုရှားနေကြာမျိုး စိုက်ပျိုးထားရှိသည့် အသင်းသားများအား အပင်၏ အသက်ရက်အလိုက် ကျွေးရမည့်အစာအာဟာရများ အချိုးကျ အချိန်ကိုက်ကျွေးရန်၊ ပိုးမွှားရောဂါ မကျရောက်စေရေးလိုအပ်သည်များကြိုတင်ဆောင်ရွက်ရန်၊ ရာသီကုန်ချိန်တွင် သတ်မှတ်အထွက်



နှုန်းရရှိရေး ကြပ်မတ်ဆောင်ရွက်သွားကြရန် နှင့် အသင်းမှ လိုအပ်လျက်ရှိသော ငွေကြေး၊ အရင်းအနှီး၊ နည်းပညာများ ရရှိစေရေးအတွက် သက်ဆိုင်ရာ စိုက်ပျိုးရေးနည်းပညာရှင်များ၊ မြို့နယ်သမဝါယမအသင်းစုများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(သ/မ)

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1D/5470, Toyota Hilux RZN 185, S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်လင်း ၅/ရဘန(နိုင်)၁၅၀၅၆၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

**(၈၄)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၆ ခုနှစ် မတ် လ (၁) ရက်နေ့**

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဈ - ၈၁၈၉၅၇

ကံထူးရှင်(၁)ဦး

## အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ

ဈ - ၄၅၂၁၄၈　ည - ၅၇၆၉၂၁

ကံထူးရှင်(၂)ဦး

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ

ဠ - ၅၁၉၉၁၇　ဆ - ၆၉၆၃၉၃

ည - ၆၈၇၇၅၀

ကံထူးရှင်(၃)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

| | | | |
|---|---|---|---|
| ခ - | ၁၃၈၃၁၅ | ဃ - | ၅၈၁၂၃၄ |
| က - | ၂၅၅၀၂၇ | ဋ - | ၆၀၅၂၅၈ |
| ဃ - | ၄၃၄၆၀၈ | ည - | ၇၆၇၄၇၃ |
| ဃ - | ၄၅၂၅၂၄ | ဈ - | ၇၇၇၈၆၉ |
| က - | ၅၀၄၇၅၃ | ဠ - | ၉၃၃၄၀၅ |

ကံထူးရှင်(၁၀)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဂ - | ၁၄၂၇၀၅ | ဈ - | ၄၄၈၉၁၇ | ဓ - | ၅၅၂၁၇၅ |
| ခ - | ၁၇၂၁၅၂ | စ - | ၄၆၁၈၀၀ | ဃ - | ၇၀၇၁၆၂ |
| ဃ - | ၂၅၇၆၃၃ | ည - | ၄၆၄၆၆၀ | က - | ၈၇၁၂၀၁ |
| ခ - | ၃၀၁၆၇၈ | ဌ - | ၅၁၄၅၂၃ | ဂ - | ၉၁၁၇၃၃ |

ကံထူးရှင်(၁၂)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဂ - | ၁၄၅၀၆၇ | က - | ၇၀၂၃၄၈ | ည - | ၈၃၇၀၀၈ |
| ဈ - | ၃၆၀၉၃၂ | ဌ - | ၇၄၀၇၉၈ | စ - | ၈၄၅၇၃၃ |
| ဋ - | ၅၁၉၅၆၉ | ဠ - | ၇၇၇၅၅၃ | စ - | ၈၉၁၂၄၀ |
| စ - | ၅၆၁၉၃၃ | က - | ၈၀၄၈၆၇ | ဂ - | ၉၄၁၈၇၁ |
| ဋ - | ၆၃၂၉၉၁ | ဆ - | ၈၃၃၅၁၉ | | |

ကံထူးရှင်(၁၄)ဦး

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | | | |
|---|---|---|---|
| ဈ - | ၁၉၁၀၄၄ | က - | ၅၈၂၉၀၁ |
| ဈ - | ၃၁၄၅၁၂ | ဃ - | ၅၉၅၅၆၃ |
| ဠ - | ၃၂၀၄၄၈ | ဈ - | ၆၃၉၉၀၆ |
| ဓ - | ၄၀၃၂၁၉ | ဃ - | ၆၆၀၃၀၀ |
| ည - | ၄၂၂၂၃၆ | င - | ၇၀၃၆၂၂ |
| ဂ - | ၄၂၂၉၀၉ | ဈ - | ၇၀၃၆၂၅ |
| ဂ - | ၄၅၂၉၁၈ | ဃ - | ၉၂၇၈၇၂ |
| ဌ - | ၅၀၅၅၂၈ | ဃ - | ၉၄၄၁၀၇ |

ကံထူးရှင်(၁၆)ဦး

## ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဃ- | ၁၆၆၅၇၃ | က- | ၄၁၀၉၂၈ | ဂ - | ၆၂၁၈၈၄ |
| ဆ- | ၂၀၁၄၉၀ | င - | ၄၇၂၃၃၈ | ဆ- | ၆၆၅၅၁၅ |
| ဓ - | ၂၄၉၈၈၀ | ဓ - | ၄၉၅၅၇၂ | ဈ - | ၇၀၂၄၈၅ |
| ဓ - | ၂၇၀၆၉၁ | ဆ- | ၅၁၃၀၀၆ | ဠ - | ၇၅၀၈၄၉ |
| င - | ၂၇၅၀၅၈ | ဃ- | ၅၃၇၃၂၈ | ဈ - | ၇၇၀၈၂၉ |
| ည- | ၂၇၆၈၀၆ | ဃ- | ၅၆၂၀၁၇ | က- | ၈၆၆၆၉၈ |
| ဃ- | ၂၉၂၁၂၉ | ဆ- | ၅၆၈၅၁၅ | ဌ - | ၉၃၈၁၈၃ |
| က- | ၃၇၉၃၁၆ | | | | |

ကံထူးရှင်(၂၂)ဦး

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ဋ - | ၁၀၁၈၈၃ | ဓ - | ၇၂၀၃၂၄ |
| ဠ - | ၂၅၃၃၇၁ | ဃ - | ၇၂၁၈၂၁ |
| က - | ၃၀၇၁၆၂ | ဈ - | ၇၂၄၄၀၇ |
| ဠ - | ၃၃၃၅၈၁ | ဌ - | ၇၃၅၉၅၂ |
| ဂ - | ၄၀၈၀၃၉ | ခ - | ၇၈၅၇၉၂ |
| ဠ - | ၄၄၉၇၃၆ | ဃ - | ၈၀၂၄၇၃ |
| င - | ၅၄၅၄၆၇ | ဈ - | ၈၀၈၉၃၀ |
| ည - | ၆၁၂၆၃၄ | ဌ - | ၈၀၉၀၂၃ |
| ဆ - | ၆၂၁၉၃၈ | ဋ - | ၈၆၅၃၄၄ |
| ဆ - | ၆၂၆၄၀၃ | ဂ - | ၉၃၂၄၉၃ |
| ဈ - | ၆၅၃၆၂၂ | စ - | ၉၃၈၇၁၀ |
| ည - | ၆၆၂၆၄၅ | ဃ - | ၉၄၁၈၁၇ |
| ဠ - | ၆၆၃၃၀၂ | ဈ - | ၉၅၀၁၂၈ |
| ဂ - | ၇၁၄၅၄၉ | | |

ကံထူးရှင်(၂၇)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၅)ယူနစ်

| | | | |
|---|---|---|---|
| က - | ၄၂၃၂၆ | ဃ - | ၇၇၃၅၃ |
| ဠ - | ၅၄၀၃၆ | ဋ - | ၉၂၅၁၄ |
| ဈ - | ၆၄၆၂၁ | | |

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၅၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၁၀)ယူနစ်

| | | | | | |
|---|---|---|---|---|---|
| ဈ - | ၂၀၈၃ | ည - | ၅၁၆၇ | ဠ - | ၇၈၇၁ |
| က - | ၂၈၅၅ | ဆ - | ၅၄၉၉ | စ - | ၈၁၂၁ |
| ဂ - | ၃၆၂၈ | စ - | ၇၃၃၁ | ဠ - | ၉၉၁၀ |
| ဋ - | ၄၃၀၄ | | | | |

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၀၀၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁၀)ယူနစ်

| | | | | | |
|---|---|---|---|---|---|
| ဃ - | ၂၀၇ | ဋ - | ၃၉၈ | ဋ - | ၅၄၄ |
| ဃ - | ၂၄၀ | င - | ၄၄၉ | ဓ - | ၆၇၀ |
| ဋ - | ၂၈၀ | ဂ - | ၄၇၁ | ခ - | ၇၆၆ |
| ဈ - | ၃၀၆ | | | | |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၁၀၀၀၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၆)ယူနစ်

ဠ - ၁၃　ဆ - ၃၇　စ - ၃၅　ဠ - ၆၇　ည - ၆၉　ဓ - ၇၆

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၆၀၀၀၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်

ခ - ၂

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၁၀၀၀၀၀)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | | | |
|---|---|---|---|
| ည - | ၂၅၁၀၃၅ | ဋ - | ၄၀၁၄၆၃ |
| ဋ - | ၂၇၀၂၄၃ | က - | ၇၈၅၆၂၀ |

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

ဂ - ၇၀၆၇၅　စ - ၇၄၃၁၄

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

ဠ - ၆၄၈၂　ဋ - ၉၉၂၃

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

ဈ - ၂၂၄　စ - ၂၇၇

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၆ ခုနှစ်၊ မတ် လ (၁)ရက်နေ့တွင် ကျင်းပသည့် (၈၄)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ ( ၁၇၃၃၈၁ ) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် ( ၁၇၃၃၈၁ ) ဦး ဖြစ်ပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ ဧပြီ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၈၅)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဎ) အက္ခရာထိ အက္ခရာ (၁၄)လုံး ဖြစ်ပါသည်။

၃။ (၈၄)မြောက်ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၃ - ၃ - ၂၀၂၆ ) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၁၂ -၃- ၂၀၂၆ ) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာ ဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြ၍ ထုတ်ယူနိုင်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## Social Vision Microfinance Co., Ltd တွင် အလုပ်အမှုဆောင် ဒါရိုက်တာတစ်ဦး နုတ်ထွက်ခြင်း

Social Vision Microfinance Co., Ltd တွင် ယခင်အလုပ်အမှုဆောင်ဒါရိုက်တာ (၅) ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ယခုအလုပ်အမှုဆောင်ဒါရိုက်တာ ဦးကျော်နိုင်ထွန်းမှ နုတ်ထွက်သွားပါသဖြင့် အစည်းအဝေးဆုံးဖြတ်ချက်အရ အလုပ်အမှုဆောင် ဒါရိုက်တာ (၄) ဦးဖြင့် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းထားပါသည်။

| ယခင် အလုပ်အမှုဆောင်ဒါရိုက်တာ | ယခု အလုပ်အမှုဆောင်ဒါရိုက်တာ |
|---|---|
| ၁။ ဒေါ်ခင်သက်မော် | ၁။ ဒေါ်ခင်သက်မော် |
| ၂။ ဒေါ်ရီရီဝင်း | ၂။ ဒေါ်ရီရီဝင်း |
| ၃။ ဒေါ်ခင်ကျော့စံ | ၃။ ဒေါ်ခင်ကျော့စံ |
| ၄။ ဦးမျိုးမင်းဇော် | ၄။ ဦးမျိုးမင်းဇော် |
| ၅။ ဦးကျော်နိုင်ထွန်း | |

**စီမံခန့်ခွဲမှုကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/4034 Toyota Crown GRS182 Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီခိုင် ၉/ပမန(နိုင်)၀၂၅၆၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (အိတ်ဖွင့်လေလံရောင်းချခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် နှစ်ကာလကြာမြင့်၍ ချို့ယွင်းပျက်စီးနေသော အသုံးပြု၍မရတော့သည့် 33 kV နှင့် 11 kV Panel ပုံးခွံအဟောင်းများအား မြန်မာကျပ်ငွေဖြင့်အိတ်ဖွင့်လေလံတင်ရောင်းချလိုပါသည်။

၂။ လေလံပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၃.၃.၂၀၂၆)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

